

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

မျက်နှာဖုံးဒီဇိုင်း
ဖေသစ်တည်
ထုတ်ဝေသူ
ဦးပြည့်လင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း။
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ရီ-၀၂၀၁၂
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၄၀၀-ကျပ်
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
ဒီဇင်ဘာလ၊ ၂၀၁၂

[redacted]

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

[redacted]

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

[redacted]

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

[redacted]

- စိုက်ပျိုးရေးကို ဗိုလ်ပြု ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီးခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

[redacted]

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

[redacted]



# တံခွန်တိုင် စာအုပ်တိုက်

အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်
ဖုန်း – ၀၁ ၃၉၄၆၅၀ / ၀၉ ၇၃၀၆၉၂၂/ ၀၉ ၄၂

www.burmeseclassic.com



BURMESE CLASSIC

အချစ်ကဗျာတွေကို ငါရေးခဲ့ပေမယ့်

နှင့်အကြင်နာနွေးနွေးကြောင့် ...

အချစ်ကဗျာတွေက ငါ့ကိုရေးရေးသွားတဲ့အခါ

အလွမ်းတွေယူလာရင် အဝေးကိုပို့

ငါက အနမ်းတွေပုဆာမလို့ ...



www.burmeseclassic.com

www.burmeseclassic.com





## ဇာတ်ခန်း – ၁

ရှိစီမြင့်အောင်ဆိုတာကို လူကုံထံအသိုင်းအဝိုင်းမှာ မသိတဲ့သူရှားတယ်။ အဲဒီလို ရှားရလောက်အောင်လည်း သူမမှာက လူတွေသတိထားမိလောက်စရာ အချက်တွေ အများကြီးရှိနေခဲ့တာလေ။

မြန်မာနိုင်ငံရဲ့ အချမ်းသာအကြွယ်ဝဆုံး ထိပ်သီးသူဌေးဆယ်ယောက်မှာ သူမရဲ့အဖေ ဦးမြင့်အောင်က နံပါတ်တစ်နေရာမှာ ရှိနေခဲ့တာ။ သူမရဲ့အမေ ဒေါ်မာမာသင်းကလည်း မြန်မာနိုင်ငံရဲ့ မြို့ကြီး အတော်များများမှာ 'ရွှေကမ္ဘာ' ဆိုတဲ့ စိန်ရွှေရတနာဆိုင်ကြီးတွေကို အောင်မြင်စွာဖွင့်လှစ်ထားနိုင်တာတွေက သူတို့ရဲ့ တစ်ဦးတည်းသောသမီးဖြစ်တဲ့ ရှိစီမြင့်အောင်ကို လူအများရဲ့ စိတ်ဝင်စားမှုကို ရရှိစေတယ်။ ပြီးတော့ သူမကိုယ်တိုင်ကလည်း ကြွေရုပ်လေးတစ်ရုပ်လို ချောမောလှပတာ၊ မာနအလွန်ကြီးတာတွေ၊ ဘယ်သူ့ကိုမှ လူမထင်ဘူးဆိုတဲ့ ဒီဇိုင်းနဲ့ ဘဝင်မြင့်မောက်မာတာတွေက သူမကို လူစိတ်ဝင်စားအောင်တိုးစေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့်တော့ သူမရဲ့ ဘဝင်မြင့်မောက်မာမှုတွေက သူမ ကိုလူတွေပိုပြီး သတိထားမိစေတာပါ။ ကောင်းသောအကြောင်းအရာနဲ့ လူတွေချစ်လို့ လူသိများတာမဟုတ်ဘဲ လူတွေမျက်မုန်းကျိုး နှာခေါင်း ရှုံ့ချင်စရာနဲ့ လူသိများတာ ဆိုပေမယ့် ဘာပဲဖြစ်ဖြစ် သူမကို ဘယ်သူမှ သတိထားမစောင့်ကြည့်ဘဲ မနေနိုင် လောက်အောင်ဖြစ်စေတာတော့ အမှန်ပါပဲ။ ဒီလိုဖြစ်ရလောက်အောင် ဘယ်လောက်အထိ သူမ မောက်မာသလဲဆိုတာကို ဥပမာတွေနဲ့ ပြောပြပါ့မယ်. . .။

ဒီလိုပါ. . .။

BURMESE CLASSIC





၅

မနက်ကိုးနာရီလောက်အချိန်မှာ ရှိစီမြင့်အောင် အိပ်ရာက နိုးလာခဲ့တယ်။ နောက်တော့ ရေချိုးခန်းထဲဝင်ကာ မျက်နှာသစ်တယ်။ ပြီးတော့ သွားတိုက်ဖို့အတွက် သူမရဲ့ အထွေထွေမန်နေဂျာက သွားတိုက်ဆေး အဆင်သင့် ထည့်ပေးထားတဲ့ သွားတိုက်တံကို ယူတိုက်လိုက်တယ်။ အဲဒီလိုတိုက်နေရင်းကနေ သူမရဲ့ ပါးစပ်ထဲမှာ သွားတိုက်တံမှာပါတဲ့ အမွေးတစ်ချောင်းက ကျွတ်သွားတယ်။ ဒီမှာတင်ပဲ ရှိစီမြင့်အောင်က ပါးစပ်ထဲကအမြှုပ်တွေကို ဘေစင်ထဲထွေးချလိုက်ကာ သွားတိုက်တံကို သေချာကြည့်လိုက်ပြီးနောက်. . .

"အိမ်တော်ထိန်း. . ."

လို့ တစ်ခွန်းတည်း အော်လိုက်တယ်ဆိုရင်ပဲ အသက်လေးဆယ်ခန့်ရှိ တဲ့ အမျိုးသမီးတစ်ယောက်က သူမရဲ့ ပိတ်ထားတဲ့ရေချိုးခန်းတံခါးရှေ့မှာ လာရပ်ရင်း. . .

"အမိန့်ရှိပါမမလေး. . ."

ဆိုတော့ သူမက ရေချိုးခန်းထဲကနေ တစ်ခွန်းပဲပြောလိုက်တယ်။

"အဝယ်တော်ကို အလုပ်ဖြုတ်လိုက်တော့. . ."

www.burmeseclassic.com

www.burmeseclassic.com



ရှုစီမြင့်အောင်က ထမင်းစားပွဲမှာထိုင်ကာ ထမင်းစားနေတယ်။ ဒီလိုစားနေရင်းနဲ့ ပါးစပ်ထဲမှာ မာဆတ်ဆတ်အရာတစ်ခုကို ဝါးလိုက်မိတယ်။ ဒါနဲ့သူမက ပါးစပ်ထဲမှာ ဝါးနေတဲ့ထမင်းကို နံဘေးမှာချထားတဲ့ ပန်းကန်အလွတ်တစ်ခုထဲကို ပြန်ထွေးထည့်ကာ အကြောင်းရင်းကိုစစ်ဆေးတော့ သူမဝါးလိုက်မိတာက အခွံမကျွတ်သေးတဲ့ စပါးလုံးတစ်လုံး။

"အိမ်တော်ထိန်း. . ."

သူမရဲ့ခေါ်သံအဆုံး ဘေးနားမှာရပ်နေတဲ့ အိမ်တော်ထိန်းက ဦးတစ်ချက်ညွတ်လိုက်ကာဆိုတယ်။

"အမိန့်ရှိပါ မမလေး. . ."

"အခုချန့်ထားတဲ့ စားဖိုမှူးကို အလုပ်ထုတ်လိုက်တော့"





ရှုစီမြင့်အောင်က Shopping Mall တစ်ခုမှာ သူမရဲ့ မန်နေဂျာရယ်၊ ဘော်ဒီဂတ်သုံးယောက်ရယ်နဲ့ ဈေးလျှောက်ဝယ်ရင်း တစ်နေရာအရောက်မှာတော့ သူမဘာသာဟန်ချက်ပျက်ကာ ခြေခေါက်လဲတော့တယ်။ သူမလဲကျသွားပုံက ရုတ်တရက်ကြီးဆိုတော့ ဘယ်သူမှ မထိန်းလိုက်နိုင်ဘူး။ ပြီးတော့ သူမလဲကျသွားပုံကလည်း ကားကားကြီးဆိုတော့ ဘော်ဒီဂတ်တစ်ယောက်က သတိလက်လွတ်ဖြစ်ပြီး တဟားဟား အော်ရယ်လိုက်မိတယ်။

ဒီမှာတင်ပဲ သူမက အဲဒီဘော်ဒီဂတ်ကို မခိုးမခန့် ပြန်ပြုံးပြလိုက်ကာ ဘော်ဒီဂတ်ရဲ့ ခါးမှာအပ်ထားတဲ့ အမှတ်စဉ်ကို ဖတ်လိုက်ပြီးနောက် အိမ်တော်ထိန်းဆီကို ဖုန်းခေါ်လိုက်တယ်။ ဖုန်းက တစ်ချက်သာ မြည်လိုက်ပြီး တစ်ဖက်ကဖုန်း ပြန်ထူးသံထွက်လာတယ်။

"ဟုတ်ကဲ့. . . အမိန့်ရှိပါ မမလေး"

"ဘော်ဒီဂတ် နံပါတ်သုံးကို အလုပ်ထုတ်"



www.burmeseclassic.com

www.burmeseclassic.com



မှိုစိမြင့်အောင်က မွေးနေ့ပွဲတစ်ခုကိုသွားဖို့အတွက် အိမ်ထဲက ထွက်လာပြီး ကားနားကိုအရောက်မှာတော့ မနေ့က ဒရိုင်ဘာ ဟောင်းကို အလုပ်ဖြုတ်ထားတာမို့ ဒီနေ့မှအသစ်ခန့်ထားတဲ့ ဒရိုင်ဘာကို တစ်ချက်ကြည့်လိုက်တယ်။ ဒါပေမယ့် ဘာမှတော့မပြော။ သူမရဲ့ မန်နေဂျာအမျိုးသမီးက သူမကို တံခါးဖွင့်ပေးတော့ သူမက ကားထဲကို ဝင်ထိုင်လိုက်တယ်။ သူမရဲ့ မန်နေဂျာအမျိုးသမီးကလည်း ကားရှေ့ခန်းထဲမှာ ဝင်ထိုင်လိုက်ပြီးနောက် ကားကစထွက်တယ်။


ဒရိုင်ဘာလေးကလည်း ကားကိုပုံမှန်ပဲမောင်းလာခဲ့တယ်။ ဒီလိုနဲ့. . . တစ်နေရာအရောက်မှာတော့ သူမတို့ကားဘေးကနေ ယောက်ျားလေးတွေ အများကြီးပါတဲ့ အမိုးဖွင့်ပြိုင်ကားတစ်စီးက ကပ်မောင်းဖြတ်ကျော်တက်သွားကာ သူမတို့ ကားကို. . .

"ဟေး. . . လိပ်ကလေး. . . လိပ်ကလေး. . ."

ဆိုပြီး အော်ဟစ်လှောင်ပြောင်သွားကြတယ်။ ဒီတော့သူမက စိတ်တိုသွားရကာ တပ်ထားတဲ့နေကာမျက်မှန်ကို နဖူးပေါ် ပင့်တင်လိုက်ရင်း ဒရိုင်ဘာထိုင်နေတဲ့ထိုင်ခုံကို ဘုန်းခနဲထုလိုက်ပြီးနောက် . . .

"ပြောသွားတာ ကြားတယ်မဟုတ်လား . . . အဲဒီကားကို မီအောင်ပြန်လိုက်ပြီး ပြန်ကျော်တက်. . ."





## သနုဖီးငွေထွေ့ပူးဆောမလို

"ဟုတ်. . . ဟုတ်ကဲ့ခင်ဗျာ."

ဒရိုင်ဘာလေးက သူမခိုင်းသလို ရှေ့ကကားကို မီအောင်ပြန်လိုက်တယ်။ ဒါပေမယ့် သူမတို့ကားက ရှေ့ကကားကို မီဖို့နေနေသာသာ ရှေ့ကကားနဲ့ တဖြည်းဖြည်း ပိုပိုပြီးတော့သာ ဝေးလာခဲ့တယ်။ ဒီမှာတင်ပဲ သူမရဲ့ဒေါသက ယမ်းပုံမီးကျဖြစ်သွားကာ. . .

"တောက် ! အသုံးကို မကျဘူး၊ ရပ်စမ်း ကားကို အခု"

ဆိုတော့ ဒရိုင်ဘာလေးက ရုတ်တရက် မကြားလိုက်ဟန်နဲ့ . . .

"ဗျာ"

"ကားရပ်လို့ပြောနေတာ၊ . နားမပါဘူးလား. . . နားလေးနေလား . . ဟမ်"

သူမရဲ့ ကုန်းအော်သံကြောင့် ဒရိုင်ဘာလေးက ဘာလုပ်ရမှန်းမသိ ပျာယာခတ်သွားကာ သူ့ဘေးကပါလာတဲ့မန်နေဂျာအမျိုးသမီးကို ကြည့်လိုက်မိတော့ မန်နေဂျာမကလည်း မျက်နှာရိပ်မျက်နှာကဲနဲ့ ကားကိုရပ်လိုက်ဖို့ပြောတယ်။ ဒါနဲ့ ဒရိုင်ဘာလေးက ကားကိုလမ်းဘေးတစ်နေရာမှာ ရပ်လိုက်တယ်ဆိုရင်ပဲ သူမက ကားနောက်ခန်းထဲကနေ ဝုန်းဒိုင်းကျဲဆင်းလာကာ ကားရှေ့ခန်းထဲမှာ ထိုင်နေတဲ့ ဒရိုင်ဘာလေးတို ကားအောက် ဂုတ်ကနေကိုင်ပြီး ဆွဲချတယ်။

ပြီးနောက် ကားမောင်းသူနေရာမှာ ဝင်ထိုင်လိုက်ကာ ကားစက်နှိုးပြီး လီဗာကို သုံးလေးချက်လောက် ခပ်မြင်းမြင်း ဆောင့်နင်းပစ်လိုက်တော့ ဒရိုင်ဘာလေးက ကားနောက်ခန်းထဲကို ဝင်ထိုင်လိုက်ကာ ပျာပျာသလဲပြောတယ်။

"မ. . . မမလေး. . . ကျွန်တော် မောင်းမယ်လေ. . . ကျွန်တော် မီအောင်လိုက်"

ဒရိုင်ဘာလေးရဲ့ စကားတောင်မဆုံးလိုက်။ ကားထဲ လေထု



www.burmeseclassic.com

ထိုထိုခွဲပြီး ဝှစ်ခနဲပြေးထွက်တယ်။ သူမရဲ့ဦးတည်ရာက အတော်ဝေး ဝေး ရောက်သွားပြီဖြစ်တဲ့ မြိုင်ကားလေးနောက်ကို။

သူမက ကားတွေကို တစ်စီးပြီးတစ်စီး ကျော်တက်ကာ ရှေ့က ကားကို မီအောင်လိုက်တယ်။ ဒီတော့ နောက်ခန်းထဲက ဒရိုင်ဘာ လေးက ခြေထောက်နဲ့ ရှေ့ကခုံကိုကန်ပြီး ကျားကန်ထားရသလို ကားခေါင်းထဲက မန်နေဂျာမကလည်း ရသမျှ သိသမျှ ဘုရားစာတွေ ကိုရွတ်ရင်း. . .

"မမလေး. . . ကား. . . ကားကိုဖြေးဖြေးမောင်းပါမမလေးရ ယ်. . . အန် . . . အန္တရာယ်ရှိတယ်. . . မမလေး. . ."

ရှိစီမြင့်အောင်က မန်နေဂျာမရဲ့စကားကို ဖုတ်လေတဲ့ငါးပိ ရှိလေတယ်လို့တောင်မထင်ဘဲ မြို့တွင်းသတ်မှတ်ထားတဲ့ မိုင်တွေ ထက်တောင် ကျော်လွန်ပြီးတော့မောင်းတယ်။ ဒီတော့ သိပ်မကြာ လိုက်တဲ့ အချိန်အတွင်းမှာပဲ သူမကားက အမိုးဖွင့်မြိုင်ကားနဲ့ ရှေ့ နောက်ကပ်လိုက်လာနိုင်ခဲ့သလို သူမကားနောက်မှာလည်း အချက်ပြ မီး တဝီဝီနဲ့ ရဲကားတစ်စီးက ပါလာတယ်။

နောက်တော့ သူမက ရှေ့ကကားကို ကျော်တက်လိုက်ပြီး နောက် အဲဒီကားရဲ့ရှေ့မှာ သူမကားကို ရုတ်တရက် ဗိတ်ပြီးရပ်ချ လိုက်တော့ သူမကားနောက်ခန်းထဲမှာပါလာတဲ့ ဒရိုင်ဘာလေးက အရှိန်မထိန်းနိုင်တော့ဘဲ ခေါင်းခန်းထဲကို ဟပ်ထိုးပြုတ်ကျလာသလို ဘေးက မန်နေဂျာမကလည်း ဝေါခနဲအန်ချလိုက်တယ်။ နောက်ကား ပေါ်မှာပါလာတဲ့ သကောင့်သားတွေခမျာလည်း အလန့်တကြားနဲ့ အော်ဟစ်ဆူညံကာ ပွက်လောရိုက်သွားပြီး သူတို့ကားက သူမကား နောက်ပိုင်းကို နမ်းလုနမ်းခင်လေးမှာ ဘရိတ်ကို ရုတ်တရက် ဆောင့် နင်းလိုက်ရတော့ ကားတာယာနဲ့ ကတ္တရာလမ်း ပွတ်တိုက်သံကြီးက "တွီ. . ." ခနဲ အကျယ်ကြီးထွက်လာတယ်။ ရှေ့ဆင့်နောက်ဆင့်ဆို





သလိုပဲ ရဲကားကလည်း မလှမ်းမကမ်းမှာရပ်သွားကာ ကားပေါ်က ယာဉ်ထိန်းရဲတစ်ယောက်ဆင်းလာတယ်။

သူမကတော့ ဘာမှမဖြစ်သလို မျက်နှာထားနဲ့ ကားပေါ်ကနေ ခပ်တည်တည်ပဲ ဆင်းလာလိုက်ကာ သူမရဲ့ အိမ်တော်ထိန်းဆီကို ဖုန်းခေါ်လိုက်တယ်။ တစ်ဖက်က ဖုန်းပြန်ထူးသံအဆုံးမှာတော့ သူမ ပြောလိုက်တာက. . .

"အခုခန့်ထားတဲ့ ဒရိုင်ဘာကိုလည်း အလုပ်ဖြုတ်လိုက် တော့. . ."

နောက်တော့ သူမက ယာဉ်ထိန်းရဲကို ခပ်တည်တည်ပဲ ရင်ဆိုင်လိုက်တယ်။ ကားပေါ်က သကောင့်သားတွေကတော့ အီး. . အား. . နဲ့အော်လို့. . .။



www.burmeseclassic.com

ရှိစီမြင့်အောင်ရဲ့ မိဘတွေက သူတို့အလုပ်တွေနဲ့သူတို့ တစ်နေ့တစ်နေ့ မအားလပ်အောင် အလုပ်တွေရှုပ်နေခဲ့တာဆိုတော့ သူတို့သမီးကို စိတ်ချရတဲ့အိမ် တော်ထိန်းအမျိုးသမီးကြီးနဲ့ အပ်ထားတာ အလုပ်သမားတွေ တပုံတပင်ကြီးနဲ့ လိုတိုင်းတ, တတိုင်းရတဲ့ ဘုရင့်သမီးတော်တစ်ပါးလို ထားပေးထားတာလေ။ သူတို့သမီးရဲ့ ဘဝင်မြင့်မောက်မာမှုတွေကို ကြားမိမြင်မိပေမယ့် တစ်ဦးတည်းသော သမီးလေးမို့ စိတ်ချမ်းသာပါစေလေဆိုပြီး ဘာမှမပြောခဲ့ကြဘူး။

ဒါပေမယ့် တစ်နေ့မှာတော့ . . .။





ဇေပေါ်ဒဒ၉ — ၂

ရှိစီမြင့်အောင်ရဲ့အမေ ဒေါ်မာမာသင်းက ရန်ကုန်မြို့မှာ ဖွင့်ထားတဲ့ "ရွှေကမ္ဘာ" စိန်တိုက်ကြီး ဆယ့်ငါးနှစ်ပြည့်အထိမ်းအမှတ် အနေနဲ့ ညစာစားပွဲတစ် ခု ကျင်းပတယ်။ သူမတို့ခြံက အကျယ်ကြီးပဲမို့ ညစာစားပွဲကို သူမတို့ခြံထဲမှာပဲ ကျင်းပတယ်။ ဒီလိုကျင်းပတော့ အသိုင်းအဝိုင်းဂုဏ်ခြပ်ကြီးလွန်းတဲ့ သူတို့ရဲ့ညစာစားပွဲကိုတက်ရောက် လာတဲ့ လူတွေကလည်း ကချော်ကပျက် တစ်ယောက်မှမပါ။ သာမန် ထက်ပိုတဲ့ ဂုဏ်ခြပ်တစ်ခုကို ပိုင်ဆိုင်ထားကြတဲ့သူတွေချည်းပင်။

မီးရောင်နဲ့အပြိုင် စိန်ရောင်ရွှေရောင်တွေက တလက်လက် တောက်ပလို့။ ပြီးတော့ ညစာစားပွဲကိုတက်လာတဲ့ သားယောကျ်ား လေး ရှိတဲ့ မိဘတွေက ရှိစီမြင့်အောင်ကို ချွေးမဖမ်းဖို့ချောင်းနေကြတဲ့ သူတွေချည်းပါပဲ။ ဒါပေမယ့် ရှိစီမြင့်အောင်ရဲ့ မောက်မာမှုသတင်း တွေကလည်း နားမဆံ့အောင်ကြားထားကြတာဆိုတော့ စိတ်သာမှိုင်း တော်ရုံတန်ရုံလူက အကောင်အထည်မဖော်ရဲကြဘူး။ ဒါပေမယ့်လည်း အခွင့်အရေးရရင် အပိုင်ကိုင်လိုက်မယ်ဆိုတဲ့ စိတ်မျိုးတော့ အသီးသီး

www.burmeseclassic.com



လိုလို့မှာရှိတယ်။ ရှိစီမြင့်အောင် ဘယ်လောက်ပဲရှိုင်းစိုင်းမောက်မာပါ စေ။ သူတော စားမကုန်တဲ့ ရွှေတွင်းကြီးမဟုတ်လား။

အဲဒီလို အဲဒီလို ချောင်းနေကြတဲ့ လူတွေထဲမှာမှ (. . .) ဆိုထဲ့ ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်ပိုင်ရှင် သူဌေးကြီးဦးဂျပ်စတင် တုတ်ကြီးက အဆိုးဆုံး။ သူကတော့ သူများတွေလို သားအတွက် ချွေးမဖမ်းချင်တာမဟုတ်ပါဘူး။ သူ့အတွက် သူ ဖမ်းချင်တာပါ။

အခုလည်းကြည့်လေ. . . ဦးဂျပ်စတင်တုတ်ကြီးက ရှိစီမြင့် အောင် အနားကို ရောက်နေပြန်ပြီ။

“သည်းလေး. . . ဒါက သည်းလေးအတွက် ကိုကို့ရဲ့ လက် ဆောင် . . .”

ဆိုပြီး သူမရှေ့ထိုးပေးလာတဲ့ ပါဆယ်ထုပ် ပန်းရောင်လေးကို ရှိစီမြင့်အောင်က စိတ်မဝင်စားသလို တစ်ချက်မျှသာ မျက်လုံးဝေ့ကြည့် လိုက်ရင်း. . .

“လက်ဆောင်ပေးရအောင် ရှင်က ဘယ်ကပြန်လာတာမို့လဲ . . .”

“နိုးနိုး. . . ကိုယ်က ဘယ်ကမှပြန်မလာပါဘူး . . . သည်း လေးကို ဒီအတိုင်းလက်ဆောင်ပေးတာ၊ ပေးချင်လို့ကိုပေးတာပါ. . .”

“မယူချင်ပါဘူး”

သူမက ပါဆယ်ထုပ်ကို ဦးဂျပ်စတင်တုတ်ကြီးရှေ့ ပြန်တွန်းပို့ လိုက်တယ်။ ဒီတော့ ဦးဂျပ်စတင်တုတ်ကြီးကလည်း သူမရှေ့ပြန်တွန်း ပို့လိုက်ရင်း. . .

“ယူပါ သည်းရဲ၊ ကိုကိုက သည်းအတွက် တကူးတက ဝယ် လာတာကို မငြင်းကောင်းဘူးလေ. . . ယူလိုက်နော်. . . နော်. . . သည်းလေး”

ဆိုပြီး သူမလက်ကိုဆွဲကာ အတင်းထည့်ပေးဖို့ပြင်တယ်။





ဒီတော့ သူမက ကျွတ်တစ်ချက်သပ်လိုက်ရင်း ကိုင်ထားတဲ့လက်ကို ငုံ့ကြည့်လိုက်ကာ. . .

“ကိုင်ထားတဲ့လက်ကို အခုလွှတ်လိုက်”

သူမရဲ့လေသံက အေးအေးလေး။ ဒါပေမယ့် ပြတ်တယ်။ နိုင်ငံခြားကားတွေထဲမှာတွေ့ရတဲ့ သွေးအေးလူသတ်သမားတွေ လူ သတ်ကာနီးပြောတဲ့လေသံမျိုး။

ဒါပေမယ့် ဦးဂျပ်စတင်တုတ်ကြီးက အရေးမစိုက်။ သူမလက် ကို ကိုင်မြဲကိုင်ထားရင်းကနေ ခပ်မူမူပြောတယ်။

“ဟင့်အင်းကွာ. . . လွှတ်ဘူး၊ ကိုယ်ပေးတဲ့ လက်ဆောင်ကို သည်းလေးက လက်ခံတယ်ဆိုမှ လွှတ်မယ်”

ဆိုတော့ သူမကပြုံးတယ်။

“ရှင်ကြီး ကျွန်မအကြောင်းတွေ ကြားဖူးတယ်မဟုတ်လား”

“အင်း. . . ကြားဖူးတယ်လေ”

“ဒါဆိုပြောပြပါဦး၊ ရှင်ကြားဖူးသမျှ ကျွန်မအကြောင်းတွေကို ပေါ့”

“သည်းက ချောတယ်၊လှတယ်၊ မိုက်တယ်၊ အရမ်းလန်းတယ်၊ မာနကြီးတယ်၊ ပညာတတ်တယ်၊ ပြတ်သားတယ်၊ ချစ်သူမရှိသေးဘူး . . . ဆိုတာတွေပေါ့”

သူမက ပြုံးပြန်တယ်။

“ဒါပဲလား . . . ရှင်ကြားဖူးသမျှ ကျွန်မအကြောင်းတွေက နောက်ထပ်မရှိတော့ဘူးလား. . .”

“အင်း. . . ကိုယ်သိတာကတော့ ဒီလောက်ပဲသည်းရဲ့”

“ဒါဆို ရှင်မသိသေးတဲ့ ကျွန်မရဲ့အကြောင်း နောက်ထပ် တစ်ခုကို ရှင်မသိချင်ဘူးလား”

“အား. . . ဘယ်လိုပြောလိုက်ပါလိမ့် သည်းရယ်. . . ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သိခွင့်ရှိရင် သိပ်သိချင်တာပေါ့. . ."

"သိချင်ရင် ကျွန်မပြောပြမှာပေါ့"

"တကယ် ! "

ဦးဂျပ်စတင်တုတ်ကြီးရဲ့အသံက ဝမ်းသာအားရအသံ။ သူမကလည်း အလှဆုံးပြုံးလိုက်ကာ. . .

"တကယ်ပေါ့. . . သိချစ်ရင် မျက်စိမှိတ်"

"မှိတ်ပြီဗျာ. . . မှိတ်ပြီ. . . ဟီးဟီး"

မကြာလိုက်။ ဦးဂျပ်စတင်တုတ်ကြီးရဲ့ပါးနဲ့ ရှိစီမြင့်အောင်ရဲ့ လက်ဝါး ထိခတ်သံက ညစာစားပွဲကျင်းပရာနေရာတစ်ဝိုက်မှာ ပဲ့တင်ထပ်သွားတယ်။ ဆူညံပွက် လောရိုက်နေတဲ့အသံတွေ အကုန်လုံး ငြိမ်သွားပြီး အားလုံးရဲ့အကြည့်တွေက ရှိစီမြင့်အောင်တို့ဆီ ရောက်လာတယ်။

ဦးဂျပ်စတင်တုတ်ကြီးက ပူထူသွားတဲ့ သူ့ပါးတစ်ဖက်ကို မယုံနိုင်သလို ကိုင်ထားရင်းက. . .

"သည်း . . . သည်းက ကိုယ့်ကိုရိုက်. . . ရိုက်တယ်. . ဟုတ်လား. . . "

"ဟုတ်တယ်လေ . . . ရိုက်တယ်၊ ရှင်ပဲ ကျွန်မအကြောင်း သိချင်တယ်ဆို"

"အဲ. . . အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ရှင်မသိသေးတာက ကျွန်မလက်ကို ကျွန်မရဲ့ ခွင့်ပြုချက်မရဘဲကိုင်ရင် ကျွန်မကအခုလို ပါးကိုရိုက်တတ်တယ် ဆိုတာပဲ. . . "

"ဘယ်လို"

"မဘယ်လိုနဲ့ အဲဒီလိုပဲ၊ ဒီမှာ. . . ရှင့်ကိုယ်ရှင်ရော မှန်နဲ့ပြန်ပြီး ကြည့်မိရဲ့လား. . . နဖူးက ပြောင်ပြောင် ဗိုက်ကရွဲရွဲနဲ့၊ ဒီကြား





ထဲ နှာခေါင်းက ပွသေးတယ်၊ စိုးသူနဲ့ကျော်ထူးတို့ နှာခေါင်းတောင် ရှင့်နှာခေါင်းကိုဖဲအောခေါ်ရမယ်၊ လူကဖြင့်အသက်ကြီးလို့ ဘောင်းဘီ ချွတ်ကြည့်ရင် ဖင်မွေးဖြူနေလောက်ပြီ. . . သူ့ကိုယ်သူ ကိုကို ကိုကိုနဲ့ ကြားရတာ စိတ်မချမ်းသာလိုက်တာ. . . ရှိစီမြင့်အောင်ကို ဒီလိုလာ လုပ်လို့မရဘူး၊ ရှင်အိမ်ထောင်ပြုလို့ ကလေးမွေးရင်တောင် ကျွန်မက ရှင့်မြေးလောက်ပဲ ရှိသေးတယ်သိလား၊ နွားအိုကြီးက သွားမစုံတော့လို့ မြက်နုကြိုက်တာ၊ ရှင်ကတော့ သွားမစုံတဲ့အထိ ဘူးထတုန်း. . . နောက်တစ်ခါ ကျွန်မကိုမြင်ရင် ဝေးဝေးကရှောင်. . . ကြားလား"

ရယ်သံတွေ ဟိုနားဒီနားက ခပ်ကျိတ်ကျိတ်ထွက်လာတယ်။ သူမကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ခပ်တည်တည်ပဲ အိမ်ထဲ ကိုပြန်ဝင်သွားတယ်။ သူမမိဘ တွေကတော့ ဦးဂျပ်စတင်တုတ်ကြီးကို မျက်နှာတွေပူနေကာ ဘယ်တဘယ်လိုစပြီး တောင်းပန်ရမှန်း မသိ အောင် ဖြစ်ကျန်နေခဲ့တယ်။ ညစာစားပွဲကြီးကလည်း စောစောက ဆူညံပွက်လောရိုက်နေသလောက် အခုတော့ တိတ်ဆိတ်ကာ တီးတိုး တီးတိုးနဲ့ အတင်းထိုးသံတွေသာ ဟိုကဒီက ထွက်ပေါ်နေတော့တယ်။

ဦးဂျပ်စတင်တုတ်ကြီးကတော့ ဘယ်သူ့ကိုမှ ဘာစကားမှ မပြောနိုင်လောက်အောင် ရှက်ရွံ့သွားကာ သူ့ရဲ့ ဆိုက်ကနက်ကားကြီး ရပ်ထားရာနေရာဆီကို. . .॥



www.burmeseclassic.com

www.burmeseclassic.com



ဦးမြင့်အောင်က အခန်းထဲမှာ ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေမိတယ်။ ဒေါ်မာမာသင်းကလည်း ခုတင်ပေါ်မှာ စိတ်ပျက်လက်ပျက်ထိုင်လို့။

"ရှိုင်းတယ်. . . တော်တော်ကိုရိုင်းတယ်၊ မင့်သမီး တော်တော်လေးကိုရိုင်းတယ်ကွာ. . ."

ဦးမြင့်အောင်ရဲ့ ခပ်ညည်းညည်းအပြောကို ဒေါ်မာမာသင်းက တရားကျ သလိုလေသံမျိုးနဲ့. . .

"ဩော်. . . ကျွန်မသမီးက ရိုင်းတယ်ဆိုတော့ ဒီသမီးကို ကျွန်မကရှင်နဲ့မွေးခဲ့တာ မဟုတ်တာကျနေတာပဲ၊ ရှင် ဒီလို စကားကို လက်လွှတ်စပယ်မပြောနဲ့၊ သမီးအခုလိုရိုင်းနေတာ ရှင့်မှာလည်း တာဝန်ရှိတယ်"

"ဟ. . . ငါက ငါ့အလုပ်တွေနဲ့ငါ ယားလို့တောင်ကုတ်အားတာ မဟုတ်ဘူးလေကွာ. . . စီးပွားရှာနေတာကွ"

"ကျွန်မကရော. . . ကျွန်မကရော အိမ်မှာနေပြီး ထမင်းဟင်းချက်၊ အဝတ်လျှော်၊ ကလေးထိန်းလုပ်နေတဲ့ ခပ်ကုပ်ကုပ် မိန်းမတစ်ယောက် မို့လို့လား၊ ကျွန်မမှာလည်း တစ်နေ့တစ်နေ့ ရွှေဆိုင်ကိစ္စတွေနဲ့ နပန်းလုံးနေရတာ တစ်နေကုန်တစ်နေခန်း ယားတဲ့နေရာတွေ မှတ်ထားပြီး ညနေရောက်မှ စုကုတ်နေရလောက်အောင် ဖြစ်နေတာ . . . ရှင်အသိပဲ"

"အဲဒါကြောင့် ပြောတာပေါ့ မင်းကို၊ မင်းရဲ့ရွှေဆိုင်တွေကို ပိတ်ပစ်လိုက်ပါလို့. . ."

"အိုး. . . မပိတ်လိုက်နိုင်ပါဘူး၊ ဒီရွှေဆိုင်တွေက ကျွန်မမိဘတွေ လက်ထက်ကတည်းက တည်ထောင်လာခဲ့တာ၊ ဒီလိုအခြေအနေရောက်ဖို့ကို ဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာ ရှင်လည်းအသိပဲ၊ ပြီးတော့ တခြားမိန်းမတွေလိုလည်း အိမ်ထဲမှာအောင်းပြီး ယောက်ျားလုပ်စာထိုင်စား၊ အိမ်မှုကိစ္စလုပ်၊ ကလေးထိန်းပြီး မျက်စိပိတ်နားပိတ် မနေနိုင်ဘူး၊ ကျွန်မမှာလည်း အစွမ်းအစရှိတာပဲ၊ ဒီအစွမ်းအစတွေကို ဒီအတိုင်းပဲထားလိုက်ရမှာမျိုး ကျွန်မအဖြစ်မခံနိုင်ဘူး. . ."

ဒေါ်မာမာသင်းရဲ့ ချက်ကျကျပြောစကားအဆုံး ယောက်ျားဖြစ်တဲ့ ဦးမြင့်အောင်က ဘာစကားမှထပ်မပြောတော့ဘူး။ သူမပြောတာကလည်း ဟုတ်နေတာပဲလေ။ သမီးဖြစ်သူ ဒီလိုရိုင်းစိုင်းတဲ့စရိုက်တွေနဲ့ ကြီးပြင်းလာအောင် သူတို့နှစ်ယောက်စလုံးကိုယ်တိုင်ပဲ ပုံဖော်ပေးသလို ဖြစ်ခဲ့တာမဟုတ်လား။ သမီးဖြစ်သူကို လောကကြီးထဲက လူကျင့်ဝတ်တွေအကြောင်း ပြောပြချိန်မရှိလောက်အောင် သူတို့နှစ်ဦးစလုံးက စီးပွားရေးမှာ လောဘဇောတက်ခဲ့ကြတာ။

အတွေးကိုယ်စီနဲ့ အခန်းထဲမှာ ငါးမိနစ်လောက်တိတ်ဆိတ်သွားတယ်။ ဒါပေမယ့် ဒီတစ်ခါ သူတို့စဉ်းစားနေကြတာက စီးပွားရေးကိစ္စမဟုတ်တာ သေချာတယ်။

"ထားလိုက်ပါတော့၊ ဖြစ်ပြီးခဲ့တာတွေလည်း ပြီးသွားပြီဆိုတော့ ဘာမှလုပ်လို့မရတော့ဘူး၊ ဒါပေမယ့်သမီးကို ဒီအတိုင်း ဆက်လွှတ်ပေးထားလို့တော့ မရဘူးနော်၊ ကြာရင်ဒီထက်ပိုဆိုးလာတော့မှာ . . . တစ်ခုခုတော့လုပ်ရမယ်"

www.burmeseclassic.com



ဦးမြင့်အောင်ရဲ့တွေးတွေးဆဆအပြောကို ဒေါ်မာမာသင်းက ခေါင်းညိတ်တယ်။

"ကျွန်မလည်း အဲဒါကိုပဲ တွေးနေတာ၊ ဒါပေမယ့် သမီးပုံစံက တော်တော်နဲ့ ပြုပြင်လို့လွယ်မှာမဟုတ်ဘူးနော်၊ သူ့ကို တော်တော်ချုတ်ယူရမယ်"

"ကိုယ်တွေးမိတာတစ်ခုရှိတယ်. . . သမီးကို ကိုယ့်အဖေရှိတဲ့ ပြင်ဦးလွင်ကို ခဏလောက်ပို့ထားရင်ကောင်းမလားလို့၊ ကိုယ့်အဖေဆိုရင်တော့ သမီးကို သေချာပေါက် ပုံစံပြောင်းပေးနိုင်မှာပဲ. . ."

ဒေါ်မာမာသင်းမှာက မိဘတွေမရှိတော့ဘူး။ ဒါပေမယ့် ဦးမြင့်အောင်မှာတော့ ဦးဖိုးကွဆိုတဲ့ အဖေတစ်ယောက်ရှိသေးတယ်။ ဒါပေမယ့် အဘိုးကြီးဦးဖိုးကွက သူတို့နဲ့မနေဘဲ သူ့ရဲ့ဇာတိ ပြင်ဦးလွင်မှာရှိတဲ့ မွေးမြူရေးခြံကြီးထဲမှာပဲနေတာ။ ဦးဖိုးကွက မွေးမြူရေးကို ဝါသနာကြီးသလို ဦးမြင့်အောင်တို့နဲ့ အတူလာမနေခြင်းကတော့ ရန်ကုန်မြို့ရဲ့ လူနေမှုစရိုက်က ပူပြင်းလို့ပါတဲ့။

ဦးမြင့်အောင်နဲ့ ဒေါ်မာမာသင်းက ဦးဖိုးကွကို သူတို့နဲ့ အတူလာနေဖို့ အထပ်ထပ်အခါခါခေါ်ပေမယ့် ဘယ်လိုမှခေါ်မရ။ ဦးဖိုးကွက သူ့ရဲ့ မွေးမြူရေးခြံထဲမှာပဲ အရိုးထုတ်မှာလို့ ကြွေးကြော်ထားတာလေ။

"သမီးက သွားပါ့မလား. . ."

"ဘယ်သွားပါ့မလဲကွ"

"ဒါဆို"

"သူသွားအောင် ကြံရမှာပေါ့"

"ဘယ်လိုကြံမှာလဲ ပြောဦးလေ. . ."

ဒေါ်မာမာသင်းစကားကြောင့် ဦးမြင့်အောင်ကပြုံးတယ်။ ဒီတော့ ဒေါ်မာမာသင်းက မျက်စောင်းထိုးလိုက်ရင်း. . .





"ပြောပါဆိုမှ ဘာတွေတစ်ယောက်တည်းပြုံးနေတာလဲ"

"ပြောမှာပေါ့ကွာ. . . ဖြည်းဖြည်းပေါ့၊ နည်းနည်းပါးပါးလေး အိုက်တင်ခံပါရစေဦး . . . သမီးက ဟိုလူ ဂျစ်စတင်တုတ်ကြီးကို တအားမုန်းတာမဟုတ်လား. . ."

"အင်းလေ. . . အဲဒါဘာဖြစ်လဲ"

"အဲဒီတော့ သမီးကိုသူ့အဘိုးရှိတဲ့ ပြင်ဦးလွင်ကိုသွားအောင် အဲဒီ ဂျပ်စတင်တုတ်ကြီးကို အသုံးချရမယ်"

ဦးမြင့်အောင်ရဲ့ စကားအဆုံး ဒေါ်မာမာသင်းရဲ့မျက်နှာက ဉာဏ်စမ်းပုစ္ဆာတစ်ပုဒ်ရဲ့အဖြေကိုသိသွားတဲ့ ကလေးတစ်ယောက်ရဲ့ မျက်နှာလို ဝင်းထိန်သွားတယ်။

"သိပြီ. . . ရှင်ရွှေ့မယ့်အကွက်ကို ကျွန်မသိပြီ"

"ဒါပဲပေါ့၊ ကိုယ်ရွေးချယ်ထားတဲ့ မိန်းမက ဒီလောက်ဒုံးမဝေးဘူးဆိုတာကိုယ်သိပါတယ်"

နှစ်ယောက်သား စိတ်လွတ်လက်လွတ်ရယ်လိုက်မိကြတော့တယ်။ သူတို့တွေ အခုလိုမရယ်အားတာတောင် အတော်ကြာသွားပြီမဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို. . . ဘယ်လို. . . သမီးနဲ့ ဦးဂျပ်စတင်တုတ်ကြီးကို ပေးစားမလို့ဟုတ်လား ဒယ်ဒီ"

ရှိစီမြင့်အောင်ရဲ့အသံက တအံ့တသြ။ မျက်နှာကလည်း နေ့ခင်းကြောင်တောင် သရဲတစ္ဆေတွေ့လိုက်ရတဲ့ပုံမျိုး။ ဦးမြင့်အောင်ကတော့ ခပ်တည်တည်ပင်။

"ဟုတ်တယ်. . . သူတို့ဘက်က ကမ်းလှမ်းမှုကို ဒယ်ဒီတို့ဘက်က လက်ခံလိုက်ပြီ"

"ဟား. . . ဒယ်ဒီတို့ ဘာတွေ လျှောက်လုပ်နေကြတာလဲ၊ အဲဒီလူကြီးရဲ့အသက်က ဒယ်ဒီနဲ့တောင် မတိမ်းမယိမ်းရှိနေပြီနော် . . ."

ဆိုတော့ ဒေါ်မာမာသင်းကလည်း ဘာမှအရေးမပါတဲ့ မျက်နှာထားလေးနဲ့ ဝင်ပြောတယ်။

"သမီးကလည်း၊ အသက်ကြီးတာက ပြဿနာမှမဟုတ်တာ၊ အဓိက,က သမီးကို တင့်တောင့်တင့်တယ်နဲ့ သုခစ္စာရှိရှိပေါင်းဖို့ပဲမဟုတ်





လား၊ စကားတောင်ရှိသေးတယ်၊ သွားမပါချင်နေ ကားပါရင်ပြီးရော တဲ့. . ."

"ဟား. . . သမီးတို့အတွက် ငွေမှမလိုတာမာမိရဲ့"

"ငွေဆိုတာ မလိုဘူးမရှိဘူးသမီး၊ ကုဋေရှစ်ဆယ်သူဌေးသားတောင် ခွက်ဆွဲတောင်းစားရတဲ့ သာဓကရှိသေးတာပဲ၊ ငွေဆိုတာ ပိုတယ်လို့မရှိဘူးသမီး. . ."

"မသိဘူးမေမေရာ. . . မသိဘူး၊ တာပဲဖြစ်ဖြစ်အဲဒီသက်ကြားအိုကြီးကိုတော့ လုံးဝမယူနိုင်ဘူး"

"မရဘူးသမီး ၊ ဒယ်ဒီတို့ အားလုံးစီစဉ်ပြီးသွားပြီ၊ ကိုဂျပ်စတင်တုတ်ကြီးကို သမီး ယူကိုယူရမယ်"

"မယူဘူး. . . လုံးဝမယူနိုင်ဘူး"

ရှိစီမြင့်အောင်က ခေါင်းကိုပြုတ်ကျမတတ်ရမ်းပြကာ ထိုင်နေရာကနေ စိတ်ပျက်လက်ပျက်ထသွားတယ်။ ကျန်နေခဲ့တဲ့ ဦးမြင့်အောင်နဲ့ ဒေါ်မာမာသင်းကတော့ တစ်ယောက်ကိုတစ်ယောက် မျက်စတွေပစ်လို့. . ."



www.burmeseclassic.com

www.burmeseclassic.com

ရှိစီမြင့်အောင်က ကောင်မလေးတစ်ယောက် ခြေသည်းအလှဖော်ပေးနေတာကို အေးအေးဆေးဆေးစာအုပ်ဖတ်ရင်း ခံယူနေတုန်းမှာပဲ အနားကို သူမမိဘတွေ ရောက်လာခဲ့ကြတယ်။

ဒေါ်မာမာသင်းက ဖိတ်စာဒီဇိုင်းအမျိုးမျိုးကို ရှိစီမြင့်အောင်ရဲ့ ရှေ့က စား ပွဲပေါ်မှာ တင်ပေးလိုက်ရင်း. . .

"သမီးရေ. . . ဒီမှာဖိတ်စာဒီဇိုင်းလေးတွေ ကြည့်ကြည့်ပါဦး၊ သမီး ဘယ်ဒီဇိုင်းကိုကြိုက်လဲ"

ရှိစီမြင့်အောင်က ဖိတ်စာတွေကို စိတ်မဝင်စားသလို တစ်ချက်မျှသာ မျက်စိဝေ့ကြည့်လိုက်ပြီး သူမအကြည့်က ဖတ်နေတဲ့စာအုပ်ဆီ ပြန်ရောက်သွားကာ. . .


"ဘာဖိတ်စာလဲမာမီရဲ့၊ မာမီတို့ ဘာပွဲလုပ်ဦးမလို့လဲ"

"မာမီတို့က ဘာပွဲမှ မလုပ်ပါဘူးသမီးရဲ့၊ အခုပွဲက သမီးရဲ့ပွဲ၊ သမီးရဲ့မင်္ဂလာဆောင်ဖိတ်စာအတွက်လေ. . ."

ဒေါ်မာမာသင်းရဲ့ စကားအဆုံး ရှိစီမြင့်အောင်ရဲ့ လက်ထဲမှာ ကိုင်ထား တဲ့စာအုပ်က ကြမ်းပြင်ပေါ်ပြုတ်ကျသွားတယ်။







## သနမ်းငွေပူဆာဗလို

"မာမီ. . . မာမီတို့ ဘာတွေလုပ်နေတာလဲ၊ သမီးဒီကိစ္စကို လုံးဝလက်မခံနိုင်ဘူးလို့ ပြောထားပြီးသားနော်၊ ဒယ်ဒီ. . . သမီး အဲဒီလူကြီးကို လုံးဝမယူနိုင်ဘူးနော်"

ဦးမြင့်အောင်က ခေါင်းရမ်းတယ်။

"မရဘူးသမီး. . . ကိုဂျပ်စတင်တုတ်ကြီးကို သမီးယူကိုယူရမယ်၊ ဒယ်ဒီတို့အားလုံးစီစဉ်ပြီးသွားပြီ၊ ဟိုတယ်တွေမှာလည်း ဘွတ်ကင်ချိတ်ထားပြီးပြီ၊ သမီးအတွက် ဝတ်စုံကိုလည်း စင်္ကာပူက ဒီဇိုင်နာနဲ့အပ်ထားပြီးပြီ. . ."

"ဟား. . . ဘာတွေလဲ. . . ဘာတွေလဲ၊ သမီးဘက်က လက်မခံနိုင်ဘူးလို့ အပြတ်ပြောထားပြီးသားနော်၊ ဒီကိစ္စက ဒယ်ဒီတို့ဘာသာ စီစဉ်တာ၊ သမီးကတော့ မင်္ဂလာပွဲကို တက်မှာမဟုတ်ဘူးနော်၊ ဒယ်ဒီတို့ ဘာသာအရှက်ကွဲချင်ရင် ဆက်လုပ်"

ပြောပြီး ရှိစီမြင့်အောင်က ခြေသည်းအလှဖော်ပေးနေတဲ့ ကောင်မလေးကို ခြေထောက်နဲ့တွန်းထိုးကာ ထထွက်သွားတယ်။ ဦးမြင့်အောင်နဲ့ ဒေါ်မာမာသင်းကတော့ တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ပြုံးလို့. . . ။





www.burmeseclassic.com

www.burmeseclassic.com



ရှိစီမြင့်အောင်က အခန်းထဲမှာ သွေးပျက်နေသူတစ်ဦးလို ဟိုဒီ ခေါက်တုန့်ခေါက်ပြန်လျှောက်ရင်း အကြံထုတ်နေမိတယ်။ သူမဘဝက ဒီအတိုင်းဆက်သွားနေရင် သက်ကြားအိုကြီးလက်ထဲကို ထိုးကျွေးလိုက်ရတော့မယ့်အဖြစ်။ ဒီလိုတော့ သူမ လုံးဝအဖြစ်မခံနိုင်။ ဦးဂျပ်စတင်တုတ်ကြီးကို လက်တွေ့ယူဖို့နေနေသာသာ အတွေးနဲ့တင်ကို အော့နှလုံးနာလှပြီ။

မဖြစ်. . . တစ်ခုခုကြံမှကို ဖြစ်တော့မှာ။

"မ. . . မမလေး"

တံခါးပေါက်နားမှာ မတ်တပ်ရပ်နေတဲ့ မန်နေဂျာမရဲ့ ခေါ်သံကို ကြားမိပေမယ့် မထူးဖြစ်။

ဒီတော့ မန်နေဂျာမရဲ့ခေါ်သံက ထပ်ထွက်လာတယ်။

"မမလေး. . ."

ခေါင်းပူမတတ်စဉ်းစားနေတုန်းမှာထပ်ကာထပ်ကာထွက်ပေါ်လာတဲ့ မန်နေဂျာမရဲ့ခေါ်သံကြောင့် နဂိုတိုနေတဲ့စိတ်က ပိုတိုသွားရ





တာ. . .

"ဟာ. . . ဘာလဲ. . . ပြောပြော၊ ဒီမှာ. . စိတ်ရှုပ်ရတဲ့ကြားထဲ သူကတစ်မျိုး"

ဆိုတော့ မန်နေဂျာမက မဝံ့မရဲဟန်နဲ့. . .

"ဟို. . . ကျွန်မ တစ်ခုလောက်အကြံပေးလို့ရမလား။ မမလေးရဲ့ကိစ္စကိုလေ. . ."

မန်နေဂျာမရဲ့စကားကြောင့် ရှိစီမြင့်အောင်က မယုံသင်္ကာဟန်နဲ့ မျက်လုံးစွေကြည့်တယ်။ သူမအကြည့်က ငါတောင်စဉ်းစားလို့မရတာ သူကဘာအကြံများ ပေးနိုင်မှာမို့လို့လဲဆိုတဲ့အကြည့်မျိုး။ ဒီတော့ မန်နေဂျာမကလည်း ထင်ရာကိုစွတ်မပြောရဲ။ စကားပြောမှားသွားရင် အလုပ်ပြုတ်ဖို့က သေချာသလောက်ရှိနေတာလေ။

"ဟို. . . ပြော. . . ပြောရမလားဟင်. . ."

မန်နေဂျာမရဲ့ ခပ်ရွံ့ရွံ့အမေးကို ရှိစီမြင့်အောင်က စိတ်မရှည်ဟန်နဲ့. . .

"ကဲ. . . ပြောမှာဖြင့်ပြော၊ စိတ်မရှည်တော့ဘူး၊ နိဒါန်းတွေက သိပ်များတယ်၊ လိုရင်းကိုမရောက်ဘူး"

"ဟို. . . ဟိုဟာလေ၊ မမလေးက ဦးဂျပ်စတင်တုတ်ကြီးကို မယူချင်ဘူးမဟုတ်လား"

"အင်းလေ. . . အဲဒါမတင့်က ကျွန်မအစားယူမလို့လား"

ရှိစီမြင့်အောင်စကားကြောင့် မန်နေဂျာမဖြစ်သူ တင့်တင့်သာရဲ့ မျက်နှာက ရှုံ့မဲ့သွားတယ်။

"မ. . . မယူပါဘူးမမလေးရဲ့"

"အဲဒါဆို ဘာလို့လာပြောနေသေးလဲ"

"ဒါက ဒီလိုရှိတယ်လေ မမလေးရဲ့၊ မမလေးသာ ဒီအတိုင်းရှေ့ဆက်ပြီးစခန်းသွားနေရင် သေချာပေါက် ဦးဂျပ်စတင်တုတ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ယူရတော့မှာ၊ ဒီတော့ မမလေး အိမ်ပေါ်ကဆင်းပြေးပါလား. . .”

“ဘယ်လို ! ငါက. . အိမ်ပေါ်ကနေဆင်းပြေးရမယ်! ငါက အိမ်ပေါ်ကနေဆင်းပြီး ဘယ်ကိုသွားနေရမှာတုန်း”

“မြင့်ဦးလွင်က မမလေးရဲ့အဘိုးဆီမှာ ခဏသွားရှောင်နေ လိုက်ပေါ့ မမလေးရဲ့၊ မမလေးရဲ့ အဘိုးကတော့ သူ့ရဲ့မြေး နုနု ထွတ်ထွတ်လေးကို သက်ကြားအိုကြီးနဲ့ ပေးစားမယ့်ကိစ္စကို အားပေး မယ်မထင်ပါဘူး၊ နောက်ကနေ မမလေးရဲ့မိဘတွေလိုက်လာပြီး ဇွတ် အတင်းပေးစားမယ် ဆိုရင်လည်း အဘိုးကိုတော့ ကျော်နိုင်မှာ မ ဟုတ်ဘူး”

မန်နေဂျာမ မတင့်တင့်သာရဲ့ စကားအဆုံး ရှိစီမြင့်အောင် ရဲ့ခေါင်းထဲမှာ မီးသီးတစ်လုံးဖွင့်လိုက်သလို လင်းလက်သွားတယ်။ ဟုတ်သားပဲ။ မိမိမှာ အဘိုးတစ်ယောက်လုံး ရှိနေသေးတာပဲဟာ။

ရှိစီမြင့်အောင်က သဘောတကျပြုံးလိုက်တယ်။ ဒါပေမယ့် မန်နေဂျာမ ပေးတဲ့အကြံကို သဘောကျတယ်ဆိုတဲ့ ပုံစံကိုလည်း မပြ ချင်ပြန်တော့ ဝမ်းသာသွားတဲ့ မျက်နှာကို ခပ်တည်တည်ပြန်လုပ် လိုက်ရင်း. . .

“ဟာ. . . ဘာအကြံတွေ လာပေးနေတာလဲ. . . သွားသွား . . . မဟုတ်ကဟုတ်က အကြံတွေကို လိုက်လုပ်စရာလား”

ဆိုပြီး မန်နေဂျာမကို အခန်းထဲကနေ မောင်းထုတ်လိုက်တယ်။ မန်နေဂျာမ မတင့်တင့်သာကလည်း ရှိစီမြင့်အောင်ရဲ့ရှေ့ကနေ မျက်နှာငယ်လေးနဲ့ထွက်လာခဲ့ပြီး အပြင်ရောက်တယ်ဆိုတာနဲ့ အခန်း တံခါးကိုပိတ်လိုက်ကာ အပြင်မှာစောင့်နေကြတဲ့ ဦးမြင့်အောင်နဲ့ ဒေါ် မာမာသင်းကို လက်မထောင်ပြလိုက်တယ်။

ဒီတော့မှ ဦးမြင့်အောင်နဲ့ဒေါ်မာမာသင်းက သူတို့အခန်းထဲ တို့ သူတို့ ပြန်ဝင်လာခဲ့ကာ ဦးမြင့်အောင်က သူ့အဖေဦးဖိုးကွဆီကို





ဖုန်းလှမ်းဆက်လိုက်တယ်။

ဖုန်းက သုံးလေးချက်လောက်မြည်သွားပြီးမှ ထူးသံထွက်လာ တယ်။ ဖုန်း ကိုင်တာက ဦးဖိုးကွကိုယ်တိုင်။

“ပြော. . . ဘာလဲ”

ဖုန်းထူးသံက ဟယ်လိုတွေဘာတွေနဲ့ နိဒါန်းမပျိုးသလို အသံကလည်းမာပြီးပြတ်တယ်။ ဒါက အဘိုးကြီးဦးဖိုးကွရဲ့ ထုံးစံ။ ဦးမြင့်အောင်က. . .

“အဖေလား. . .”

ဆိုတော့ အဘိုးကြီးဦးဖိုးကွကလည်း. . .

“မင်း ဘယ်သူ့ဆီဆက်တာလဲ”

“အဖေ့ဆီဆက်တာလေ. . .”

“ငါ့ဆီဆက်တဲ့နောက်တော့ ကိုင်တဲ့သူကလည်း ငါပဲပေါ့ကွ၊ အရစ်ကိုရှည်တယ်၊ ပြော ဘာကိစ္စလဲ”

“ဒီ. . . ဒီလိုပါအဖေ. . . အဖေ့မြေးကိစ္စပါ”

ဦးမြင့်အောင်က ရှိစီမြင့်အောင်နဲ့ပတ်သက်တဲ့ အကြောင်း အရာတွေကို အဘိုးကြီးဦးဖိုးကွကို ပြောပြလိုက်တယ်။ ဒေါ်မာမာ သင်းကတော့ ဘေးနားကနေ ခုတင်ပေါ်မှာတင်ပါးလွှဲထိုင်ကာ လက် ပိုက်ရင်း အသာနားစွင့်လို့. . .။

♡♡♡♡♡



www.burmeseclassic.com

www.burmeseclassic.com







## ဇာတ်အလယ် – ၁

အဘိုးကွရဲ့ မွေးမြူရေးခြံက မြို့ထဲဘက်နဲ့ အတော်ဝေးဝေးမှာ ရှိတာမို့ ရိုစီမြင့်အောင်က တက္ကစီကို အဲဒီဘက်အထိရောက်အောင် ချေးပိုပေးကာ ငှားလာလိုက်တယ်။ နောက်ပိုင်းမှာ ဘယ်လိုတွေ ဖြစ်ကျန်ခဲ့မလဲဆိုတာ သူမ မတွေးတတ်။ တွေးလည်းမတွေးချင်။ အဓိက, က ဦးဂျပ်စတင်တုတ်ကြီးကို မယူရဖို့ပင်။

ဒယ်ဒီနဲ့မာမိ့ကိုလည်း သူမလုံးဝကို နားမလည်တော့ချေ။ ကိုယ့်သမီး ငယ်ငယ်ရွယ်ရွယ်လေးကိုများ ဘယ်လိုလုပ်ပြီး ဒီလိုသက်ကြားအို အရွတ်အတွကြီးနဲ့ စပ်ဟပ်မိသလဲမသိ။

တွေးရင်းတွေးရင်းနဲ့ကို သူမစိတ်ထဲမှာ မရိုးမရွဖြစ်လာခဲ့တယ်။





www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူမက တစ်လမ်းလုံးပွစိပွစိနဲ့ ရေရွတ်လာခဲ့တယ်။ ဒီလိုနဲ့ အဘိုးကွရဲ့ခြံကြီးရှေ့ကို ရောက်လာခဲ့တယ်။

သူမက ကားပေါ်ကအထုပ်အပိုးတွေကို တစ်ထုပ်ပြီးတစ်ထုပ် အောက်ကို ဆွဲချလိုက်ပြီးနောက် ကားခရှင်းပေးလိုက်တယ်။ တက္ကစီ ကားပြန်ထွက်သွားမှ သူမက သက်ပြင်းမောကို မှုတ်ထုတ်လိုက်ကာ ခြံက ဆိုင်းဘုတ်ကြီးကို ဖတ်ကြည့်လိုက်မိတယ်။

"သုခဘုံ"

သူမက ဆိုင်းဘုတ်ကိုဖတ်ပြီးနောက် မျက်နှာကိုတစ်ချက်မဲ့ လိုက်ကာ ပခုံးကိုဟန်ပါပါတွန့်လိုက်ရင်း အထုပ်အပိုးတွေနဲ့ အထဲကို ရောက်အောင် ဘယ်လိုစခန်းသွားရပါ့မလဲလို့ တွေးမိတယ်။ အကူ အညီရလိုရငြား ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိတော့လည်း လူနဲ့တူတာ ဆိုလို့ ခွေးတစ်ကောင်ကြောင်တစ်မြီးတောင်မတွေ့။ ဘယ်လိုလုပ်ရပါ့။ အထုပ်အပိုးတွေကလည်းအများကြီး။ သူမတစ်ယောက်တည်း အားနဲ့ တော့ ဘယ်လိုမှဒီအထုပ်တွေကို အားလုံးပါအောင်မသယ်နိုင်။ သူမ က မတွေးတတ်စွာနဲ့ အဝတ်အစားအိတ်အကြီးကြီးတစ်လုံးပေါ်မှာ စိတ်ပျက်လက်ပျက် ထိုင်ချလိုက်မိတယ်။ အထဲကိုရောက်ဖို့က အတော် သွားရဦးမှာ။

ဒီအချိန်မှာပဲ သူမနားထဲကို အသံတစ်ခုဝင်ရောက်လာခဲ့တယ်။ သူမက ဘာပါလိမ့်ဆိုပြီး ကြည့်လိုက်တော့ ထရော်လာဂျီတစ်စီး။ ဘာအရောင်ပါဆိုတာကို ပြောလို့မရတော့လောက်အောင် ထရော် လာဂျီကြီးက ညစ်ပတ်စုတ်ပြတ်လို့။ ထရော်လာဂျီကြီးကထွက်တဲ့ မီးခိုးတွေကလည်း လမ်းတလျှောက်မည်းလို့။ စက်သံကြီးကလည်း ဆူညံလိုက်တာမပြောပါနဲ့တော့။ သူမက နားတွေကို လက်နှစ်ဖက်နဲ့ ပိတ်ထားလိုက်ရင်း ဒီထရော်လာဂျီ ဒီအနားကနေ အဝေးကိုမြန်မြန် ရောက်သွားပါစေလို့ပဲ ဆုတောင်းနေမိတယ်။





ဒါပေမယ့် ထရော်လာဂျီက သူမထင်သလို တခြားနေရာ ကိုသွားမယ့် ထရော်လာဂျီမဟုတ်ဘဲ ခြံထဲကိုဝင်မယ့် ထရော်လာဂျီ ဖြစ်နေကာ ခြံထဲဘက်ကို ခေါင်းတည့်ချိုးကွေ့လာတော့တယ်။ ဖြစ်ချင် တော့ သူမရဲ့အထုပ်အပိုးတွေက ခြံပေါက်ဝတည့်တည့်မှာ။

ဒီတော့ထရော်လာဂျီက တားစရာမလိုပါဘဲ သူမအနားမှာ အော်တိုမက်တစ်ရပ်သွားတယ်။ ရပ်သွားတယ်ဆိုပေမယ့် စက်သတ်ပြီး ရပ်သွားတာမျိုးမဟုတ်ဘဲ ဒီအတိုင်း စက်နှိုးထားလျက်ကြီးနဲ့ ရပ်သွား တာ။ ထရော်လာဂျီမောင်းလာတာက သူမထက်အနည်းငယ် အသက် ပိုကြီးပုံရတဲ့ ယောကျ်ားတစ်ယောက်။ ထိုယောကျ်ားသားက သူမကို ထရော်လာဂျီပေါ်ကနေ မေးငေါ့ပြလာရင်း. . .

"ဘယ်ကိုသွားမှာလဲ. . ."

လို့မေးလာတယ်။ ဒါပေမယ့် စက်သံကြီးကဆူညံနေတော့ သူမနားထဲမှာ ကောင်းကောင်းမရှင်းလိုက်။ ဒီတော့သူမက နားနှစ် ဖက်ကို လက်တွေနဲ့ခပ်ဖွဖွပိတ်ထားရင်းကနေ ပြန်မေးရတယ်။

"ဘာပြောတာလဲ၊ ရှင်ပြောတာမကြားရဘူး"

"ဟမ်. . . မင်းဘာပြောလိုက်တာလဲ၊ မင်းပြောတာကိုမကြား ရဘူး"

ဒီတော့သူမကစောစောကအသံထက်ပိုအားထည့်အော်လိုက် တာ. . .

"ရှင်က ဒီခြံက အလုပ်သမားလား. . ."

"ဩော်. . . အေး. . . ဟုတ်တယ်၊ ဒီအနားကို လာကပ်ပြော ပါကွ၊ မင်းကခပ်လှမ်းလှမ်းက အော်နေတော့ မရှင်းဘူး"

အနားကိုကပ်လာဖို့ပြောပေမယ့် သူမက မီးခိုးတလုံးလုံးနဲ့ အားကွဲမတတ် ဆူညံနေတဲ့ ထရော်လာဂျီကြီးအနားကို မကပ်ချင်တော့ ခပ်လှမ်းလှမ်းအနေအထားကနေပဲ ပြန်အော်ပြောလိုက်ပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်စက်သံကြီးက တအားညံနေတယ် . . . ရှင့်စက်ကြီးကို ခဏ ခေါက်ရပ်ထားလိုက်ဦး. . ."

"ဟမ်. . . စက်ရပ်ဖို့ပြောတာလား၊ မရဘူးကွ၊ ဒီထရော်လာဂျီ က ရပ်ပြီးရင် ပြန်နှိုးရတာမလွယ်ဘူး၊ ငါဘာကူညီပေးရလဲ"

"ကျွန်မက ဒီခြံထဲကိုသွားမှာ၊ ရှင်ကဒီခြံကအလုပ်သမားလား လို့"

သူမက စက်သံထက်ကျယ်အောင် အသံကို မနည်းဖျစ်ညှစ် အော်တယ်။ ဒါပေမယ့် ထရော်လာဂျီသမားကမကြား။

"ဟမ်. . . ဘာပြောလိုက်တာလဲ"

သူမ တော်တော်စိတ်ပိန်သွားတယ်။ အော်ရလွန်းလို့ လူလည်း လျှာထွက်တော့မယ်။ လိုရင်းကိုက အခုထိမရောက်နိုင်သေး။ ဒါပေမယ့် မတတ်သာတဲ့အဆုံး ထပ်အော်ရပြန်တယ်။

"ကျွန်မခြံထဲကိုသွားမလို့၊ အဲဒါရှင့်ကို ဒီခြံကအလုပ်သမား လားလို့မေးတာ . . ."

"ဟမ်. . ."

သူမစိတ်မရှည်တော့ဘူး။ တအားကိုစိတ်တိုလာပြီ။ ဒါနဲ့သူမ က ဒင်းကို ဘာမှ ပြောမနေတော့ဘဲ ထရော်လာဂျီကို ကိုယ့်ဘာသာ စက်သွားရပ်ပစ်လိုက်တယ်။

ဒီတော့မှဒင်းက ထရော်လာဂျီပေါ်ကနေ အူယားဖားယား ဆင်းချလာကာ. . .

"ဟာ. . . ဟာ. . . မင်း မင်းဘာလုပ်လိုက်တာလဲကွ. . . ဟမ်"

တဲ့။ သူ့အသံက ဒေါသတကြီး။ ဒါပေမယ့် သူမကလည်း နာမည်တစ်လုံးနဲ့ ရှိစီမြင့်အောင်ပဲဟာ၊ သူ့ကိုခပ်တည်တည်ပဲ ပြန် ရင်ဆိုင်လိုက်ကာ. . .





"မမြင်ဘူးလား၊ စက်သတ်လိုက်တာလေ"

"မြင်တော့မြင်တာပေါ့ကွ၊ မင်းကို ဘာလို့ စက်သတ်လိုက် ရတာလဲကိုမေးနေတာ"

"ကျွန်မဒီလောက်အော်ပြောနေတာ ရှင်မှမကြားတာ၊ အဲဒီ တော့ စက်ကိုသတ်လိုက်တာပေါ့"

"တောက်! ကွာ. . . ဘယ်လိုမိန်းကလေးလဲ၊ ငါလုပ်လိုက်ရင် သေတော့မယ်"

သူ့စကားကြောင့် ရှိစီမြင့်အောင်ရဲ့ဒေါသက ပိုပြီးခေါင်း ထောင်လာတယ်။ ဒီအသက်အရွယ်ရောက်တဲ့အထိ သူမကို ဒီလိုပြန်ခံ ပြောတာမျိုး မကြုံခဲ့ရသေးဘူးလေ။ အပွဲပွဲနွှဲလာသမျှ ဒီလိုစုတ်စုတ်ပြတ် ပြတ် အလုပ်သမားမျိုးနဲ့မှ နှပ်ပက်ခံရတယ်ဆိုရင် ရာဇဝင်ရိုင်းသွား မှာပေါ့။

"အောင်မာ. . . ရှင်ကများ ပြောရတယ်ရှိသေးတယ်၊ ကျွန်မ ကို ဘယ်သူထင်လို့လဲ၊ ရှင့်လေသံကို အခုချက်ချင်းပြင်စမ်း၊ ရှင်အလုပ် ပြုတ်သွားချင်လို့လား. . ."

"နေစမ်းပါဦး၊ မင်းကဘာကြီးမိုလို့လဲ"

ဆိုတော့ သူမက မျက်နှာကို မော့်ချီထားလိုက်ကာ ခါးကို ခပ်တင်းတင်း ထောက်ထားလိုက်ရင်း. . .

"ကျွန်မက ဒီခြံကအဖိုးကွရဲ့မြေးရှင့်၊ သိရဲ့လား၊ ရှင့်လိုလူ တစ်ယောက်ကိုခုချက်ချင်း အလုပ်ထုတ်ပစ်လိုက်လို့ရတယ် နားလည် လား. . ."

သူမရဲ့စကားအဆုံး သူကကမ္ဘာ့အရယ်ရဆုံး ပြက်လုံးတစ်ခု ကို ကြားလိုက်ရတဲ့အလား ခွက်ထိုးခွက်လှန်ထရယ်လိုက်တော့ သူမ တောင် ကြောင်သွားရတယ်။ သူမမျှော်လင့်ထားတာက ဒီလိုပုံစံမျိုး မဟုတ်။ သူမဟာ အဖိုးကွရဲ့မြေးဆိုတာကိုသိ သွားတာနဲ့ အလုပ်ပြုတ်



www.burmeseclassic.com

www.burmeseclassic.com



မှာကြောက်ပြီး ဖျာယာခတ်သွားမယ်လို့ **ထင်ထားခဲ့တာ။ အခုတော့** တခြားစီ၊

"ရှင်က ဘာရယ်တာလဲ၊ ကျွန်**မစကားမှာ ဘာရယ်စရာများပါ** လို့လဲ ပြောစမ်းပါဦး"

"အဟင်း ...မင်းက **ငါ့ကိုအလုပ်ထုတ်ပစ်မယ်ဆိုလို့ပါ၊** လုပ်လို့ရရင်လုပ်ပေါ့ကွာ ... **လောလောဆယ်တော့** ဒီနေရာမှာ နည်းနည်းလောက်ဒုက္ခခံပြီး **နေခဲ့လိုက်ဦး၊ ငါကတော့ ထရော်လာဂျီကို** တွန်းဖို့ လူတွေသွားခေါ်လိုက်ဦးမယ်... **ဟဲဟဲ**"

ဆိုပြီး သူကခြံထဲကို **ဒီအတိုင်း လျှောက်ဝင်သွားတယ်။** ကြည့်စမ်းပါဦး။ လမ်းလျှောက်ပုံကိုက **မြောက်ကြွမြောက်ကြွနဲ့** အမြင်ကတ်စရာ ကောင်းလိုက်တဲ့ဖြစ်ခြင်း။

သူမက ထွက်သွားတဲ့သူ့**နောက်ကျောကိုကြည့်ရင်း** မေတ္တာတွေ အတုံးလိုက်အတစ်လိုက် ပို့ပစ်လိုက်တယ်။ **ဒင်းကတော့** သူ့လမ်းသူသာဆက်လျှောက်သွားပြီး သိပ်မကြာလိုက်တဲ့ အချိန်အတွင်းမှာပဲ မြင်ကွင်းထဲကပျောက်သွားတယ်။

"တောက်... အလုပ်သမားကများ လူပါးဝလို့၊ ငါ့ကို ဒီလိုလာလုပ်လို့ဘယ်ရမလဲ၊ ဒင်းနဲ့တော့တွေ့ကြသေးတာပေါ့၊ ဒီနေ့နေ မဝင်ခင် ဒင်း အလုပ်ပြုတ်ပြီသာမှတ်"

သူမက ပွစိပွစိရေရွတ်ရင်း **အဝတ်အစားအိတ်ကြီး**ပေါ်မှာ ပြန်ထိုင်ချလိုက်တယ်။ လက်က**နာရီကိုကြည့်မိတော့ မနက်ကိုးနာရီခွဲ** တော့မယ်။ အဝတ်အစား **အိတ်တွေကို ဒီအတိုင်းထားခဲ့ပြီး လူချည်း** ဝင်သွားပြန်ရင်လည်း နောက်ကနေ **ဝင်ခိုးသွားရင်အခက်။ အဝတ် အစားအိတ်တွေ** အကုန်လုံးကို သယ်သွားဖို့ကလည်း **ဘယ်လိုနည်း နဲ့မှ**မဖြစ်နိုင်။ မိမိသယ်နိုင်ရင် တစ်လုံးပေါ့။ **ဟိုလင်းတတော့ ခြံထဲကို** ဝင်သွားပြီ။ ဒင်းပြောတာတော့ ထရော်လာဂျီကိုတွန်း**နိုးဖို့ လူသွားခေါ်**





မှာဆိုပဲ။ ဒါဆိုရင် အဘိုးလည်း မိမိရောက်နေတာကို သိပြီးပါလာမှာပါ။ ဒီတော့မှ ဒင်းကိုအလုပ်ထုတ်ပစ်နိုင်းရမယ်။

ဒီလိုနဲ့ပဲ သူမက ဒင်းပြန်ထွက်အလာကို ထိုင်စောင့်နေလိုက်တယ်။ ဒါပေမယ့် အချိန်တွေသာ တရွေ့ရွေ့ကုန်သွားတယ်။ ဒင်းက ပြန်ပေါ်မလာ။ ပြီးတော့ ဒင်းက မပြောလို့လားမသိ၊ အဘိုးလည်း ရောက်မလာ။ ပေါ်မယ့်ပေါ်လာတော့လည်း နေ့လယ်တစ်နာရီလောက်မှ၊ ဒါပေမယ့် **အဘိုးပါမလာဘူး။** ဒင်းနဲ့အတူ လူ လေး ငါး ခြောက် ယောက်လောက်ပါလာတယ်။

ဗိုက်ကဆာ၊ **နေကလည်း**ပူနဲ့ ဒေါသတွေကတအားထွက်လာပြီး ရှိသမျှဒေါသက ဒင်းအပေါ်ကို ပုံကျသွားရတော့တယ်။ ဒီတော့ သူမက သူမအနားကို သူ ရောက်လာတာကိုတောင် မစောင့်နိုင်တော့ဘဲ သူ့ဆီကိုဒေါသတကြီးပြေးသွားလိုက်ကာ...

"ရှင်ဘာလုပ်နေလို့ အခုမှပေါ်လာတာလဲ၊ ရှင်ထွက်သွားတာ ကိုးနာရီကျော်လောက်ကတည်းက၊ အခု ဘယ်အချိန်တောင်ရှိနေပြီလဲ... ဟမ်"

ဆိုတော့ သူက ဘာမှမထူးခြားတဲ့ဒီဖိုင်းနဲ့ သူမကို အေးအေးလူလူကြည့်လာကာ...

"ဟောဗျာ... ကျွန်တော်မျိုးက အမိကို ဘယ်အချိန်ပြန်လာပါမယ်လို့ မှာခဲ့မိလို့လား"

"မမှာခဲ့လည်း ရှင် လူကျင့်ဝတ်ကိုနားလည်ရင် သိရမှာပေါ့၊ ဒီမှာ ကျွန်မ တစ်ယောက်တည်းကျန်နေခဲ့တာကို၊ ပြီးတော့ ရှင် ... **အဘိုးကိုလည်း ကျွန်မရောက်နေတဲ့ကိစ္စ** မပြောလိုက်ဘူးမှလား"

"ဟောဗျာ... အဲဒါကိုရော အမိက ကျွန်တော့်ကိုမှာလိုက်လို့လား"

သူ့အပြောနဲ့ သူ့ပုံစံကိုကြည့်ပြီး သူ့မျက်နှာကို ဆွဲကုတ်ပစ်



www.burmeseclassic.com

www.burmeseclassic.com



ချင်စိတ်တွေကို သူမ တော်တော်ချိုးနှိမ်ထားရတယ်။

သူကတော့ သူမကို ဒီလောက်သာပြောပြီး 'ဘေးမဲ့ပေးထားတယ်' ဆိုတဲ့ဒီဇိုင်းနဲ့ပစ်ထားလိုက်ကာ သူ့ထရော်လာဂျီအစုတ်ကြီးကို လူတွေနဲ့ ဝိုင်းတွန်းပြီးနှိုးနေတော့တယ်။ သူမကတော့ တရှုံ့ရှုံ့ ထွက်နေတဲ့ဒေါသတွေကို ဗိုက်ဆာဆာနဲ့ ပြန်မျိုချနေရင်းက သူတို့ထရော်လာဂျီ နှိုးတာကို မျက်မုန်းကျိုးကျိုးနဲ့ ကြည့်နေမိတော့တယ်။

ခဏအကြာမှာတော့ ထရော်လာဂျီအစုတ်ကြီးက စက်သံကို နားမခံသာအောင် ဆူညံစွာပေးရင်း ပြန်လည်နိုးထလာတော့တယ်။ ဒီတော့ လူတွေအကုန်လုံးက ထရော်လာဂျီပေါ်တက်ပြီး ပြန်ဖို့ပြင်ကြတယ်။

သူက သူမရှေ့မှာ ထရော်လာဂျီကို အသံပိုကျယ်အောင် လီတာကိုခပ်ကြမ်း ကြမ်းနင်းရင်းက. . .

"ကဲ. . . အမိ၊ လိုက်မှာဆိုရင်လည်းတက်၊ မလိုက်ဘူးဆိုရင်လည်းသွားတော့မလို့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်၊ ဒီအနားက ညနေမှောင်လာရင် သရဲခြောက်တတ်တယ်. . "

သူမက အစတော့မလိုက်ဘူးလို့ မူဦးမလို့ပဲ။ ဒါပေမယ့် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ကာ သူပြောသလိုသာ တကယ်ဖြစ်ရင်ဆိုတာကိုတွေးမိပြီး သူ့ကိုမျက်စောင်းထိုးရင်း ထရော်လာဂျီပေါ်ကို အထုပ်အပိုးတွေတင်ဖို့လုပ်ရတယ်။ ဒါပေမယ့် သူမဘာမှ မလုပ်လိုက်ရ။ အမြင်မတော်တဲ့လူတွေက တစ်ယောက်တစ်ထုပ်ဝိုင်းကောက်တင်လိုက်တော့ တန်းပြီးသွားတယ်။ နောက်တော့သူမက ထရော်လာဂျီပေါ်ကို လက်ကိုင်ပဝါလေးတစ်ထည်ခင်းလိုက်ပြီးမှ တက်ထိုင်လိုက်တော့ သူက နွံခနဲရယ်တယ်။

ပြောပြန်ရင်လည်း ဒေါသကပါလာဦးမှာမို့ ဒီတစ်ခါတော့ သူမက မသိချင်ယောင်ဆောင်နေလိုက်တယ်။ စိတ်ထဲမှာတော့ လုံးဝ





ကိုမကျေနပ်။ ဒင်းကိုစိစိညက်ညက်ကြေအောင် အမှုန့်ကြိတ်ပစ်ချင်နေတာ။

ဒီလိုနဲ့သူမက အဘိုးရှေ့ရောက်တယ်ဆိုရင်ပဲ ထရော်လာဂျီပေါ်ကနေ စိတ်ဆိုးမာန်ဆိုးဖြင့် ဆင်းသွားလိုက်ကာ ဒင်းကိုလက်ညှိုးထိုးပြလိုက်ရင်း. . .

"အဘိုး. . . သူ့ကို အလုပ်ထုတ်ပစ်လိုက်တော့"

လို့ပြောချလိုက်တယ်။ ဒီတော့အဘိုးကသူမကို မျက်မှောင်ကုတ်ကြည့်လာရင်းကနေ. . .

"လူက မရောက်သေးဘူး၊ ပြဿနာကပါလာပြီ၊ ဘာဖြစ်ရပြန်တာလဲ၊ ပြောစမ်းပါဦး"

အဘိုးရဲ့စကားအဆုံး သူမက ဖြစ်ကြောင်းကုန်စင်ကို ပြောပြလိုက်တယ်။ အဘိုးကခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေပြီးမှ သူမရဲ့စကားလည်းဆုံးရော. . .

"အဲဒါနဲ့ပဲ ငါက သူ့ကိုအလုပ်ထုတ်ရမယ်ပေါ့၊ ဟုတ်လား"

"ဒါပေါ့ အဘိုးရဲ့၊ သူက"

"တော်စမ်း ! "

အဘိုးရဲ့ ဖြတ်အော်လိုက်သံကြောင့် သူမရဲ့စကားက တစ်ဝက်တပျက်မှာ တင်ရပ်သွားရသလို လန့်လည်းလန့်သွားရတယ်။

"ဒီမှာရှိနေတဲ့လူတွေ အကုန်လုံးက မနက်နေထွက်ကနေ ညနေနေဝင်တဲ့အထိ ကိုယ့်တာဝန်နဲ့ကိုယ် လှုပ်ရှားနေရတာဟ၊ ညည်းကိုဘယ်သူမှ မင်းသမီးတစ်ပါးလို ခရီးဦးကြိုပြုနေနိုင်မှာ မဟုတ်ဘူး။ ပြုစရာလည်းမလိုဘူး၊ ရန်ကုန်ကနေ ဒီကိုရောက်အောင်တောင် ခိုးထွက်လာနိုင်သေးတာပဲ၊ မြို့ရှေ့ကနေ မြို့ထဲရောက်အောင်မှ ဝင်မလာနိုင်ရင်လည်း အဲဒီမှာပဲ ညအိပ်နေလိုက်ပေါ့၊ နေသာမို့လို့ ညည်းကိုတင်ခေါ်လာတာ၊ ငါသာဆိုရင် ဒီအတိုင်းထားခဲ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးဆီကနေ ထင်မှတ်မထားတဲ့ စကားမျိုးကိုကြားလိုက်ရအာမို့ သူမက တအံ့တဩလည်းဖြစ် မှိုလင်းတရှေ့မှာမို့ ရှက်လည်းရှက်သွားကာ...

"အဘိုး...သမီးကို ဘယ်လိုကြီးပြောလိုက်တာလဲ"

"ကြားတဲ့အတိုင်းပဲ၊ နင်အခု ယောက်ျားမလိုချင်လို့ ငါ့ဆီထွက်ပြေးလာတာမဟုတ်လား၊ မြင့်အောင်က ငါ့ဆီကိုဖုန်းလှမ်းဆက်ပြီးပြီ"

"အင်းပေါ့ အဘိုးရဲ့၊ အဘိုးပဲစဉ်းစားကြည့်လေ၊ သမီးကိုပေးစားမယ့်လူရဲ့အသက်က ဒယ်ဒီနဲ့တောင် မတိမ်းမယိမ်းရှိနေပြီဟာကို၊ သမီးကယူစရာလား..."

"အေး...ငါလည်း ဒီကိစ္စကို သိပ်တော့သဘောမကျပါဘူး၊ ဒါပေမယ့် မြင့်အောင်တို့ကတော့ သူတို့ဆီကိုနင်ပြန်လာတာနဲ့ ပြန်လာတဲ့အချိန်ကို ကောက်ပြီးပေးစားမှာပဲတဲ့၊ ငါ့ဆီမှာနင်မနေရင်တော့ နင်နဲ့ အဲဒီဂျပ်စတင်တုတ်ကြီးဆိုတဲ့ကောင်ကို သူတို့တွေပေးစားလို့ မရပါဘူး..."

အဘိုးကွရဲ့စကားကြောင့် ရိုစီမြင့်အောင်ရဲ့မျက်နှာက ဝင်းပသွားတယ်။ ဒါပေမယ့် ခဏပါပဲ။ အဘိုးဆီက နောက်ဆက်တွဲထွက်အဖြစ်ထွက်လာတဲ့ 'ဒါပေမယ့် ...' ဆိုတဲ့စကားကြောင့် ရင်ထိတ်သွားရပြန်တယ်။

"ဒါပေမယ့် ...ငါ့ဆီမှာနေရင်တော့ ငါ့စည်းကမ်းကို တိတိကျကျလိုက်နာနိုင်မှ ဖြစ်မယ်နော် ... ငါ့စည်းကမ်းကို မလိုက်နာနိုင်ဘူးဆိုရင်တော့ အခုကတည်းက အထုပ်အပိုးတွေ နေရာမချရသေးခင် လာရာလမ်းအတိုင်း ပြန်လစ်ပေတော့"

အဘိုးကွရဲ့စကားအဆုံး ဘေးနားမှာရှိနေသေးတဲ့ နေသာဆိုတဲ့ နာမည်နဲ့မလိုက်တဲ့လင်းတက ပြုံးလိုက်တာကို သူမက မြင်ဖြစ်







အောင်ကို မြင်လိုက်သေးတယ်။ ဘယ်ဘဝက ရေစက်မှန်းကိုမသိ။ မြင်တာနဲ့တင်ကို အဝော်မုန်းချင်စရာ ကောင်းတဲ့လူပင်။

"ငါပြောတာကြားလား..."

အဘိုးဆီက ဆက်ထွက်လာတဲ့အသံကြောင့် သူမရဲ့အကြည့်က အဘိုးဆီ ပြန်ရောက်သွားရပြန်တယ်။

"ကြား ... ကြားပါတယ်အဘိုး..."

"ငါ့စည်းကမ်းအတိုင်းလိုက်နာပြီး ငါ့ဆီမှာနေမယ်ပေါ့"

"ဟုတ်"

"လွယ်လွယ်မပြောနဲ့နော်၊ ငါ့ဆီမှာနေလို့ကတော့ ဟိုရန်ကုန်မှာနေသလို ဘော်ကြော့နေလို့ရမယ်မထင်နဲ့၊ သူများတွေနည်းတူ အလုပ် လုပ်ရမှာ"

"ရှင်...သမီးက...သမီးက ဘာလုပ်ရမှာလဲ"

"နင်နဲ့ တန်တဲ့အလုပ်ကို နင်လုပ်ရမှာပေါ့၊ ငါကိုယ်တိုင်တောင် ဒီအတိုင်းထိုင်နေတာမဟုတ်ဘူး၊ အလုပ်လုပ်နေရသေးတာ၊ ဘယ်လိုလဲ၊ လုပ်မှာလား"

သူမ သေချင်စော်နံသွားတယ်။ တစ်ခါမှ အလုပ်လုပ်ဖူးတာမဟုတ်။ အဘိုးက မိမိကိုမညှာမတာခိုင်းရင် ဘယ်လိုလုပ်မလဲ။ ဒါပေမယ့် မြေးအဘိုးချင်းဆိုတော့ ပင်ပင်ပန်းပန်းကြီးတော့ ခိုင်းမယ်မထင်ပါဘူး။ ပြီးတော့ ဟိုသက်ကြားအို ဂျပ်စတင်တုတ်ကြီးရန်ကလည်းရှိသေးတယ်ဆိုတော့ ဒီမှာခဏလောက်ခွေနေလိုက် ပြီး မီးစင်ကြည့်ကဖို့ဆုံးဖြတ်လိုက်တယ်။

"ဟုတ်...လုပ်ပါ့မယ်အဖိုး"

"သေချာတယ်နော်"

"ဟုတ်"

"ဆုံးဖြတ်ချက်ကိုပြင်ချင်သေးရင် အချိန်မီသေးတယ်နော်"





www.burmeseclassic.com

www.burmeseclassic.com



"မပြင်တော့ဘူး"

အဘိုးကပြုံးတယ်။ အရင်တုန်းကဆိုရင်တော့ အဘိုးရဲ့အပြုံးတွေကို သူမ နှစ်သက်ခဲ့တာပင်။ ဒါပေမယ့် ဒီတစ်ခါအဘိုးရဲ့ အပြုံးကိုတော့ သူမရင်ထဲခံ စားပေးလို့မရ။

နောက်ထပ်လည်း သူမ ခံစားပေးလို့မရနိုင်တာတွေ ဘာတွေများ လာဦးမှာလဲမသိ။







သူမနောက်ထပ်ခံစားပေးလို့မရတဲ့ပထမဆုံးသောအချက်ကတော့ ရန်ကုန်မှာနေခဲ့စဉ်က သူမရဲ့ရေချိုးခန်းသာသာလောက်ပဲရှိတဲ့ အခန်းကျဉ်းလေးထဲမှာ နေရပြီး မွေ့ယာမပါတဲ့ ပျဉ်ခင်းခုတင်ပေါ်မှာ အိပ်ရတာပါပဲ။ အခန်းထဲမှာ အဲယားကွန်းကမရှိ၊ တီဗွီကမရှိနဲ့ နေရတာ ဟာတာတာကြီး။ ပြီးတော့တစ်ခုခုခိုင်းချင်လို့မှ ခိုင်းရမယ့် လူကမရှိ။ အို. . . ပြောရရင်တော့ သူမအနားမှာ ဘာဆိုဘာမှမရှိတော့တာပါ။

ညကလည်း တောင်တွေးမြောက်တွေးနဲ့ အိပ်မရခဲ့။ မနက်ခင်း လင်းကာနီးမှ အိပ်ပျော်သွားပြီး အိပ်ရာကနိုးတော့ မွေ့ယာမပါတဲ့အိပ်ရာပေါ်မှာအိပ်ခဲ့ရတာဆိုတော့ ကျောပြင်တွေနာကာနေတယ်။

ဒီအချိန်မှာပဲ သူမရဲ့အခန်းတံခါးကို တဘုန်းဘုန်းလာထုသံနဲ့





www.burmeseclassic.com

www.burmeseclassic.com



အတု အဘိုးရဲ့ အသံသြသြကြီးက ထွက်ပေါ်လာတော့တာဖြစ်တယ်။

"ရှိစီ. . . ဟ ရှိစီ၊ မထသေးဘူးလား၊ ဘယ်အချိန်ရှိနေပြီလဲ၊ ဒီလောက်အိပ်နေရင် ဘယ်အချိန်လုပ်စားမှာလဲ၊ ထတော့ . . . ထတော့ အခု"

သူမက ကျိန်းစပ်နေတဲ့မျက်စိတွေကို အားယူဖွင့်လိုက်ပြီး အဘိုးကို အသံပြန်ပြုရတယ်။

"ထပြီ. . . ထပြီအဘိုး"

"ပါးစပ်ကမထနဲ့၊ လူပါထနော်"

"ဟုတ်"

အဘိုးပြန်ထွက်သွားတဲ့ ခြေသံကို ကြားလိုက်ရတယ်။ သူမက ခေါင်းရင်းလက်ရန်းပေါ်မှာတင်ထားတဲ့ စားပွဲတင်နာရီလေးကို ယူကြည့်လိုက်တော့ မနက်ငါး နာရီသာရှိသေးတယ်။

"ဟာကွာ. . . အစောကြီးပဲရှိသေးတာကို"

သူမက စိတ်မာတ်ကျစွာ ရေရွတ်လိုက်ရင်း ခြေရင်းမှာ စုပုံနေတဲ့ စောင်ကို ခန္ဓာကိုယ်ပေါ် ပြန်ဆွဲယူခြုံလိုက်တယ်။ ရန်ကုန်မှာဆို မနက်ကိုးနာရီလောက်မှ သူမထနေကျပါ။ ဒီလိုနဲ့ သူမက အီးလေးဆွဲနေရင်းနဲ့ ပြန်အိပ်ပျော်သွားပြန်တယ်။

"မိရှိစီ. . . ရှိစီ၊ ညည်းမထသေးဘူးလား အခုထိ"

အဘိုးရဲ့အသံကြားလို့ လန့်ဖျပ်နိုးလာပြန်ကာ နာရီကိုကြည့်လိုက်တော့ မနက်ခြောက်နာရီတောင် ထိုးနေပြီ။ တစ်နာရီလောက် သူမ ထပ်အိပ်ပျော်သွားခဲ့ သေးတာပဲ။

"မိရှိစီ ! "

"ထပြီအဘိုး. . . ထပြီ"

သူမက ခုတင်ပေါ်ကနေဆင်းလိုက်ကာ သွားတိုက်မျက်နှာသစ်ဖို့ ပစ္စည်းကိရိယာတွေ အစုံထည့်ထားတဲ့ခြင်းကြီးကိုဆွဲပြီး အခန်းတံခါး





ကို ဖွင့်လိုက်တော့ အဘိုးက အခန်းတံခါးဝမှာ ခါးထောက်ကာ မျက်ထောင့်နီကြီးနဲ့ကြည့်လို့။

သူမက အဘိုးကိုသွားဖြဲရယ်ပြလိုက်ကာ. . .

"ဟို. . . ညက အိပ်ရာပြောင်းတော့ အိပ်မပျော်လို့၊ မနက်လင်းကာနီးမှ အိပ်ပျော်သွားတာ. . . "

"စကားမရှည်နဲ့ မျက်နှာမြန်မြန်သွားသစ်၊ ဘယ်လိုပုံစံမှန်းကို မသိဘူး၊

မိန်းကလေးလုပ်နေပြီး နေဖင်ထိုးအောင် အိပ်တယ်၊ ညည်းကို မနက်စာစားဖို့စောင့်နေတာ"

အဘိုးရဲ့စကားအဆုံး သူမက ဇက်ကလေးအသာပုကာ မလှမ်းမကမ်းက အုတ်ကန်ဆီကိုပြေးရတယ်။ မိမိဘဝ ဘယ်လိုတွေများ ဖြစ်ကုန်တာပါလိမ့်။

မျက်နှာသစ်နေရင်းကနေ ရန်ကုန်မှာတုန်းက သွားတိုက်ဆေးအဆင်သင့် ထည့်ပေးထားတဲ့ သွားတိုက်တံလေးကို သတိရလာမိတယ်။ အခုတော့ ကိုယ်ထူ ကိုယ်ထ။ ရေချိုးရင်ရော။ ရေချိုးရင်ရောဆိုမှ သူမအထိတ်တလန့်ဖြစ်သွားရတယ်။ ရေချိုးရင်လည်း သူမက ဒီမှာ လာချိုးရမှာလားမသိ။ ဘုရား ဘုရား . . . ဘာအကာအကွယ်မှလည်း မပါ။ ဒီအတိုင်းဟင်းလင်းပြင်ကြီး။ ဒီပုံစံအတိုင်းနှင့်တော့ သူမ မချိုးရဲပါ။

မျက်နှာသစ်ပြီးလို့ နံနက်စာစားမယ်ဆိုပြီး စားပွဲမှာ ဝင်ထိုင်လိုက်တော့လည်း စိတ်ပျက်စရာက စောင့်ကြိုလို့နေတယ်။ စားပွဲဆိုလို့ ဟိုလိုခုံအမြင့်စားပွဲမျိုးမဟုတ်။ ဒီအတိုင်းမြေပြင်ပေါ်မှာ ဆောင့်ကြောင့်ထိုင်ကာ စားရတဲ့ စားပွဲဝိုင်းအနိမ့်လေးကို အိမ်ရှေ့က ကွက်ပျစ်ပေါ်မှာ တင်ထားတာ။ ပြီးတော့ စားရမှာကထမင်းကြော်နဲ့ပဲစေ့ပြုတ်။ ပြီးတော့ ကုလားအော်သီးထောင်း။ နောက်ပြီးသူမစိတ်အပျက်ဆုံးက နေသာဆို



www.burmeseclassic.com

www.burmeseclassic.com



တဲ့ လင်းတကြီးနဲ့ တစ်ဝိုင်းတည်းအတူတူစားရမှာကိုပင်။

ဒင်းက ဒီခြံထဲမှာပဲနေတာ။ ခြံဝန်းထဲမှာက လေးပင်အိမ် ပျဉ်တာ တစ်ဆောင်နဲ့ နှစ်ခန်းတွဲတိုက်ပုလေးတစ်လုံးရှိပြီး ဒင်းက အဘိုးနဲ့အတူတူ ပျဉ်ကာဆောင်မှာနေပြီး သူမကိုတော့ အဘိုးက နှစ်ခန်းတွဲတိုက်ပုလေးရဲ့ ညာဘက်အခန်းမှာပေးနေတယ်။ ဒင်းရဲ့မျက်နှာပေးက အလုပ်သမားတစ်ယောက်ရဲ့ မျက်နှာပေးနဲ့ကိုမတူဘူး။ မာရေကျောရေနဲ့။

သူမက စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်ရင်း. . .

"အဘိုး. . . Breakfast စားစရာက ဒါပဲလား"

"ဟ. . . မနက်ခင်းစာစားတာပဲ၊ ဒါပဲပေါ့ဟ၊ ညည်းက ဘာတွေများစားချင်သေးလို့လဲ. . . "

"သမီးမှ Breakfast ကို ဒီလိုဟဲဗီးကြီးတွေ မစားတတ်တာ အဘိုးရဲ့၊ သမီးက မနက်စာကို ပေါ့ပေါ့ပါးပါး ပေါင်မုန့်နဲ့ လက်ဖက်ရည်တို့၊ မုန့်ဟင်းခါးတို့လောက်ပဲစားတတ်တာ၊ ဒီလိုထမင်းကြော်ကြီးတွေ မစားတတ်ပါဘူး"

"ကဲ. . . မမရှိစီ၊ ဒီနေ့တော့ ဒါပဲရှိတယ်၊ ဒီအနီးအနားမှာလည်း ဘာဆိုဘာဆိုင်မှမရှိဘူး၊ ဒီနေ့တော့ ဒါပဲစားလိုက်၊ ပြီးမှ ညည်းလိုအပ်တာတွေရော စားချင်တာတွေရော အကုန်လုံးစာရွက်တစ်ရွက်နဲ့ရေးပြီး နေသာ့ကိုပေးထားလိုက်၊ နေသာက ဒီနေ့မြို့ထဲဘက်ကို ကြက်ဥပို့ရင်းနဲ့ ဝယ်လာပေးလိုက်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ အဘိုး"

ဆိုပြီး သူ့အကြည့်က သူမဆီရောက်တယ်။ သူမက 'ရှင့်ကို စာရင်းမရှိဘူး' ဆိုတဲ့ ဒီဇိုင်းမျိုးနဲ့ မသိချင်ယောင်ဆောင်နေလိုက်ကာ သူမရှေ့မှာ ချပေးထားတဲ့ ထမင်းကြော်ပန်းကန်ကို စိတ်မပါ့တပါနဲ့ ကောက်ကိုင်လိုက်တယ်။





ဒီလိုနဲ့ ထမင်းကြော်ကိုစားနေရင်းကနေ နှစ်လုပ်သုံးလုပ်လောက် စားအပြီးမှာတော့ သူမပါးစပ်ထဲမှာ မာဆတ်ဆတ်အရာ တစ်ခုကို ဝါးလိုက်မိတယ်။ ဒီမှာတင်ပဲ ဒါဟာဘာဆိုတာကို ခံစားသိလိုက်တဲ့သူမက. . .

"အိမ်တော်ထိန်း ! "

လို့ အကျယ်ကြီး ရုတ်တရက်အော်ချလိုက်တော့ အဘိုးနဲ့ နေသာဆိုတဲ့ လူရဲ့အကြည့်က သူမဆီကိုဟာအံ့တသြ ရောက်လာတော့တယ်။ နှစ်ယောက်စလုံးက သူမကို ဘာကြောင့်တာပါလိမ့်ဆိုတဲ့ အကြည့်မျိုးနဲ့ မျက်လုံးကြီးတွေပြူးပြီး ကြည့်နေတာ။ နေသာက ပါးစပ်ထဲကို ထမင်းလုပ်ခွံ့ရင်းတန်းလန်းကြီးနဲ့ သူမကို ကြည့်နေတာ။ အဘိုးဆိုရင်လည်း ကုလားအော်သီးထောင်းပန်းကန်ဆီကို လက်လှမ်းရင်းကနေ သူမအော်သံကြောင့် လက်က လိုရာကိုမရောက်ဘဲ လေထဲမှာတင် တစ်ဝက်တပျက်နဲ့ရပ်နေကာ သူမကို ပြူးကြောင်ပြီးကြည့်နေတာ။

ဒီတော့မှသူမက မိမိရဲ့လက်ရှိအခြေအနေကို သတိရသွားကာ မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်လိုက်ရင်း. . .

"ဘာ. . . ဘာမှမဟုတ်ဘူး၊ ယောင်သွားလို့၊ စားပါ၊ စားစရာရှိတာ ဆက်ပြီးစားလေ"

ဆိုပြီး ထမင်းကြော်ကိုပဲ ခပ်တည်တည်နဲ့ ခေါင်းငုံ့စားနေလိုက်တယ်။ ထမင်းစားပြီးလို့ ပန်းကန်ကို ဒီအတိုင်းထားခဲ့ကာ ထိုင်ရာကထ,ထွက်မယ်ပြင်တော့ အဘိုးက. . .

"ဟေ့ . . . ဘယ်သွားမှာလဲ၊ ဒီမှာညည်းစားပြီးသား ထမင်းပန်းကန်ကိုဆေးပေးမယ့်သူ တစ်ယောက်မှ မရှိဘူးနော်၊ ငါစားတဲ့ပန်းကန်ကို မဆေးချင်ရင်နေပါ ဒေါ်ရှိစီရယ်၊ နင်စားတဲ့ပန်းကန်လေးတို့တော့ ဆေးသွားပါ"

www.burmeseclassic.com



လို့ဆိုတယ်။ ဒီတော့သူမက ဘာမှမဖြစ်သလိုပုံစံနဲ့ပင် အဘိုးကို ကြည့်လိုက်ရင်း. . .

"ဆေးမှာပါ အဘိုးရဲ့၊ သမီးက အောက်ကို လူအရင်ဆင်းပြီးမှ ပန်းကန်ကို ယူမလို့ပါ"

"အေး. . . ပန်းကန်ဆေးပြီးရင်လည်း အခန်းထဲကိုပြန်ဝင်ပြီး ခွေမနေနဲ့ဦး၊ ဒီနေ့ နေသာနဲ့ ကြက်ခြံတွေဘက်ကိုလိုက်ပြီးလေ့လာ၊ ကြားလား"

သူမက နေသာဆိုတဲ့လူကို မျက်လုံးစွေကြည့်လိုက်ပြီးမှ 'ဟုတ်' လို့ တစ်ခွန်းတည်းဖြေကာ စားပြီးသားပန်းကန်ကိုဆေးဖို့ ထွက်လာခဲ့လိုက်တယ်။ သူမဘဝမှာ ကိုယ်စားပြီးသားပန်းကန်ကို ဆေးဖူးခြင်းဟာလည်း ဒါပထမဆုံးအကြိမ်ပါပင်။





"ဒီခြံမှာက နွား၊ ကြက်နဲ့ဝက်မွေးတယ်၊ နွားခြံကို ကိုရန်ရှင်းနဲ့ မထားမေတို့က တာဝန်ယူထားတယ်၊ ဝက်ခြံကို တာဝန်ယူထားတာက ကိုရှမ်းလေးနဲ့ မဖြူတို့လင်မယား၊ ကြက်ခြံတွေကိုတော့ ငါနဲ့ ဗလဆိုတဲ့ကောင်လေးက တာဝန်ယူထားတယ်လေ"

နေသာက သူမကို ကြက်ခြံတွေဘက်ကိုခေါ်သွားရင်း လမ်းတစ်လျှောက်မှာ သူမသိထားသင့်တဲ့ အကြောင်းအရာတွေကို ပြောပြလာခဲ့တယ်။ သူမကတော့ အင်းမလုပ်အဲမလုပ်နဲ့ ငြိမ်ပြီးပါလာတယ်။ သူပြောတာကိုပဲ စိတ်ဝင်တစားနားထောင်ပြီး ငြိမ်ပါလာခဲ့တာလား၊ သူမအတွေးနဲ့သူမ ငြိမ်ပြီးပါလာတာလားဆိုတာကိုတော့ သူမသာ သိပါလိမ့်မယ်။ သူကလည်း အဘိုးကရှင်းပြလိုက်ဆိုလို့သာ ရှင်းပြနေရပေမယ့် သူမဒီအလုပ်တွေ လုပ်နိုင်လိမ့်မယ်လို့တယ်မထင်လှပါဘူး။

"မင်းကိုတော့အဘိုးက ငါနဲ့အတူ ကြက်ခြံမှာဝိုင်းကူခိုင်းမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးသူက သူမကိုလှည့်ကြည့်လိုက်မိတော့ သူမက မထုံ တတ်သေး မျက်နှာနဲ့ သူ့ကိုပြန်ကြည့်တယ်။

"ငါပြောတာတွေကိုရော မင်းကြားရဲ့လား"

"ကြားသားပဲ"

သူမအသံက ခပ်ပြတ်ပြတ်။

"ကြားရင်လည်း တစ်ခုခုတော့ ပြန်ပြောဦးမှပေါ့ကွ၊ မင်းပုံစံ က မထုံတတ်သေးနဲ့၊ ငါကတော့ တစ်ယောက်တည်း စကားတွေ ပြောလို့ အရှုံးကြီးကျနေတာပဲ"

ဆိုတော့သူမက သူ့ကို ဘာပြဿနာရှာတာလဲ ဆိုတဲ့ အ ကြည့်မျိုးနဲ့မျက် လုံးလှန်ကြည့်လာကာ. . .

"ကျွန်မက ဘာပြောရမှာလဲ"

"ငါပြောတဲ့စကားကို ဂရုတစိုက်နားထောင်နေပါတယ်ဆိုတာ ကို ပေါ်လွင်စေမယ့်တစ်ခုခုပေါ့ကွ၊ ဥပမာ 'အင်း'လို့ လိုက်ပေးတာ မျိုးပဲဖြစ်ဖြစ်ပေါ့"

"အင်း"

သူ့စကားအဆုံး တန်းပြီးထွက်ပေါ်လာတဲ့ သူမရဲ့'အင်း' ကြောင့် သူ့စိတ်ထဲ မချင့်မရဲဖြစ်သွားရတယ်။ ဒါသူ့ကို သူမ သက်သက် ရွဲ့တာ။

ပြောပြန်ရင်လည်း ရန်ကဖြစ်ရဦးမှာမို့ ပြောမနေတော့ဘဲ အသာအောင့်နေလိုက်တယ်။ ဒီလိုနဲ့ကြွက်ခြံတွေရှိရာဆီကို ရောက်လာ တယ်။ သူကကြွက်ခြံကြီးတွေကို လက်ညှိုးထိုးပြလိုက်ရင်း. . .

"ဒီမှာက ဒါမျိုးကြွက်ခြံပေါင်း ငါးခြံရှိတယ်၊ တစ်ခြံကိုကြွက် ကောင်ရေကလေးရာဆိုတော့ ကြွက်ကောင်ရေ နှစ်ထောင်ရှိတယ် . . ဟိုဘက်က ကြွက်ခြံသေးသေးလေး နှစ်ခုကကျတော့ ကြွက်သားပေါက် လေးတွေထားတာ. . ."





"အင်း"

သူမရဲ့အင်းသံက မအင်းချင်အင်းချင် အသံမျိုး။

"ကြွက်တွေကို ကြွက်စာအချိန်မှန်ကျွေးရတယ်၊ ကြွက်စာစပ် နည်းကိုတော့ နောက်မှ မင်းကိုပြမယ်၊ ကျန်းမာရေးကိုလည်း သေချာ ဂရုစိုက်ရတယ်၊ ကြွက်တွေက ရောဂါအဖြစ်လွယ်သလို ကူးစက်တာ လည်း မြန်တယ်. . ."

"အင်း"

"ကြွက်ဥက မနက်ဆယ်နာရီလောက်မှာတစ်ကြိမ်၊ ညနေသုံး နာရီလောက် တစ်ကြိမ်ကောက်တယ်၊ တစ်နေ့တစ်နေ့ ကြွက်ဥရတဲ့ နှုန်းကတော့ မတူဘူး၊ ဒါပေမယ့် နေ့စဉ်ကြွက်ဥရရှိမှုက ပျမ်းမျှ ထောင့်ရှစ်ရာလောက်မှာရှိတယ်"

"အင်း"

"မင်း. . . ငါ့ကိုရွဲ့နေတာတော့ မဟုတ်ပါဘူးနော်"

"ဘာကိုလဲ"

"တအင်းတည်း အင်းနေလို့"

"ရှင်ပဲ အင်းလိုက်ပေးဆို"

သူမစကားကြောင့် သူက ရယ်ချင်စိတ်ကို တစ်ဖက်လှည့်ကာ ဖျောက်ရတယ်။ ဘယ်လိုကောင်မလေးမှန်းကို မသိ။

"ကြွက်ခြံတွေထဲကို ဝင်ကြည့်ဦးမလား"

သူ့စကားကြောင့် သူမမျက်နှာက ရှုံ့မဲ့သွားပြီး ခန္ဓာကိုယ်က လည်း တီကို ဆားနဲ့တို့လိုက်သလို တွန့်လိမ်သွားကာ. . .

"အမလေး. . မကြည့်တော့ပါဘူး၊ ကြွက်ချေးစော်က ဒီအပြင် ကတောင် ဒီလောက်နံနေတာ၊ အထဲမှာဆို မူးလဲလိမ့်မယ်. . ."

အောင်မလေးဗျာ. . . ဒီပုံစံနဲ့များ ဒီကြွက်ခြံမှာ အလုပ်လုပ်ဦး မလို့တဲ့။ သေသာသေလိုက်ချင်တော့တာပါပဲ။ တကယ့်ကို နန်းမတော်



www.burmeseclassic.com

www.burmeseclassic.com



မယ်နေရယ်ပါ။

"လာ. . . ဒီကြက်ခြံပြီးပြီဆိုတော့နွားခြံနဲ့ဝက်ခြံတွေဘက်ကို လိုက်ပြမယ်"

"ဟာ. . . မသွားချင်ပါဘူး၊ ရှင်ပြောတော့ ကျွန်မက ကြက်ခြံမှာပဲ လုပ်ရမှာဆို"

"အင်းလေ. . . ဒါပေမယ့်"

"ဒါပေမယ့်တွေ ဘာတွေလုပ်မနေနဲ့၊ ကြက်ခြံမှာလုပ်ရမှာဆိုရင် ကြက်အကြောင်းပဲပြော၊ ကျန်တာတွေ ကျွန်မနဲ့ မဆိုင်ဘူး"

"ဟောဗျာ"

သူကသာ 'ဟောဗျာ'နေတာ၊ သူမကတော့ ပြောစရာမရှိတော့တဲ့အလား အနီးနားက သစ်ပင်အောက်မှာချထားတဲ့ ပက်လက်ကုလားထိုင်ပေါ်မှာ ခြေချိတ်ပြီး စတိုင်ကျကျသွားထိုင်လို့. . . ။





## ဓာဝဝါဒလယ် – ၂

ညကတိတ်ဆိတ်မှုပိုကဲလာခဲ့ပြီ။ သူမက ခုတင်ပေါ်မှာ အသာလှဲလှဲလွန့်နေရင်းကနေ ခေါင်းရင်းက နာရီလေးကိုယူကြည့်လိုက်မိတယ်။ ဆယ့်နှစ်နာရီထိုးပြီး နှစ်ဆယ့်ငါးမိနစ်။ ဒီလောက်ဆိုရင် နွားခြံဘက်က အလုပ်သမားတွေနဲ့ ဝက်ခြံဘက်က အလုပ်သမားတွေပါ ဒီအိမ်ဘက်ကို လာတော့မှာမဟုတ်။ ဒါဆို ဟိုနေသာဆိုတဲ့လူရော။ သူလည်း အိပ်လောက်ပါပြီ။ သူမက ပတ်ဝန်းကျင်ကအသံတွေကို အသာနားစွင့်ကြည့်လိုက်တယ်။ ဘာသံမှမကြားရတော့ဘူး။ ဒါနဲ့ ပိုပြီးသေချာသွားအောင်ဆိုပြီး သူမကခုတင်ပေါ်ကဆင်းလာကာ အခန်းတံခါးကို အသံ

www.burmeseclassic.com



မကြားအောင်အသာလေးတွန်းဖွင့်ပြီး အပြင်ကိုမျက်စိဝေ့ကြည့်လိုက်မိတယ်။ အပြင်မှာက ပိတ်မှောင်နေကာ လူရိပ်လူခြည် မရှိတော့ဘူး။

ဒီတော့မှသူမကစိတ်ချသွားကာ သက်ပြင်းမောကိုကျိတ်ချလိုက်ပြီးနောက် ခုတင်ပေါ်မှာ အဆင်သင့်တင်ထားတဲ့ ဆပ်ပြာခြင်းနဲ့ တဘက်အကြီးကြီးကိုယူလိုက်ကာ အပြင်ကိုထွက်လိုက်တယ်။ နောက်တော့ ခြေသံမထွက်ရအောင် ခြေထောက်ကို ဖွဖွနင်းပြီး ရေအုတ်ကန်ဆီကို သွားရတယ်။ သူမရဲ့ရည်ရွယ်ချက်က ရေချိုးဖို့၊ မှောင်မှောင်မည်းမည်းထဲမှာ စမ်းပြီးသွားရတယ်ဆိုပေမယ့် ရေအုတ်ကန်ဆီကို တန်းတန်းမတ်မတ် ချောချောမွေ့မွေ့ပဲ ရောက်သွားတယ်။

ရေအုတ်ကန်ကို ရောက်ပြီးတော့လည်း ရေကိုအသံထွက်အောင် တပြောပြောလောင်းမချိုးရဲ။ သာသာလေးခပ်ပြီး ခန္ဓာကိုယ်ပေါ်ကို ဖြေးဖြေးလေးလောင်း ချိုးရဟယ်။ ရေကခအေးစိမ့်ကာနေလေတော့ ချိုးရတာ အရသာရှိလိုက်တဲ့ဖြစ်ခြင်း။ ခိုးစားရတဲ့သစ်သီးက ပိုချိုသလို ခိုးလုပ်ရတဲ့အလုပ်ကလည်း တော်တော်လေး လျှို့ဝှက်သည်းဖိုနိုင်ပြီး အရသာ ပိုရှိပါတယ်။

နှစ်ရက်လောက် ရေမချိုးဘဲနေခဲ့ရတာဆိုတော့ အခုလိုရေနဲ့ ပြန်ထိတွေ့ခွင့်ရတုန်းမှာ သူမက ရေကိုစိမ်ပြေနပြေ တဝကြီး ချိုးပစ်လိုက်တယ်။ တစ်ကိုယ်လုံး လန်းဆန်းအေးမြသွားတော့မှ ရေချိုးခြင်းကို လက်စသတ်လိုက်ပြီး အသင့်ယူလာတဲ့ တဘက်အကြီးကြီးနဲ့ ခန္ဓာကိုယ်ကို ပတ်လိုက်တယ်။ ပြီးနောက် အခန်းထဲကိုပြန်ဖို့ ဆပ်ပြာခြင်းဆီကို လက်အလှမ်းမှာပဲ. . .

"သူခိုးဟျို့. . . သူခိုး. . . သူခိုး"

ဆိုတဲ့အော်လိုက်သံကြီးနဲ့အတူ ခြံထဲတဝိုက်မှာ ဆူညံပွက်လောရိုက်သွားကာ အဘိုးရဲ့အခန်းဆီက မီးလင်းလာသလို နေသာဆိုတဲ့လူရဲ့အခန်းတံခါးကလည်းဝုန်းခနဲပွင့်လာပြီး အဲဒီလူထွက်လာတာကို





တွေ့လိုက်ရတယ်။ ပြီးတော့ ခြံထဲမှာလည်း ဓာတ်မီးရောင်တွေ တဝင်းဝင်း ထွက်ပေါ်လာတယ်။

ဒီတော့သူမက ဆပ်ပြာခြင်းကို အလျင်အမြန်ဆွဲယူလိုက်ကာ အုတ်ကန်ရဲ့ တစ်ဖက်မှာ သွားပုန်းနေလိုက်ရတယ်။ ဒီတော့ မီးရောင် တဝင်းဝင်းရဲ့ အကွယ်ကို ရောက်သွားပြီး အသံတွေကိုပဲကြားနေရတော့တယ်။

"ဗလ. . . သူခိုးကဘယ်နေရာကိုကပ်တာလဲ၊ ဘယ်ရောက်သွားပြီလဲကွ"

"ကြက်ခြံကိုကပ်တာ ကိုနေသာရ၊ ကျွန်တော်က သေးပေါက်ထွက်လာတာ၊ အဲဒါ ကြက်ခြံနံပါတ်နှစ်ဘက်က ကြက်တွေ အသံထွက်နေတာနဲ့ ဘာဖြစ်တာပါလိမ့်ဆိုပြီး သွားကြည့်တာ၊ ဓာတ်မီးက ပါမလာတော့ လူကို သေချာမမြင်လိုက်ရဘူး၊ ကျွန်တော်က အော်လိုက်တော့ လန့်ဖျပ်ပြီး အဘိုးတို့အဆောင်ဘက်ကိုပြေးသွားတာပဲ၊ အပြေးကတော်တော်မြန်တယ်ဗျ၊ ကျွန်တော်နောက်က အမြန်လိုက်လာတာတောင် ဒီနားရောက်တော့ ပျောက်သွားတယ်"

"ဒါဆို အဲဒီကောင် ဒီနားတဝိုက်မှာပဲရှိဦးမယ်၊ တစ်နေရာရာမှာ ခိုနေမှာပဲ၊ ရှာကြစမ်းကွာ"

"လူခွဲဟေ့. . . လူခွဲပြီးရှာ၊ မိလို့ကတော့ဒီလောက်အတင့်ရဲတဲ့ကောင်ကို အသေသာဆော်ပစ်"

"ချမှာ. . . ချမှာ. . . စိတ်ချ"

"ဟာ. . . ဟေ့ဟေ့ လက်လွန်ခြေလွန်တွေဖြစ်ကုန်ဦးမယ်နော်"

အသံတွေက တစ်ယောက်တစ်ပေါက်ဆိုတော့ ဆူညံပွက်လောရိုက်နေတော့တယ်။ သူမကတော့ အုတ်ကန်ကြီးရဲ့တစ်ဖက်မှာ ဇောချွေးတွေပြန်လို့။ တစ်ယောက်ယောက်များ ဒီဘက်ကိုရောက်လာခဲ့ရင်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အတွေးက သူမကို ရှုးချင်ချင် ဖြစ်သွားစေတယ်။

သူမသိထားသလောက်ဆိုရင် နွားခြံ၊ ဝက်ခြံနဲ့ ကြက်ခြံတွေမှာရှိတဲ့ အလုပ်သမားတွေ အကုန်ပေါင်းလိုက်ရင် ယောက်ျားမိန်းမ စုစုပေါင်းဆယ့်ငါးယောက်လောက်ရှိမယ်ထင်တယ်။ ဒီလူတွေအကုန်လုံးနိုးလာကြတာဖြစ်မှာ။ ဒုက္ခပါပဲ. . . ဘယ်လိုလုပ်ရပါ့မလဲ။

သူမက အခြေအနေကိုသိချင်တော့ အုတ်ကန်ပေါ်ကနေ မျက်လုံးပေါ်ရုံလောက်လေးသာ ထွက်လိုက်ပြီး အိမ်ဘက်ဆီကိုကြည့်လိုက်မိတယ်။ မီးရောင်တွေက ဟိုမှာသည်မှာ တဝင်းဝင်းနဲ့ သူ့ကိုရှာနေကြတာ။ ဒါပေမယ့် သူမ,ရှိရာ ရေအုတ်ကန်ဘက်ကို တစ်ယောက်မှ ရောက်မလာတာကိုတော့ ကံကောင်းတယ်လို့ပဲ ပြောရမလားမသိ။

အဲဒီအခိုက်မှာပဲ သူမရှိရာအုတ်ကန်ဘက်ဆီ ဓာတ်မီးရောင်တစ်ခုက ဝင်းကနဲရောက်လာတော့ သူမက အောက်ကိုကမန်းကတန်းထိုင်ချလိုက်ရတယ်။ ရင်ထဲမှာလဲထိတ်ခနဲ။ မြင်များမြင်သွားလေသလား။ မြင်တော့မမြင်လောက်ဘူးထင် တာပါပဲ။ ဘုရား ဘုရား . . . မမြင်ပါစေနဲ့။

ဒါပေမယ့် သူမ,ဆုတောင်းက မပြည့်လိုက်ဘဲ သူမ,ရှိရာဘက်ကို လူတစ်ယောက်လျှောက်လှမ်းလာတဲ့ ခြေသံတစ်သံ ကြားလိုက်ရတယ်။ အမလေး. . . သေတော့မှာပဲ။

ခြေသံက သူမနဲ့တဖြည်းဖြည်းနီးလာတယ်။ နောက်တော့ အုတ်ကန်ရဲ့ တစ်ဖက်မှာရပ်သွားကာ ဓာတ်မီးနဲ့လျှောက်ထိုးကြည့်နေတော့တယ်။ ဒီတော့သူမက ခေါင်းကိုတတ်နိုင်သမျှပုထားလိုက်မိကာ အဲဒီခေါင်းကိုပဲ ဒူးနှစ်လုံးကြားမှာ ညှပ်ထားလိုက်ကာ ဒူးတွေကိုလက်နဲ့ ကျစ်ကျစ်ပါအောင်ပိုက်ထားလိုက်မိတယ်။

“ဒီနားက ရေတွေက ဘာဖြစ်တာပါလိမ့်”



ခြေသံပိုင်ရှင်ဆီက အသံထွက်လာတော့မှ သူမက ခြေသံပိုင်ရှင်ဟာ ဘယ်သူဆိုတာကို သိလိုက်တယ်။ ဒါ. . . ဟိုလူ၊ နေသာ။

“ဒီအချိန်ကြီး ဘယ်သူများရေလာချိုးထားတာပါလိမ့်”

နောက်ထပ်ရေရွှတ်သံတစ်ခုက ထပ်ထွက်လာပြန်တယ်။ ဒါပေမယ့် အုတ်ကန်ရဲ့တစ်ဖက်ကိုတော့ ရောက်မလာဘဲ ခဏအကြာမှာ ပြန်ထွက်သွားတဲ့ခြေသံကို ကြားလိုက်ရတယ်။ ဒီတော့မှ သူမက သက်ပြင်းကို အသာချရင်း “အမလေး . . . တော်ပါသေးရဲ့” လို့ စိတ်ထဲကနေ ရေရွှတ်မိတယ်။

“တွေ့လားဟေ့”

“မတွေ့ဘူး. . . ရှာတာလည်း နှံ့နေပြီ”

“ဟုတ်တယ်. . . ဟိုဘက်တွေမှာလည်း မရှိဘူး”

“ပြေးပြီနဲ့ တူပါတယ်ကွာ”

“တောက်. . . မမိတာနာတယ်ကွာ”

တစ်ယောက်တစ်ပေါက်ရေရွှတ်သံတွေကို သူမကြားနေရတယ်။ နောက်ပြီးတော့ “ကဲ. . . ကဲ. . . မနက်ခင်းကျရင်လည်း အစောထကြရဦးမှာဆိုတော့ ပြန်အိပ်ကြတော့၊ ပြန်အိပ်ကြတော့၊ သွားသွား” ဆိုတဲ့အဘိုးရဲ့အသံကြောင့် သူမရင်ထဲမှာ လှိုက်ခနဲပျော်သွားရတယ်။ ဒီမှာ ခြင်ကလည်း တော်တော်လေးကိုက်တာ။ အသံထွက်သွားအောင် ကျတော့လည်း မရိုက်ရဲ။ ဒီတော့ကိုက်တဲ့နေရာကို လက်ဖလေးနဲ့ အသာအယာသွားသွားပွတ်နေရပြီး ခြင်တွေကလည်း ဒါကိုပဲ သိနေသလား မပြောတတ်ဘူး၊ ပိုပိုပြီးတော့ အတင့်ရဲကိုက်လာတယ်။

သူမက အုတ်ကန်ကိုကျော်ကာ စောစောကအတိုင်း ကြည့်လိုက်မိပြန်တော့ အလုပ်သမားတွေ လူစုခွဲပြန်သွားကြတာကိုတွေ့လိုက်ရတယ်။ ဒါပေမယ့် အဘိုးနဲ့နေသာကတော့ ကွပ်ပျစ်နားမှာရှိနေကြတုန်းပဲ။





www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ဒီလောက်အပြင်မှာ ဆူညံနေတာကို ဟိုတစ်ယောက် မနိုးဘူးလားမသိဘူး၊ ထွက်မလာဘူး"

အဘိုးအသံကြောင့် သူမကခေါင်းကိုပြန်ပုထားလိုက်မိတယ်။ ဒါမိမိကို မေးတာ။

"ဟုတ်တယ်အဘိုး. . . သူထွက်မလာဘူး"

ဒါက ဟိုလူ့အသံ။

"ဒီကောင်မလေး ဒီလောက်တောင် အအိပ်မက်ရသလား နေသာ သွားနှိုးစမ်းကွာ"

ဟင်! ဒုက္ခပဲ။ အခုမှ တကယ့်ကိုဒုက္ခရောက်တော့တာ။ ဘယ်လို လုပ်ရပါ့မလဲ။ ဒါပေမယ့် . . .

"ထားလိုက်ပါ အဘိုးရယ်၊ သူလည်း အိပ်ရာအပြောင်းအလဲနဲ့ ဆိုတော့ မနေ့ညက ကောင်းကောင်းအိပ်မပျော်ဘူးနဲ့တူပါတယ်၊ ဒီနေ့မှ သူ ကောင်းကောင်းအိပ်ရတာ၊ အိပ်ပါစေ"

လို့ဆိုတဲ့ နေသာစကားကြောင့် အဘိုးကချောင်းတစ်ချက်ကို ဟန့်လိုက် ရင်း . . .

"အေး ဒါလည်းဟုတ်တာပဲ၊ မနက်ကျရင်တော့ အအိပ်ကြီးတဲ့ ကိစ္စကိုပြင်ခိုင်းရဦးမယ်"

ဆိုပြီး အခန်းထဲပြန်ဝင်သွားသံကို ကြားလိုက်ရတယ်။ သူမကတော့ နေသာဆိုတဲ့လူကို ရောက်ကတည်းကအမြင်ကတ်လာခဲ့သမျှ ဒီတစ်ခါတော့ ကျေးဇူးတင်သွားရတယ်။ နောက်တော့ နေသာဆိုတဲ့ လူပါ သူ့အခန်းထဲပြန်ဝင်သွားသံကို ကြားလိုက်ရတယ်။ ဒါပေမယ့် သူမက တန်းမလှုပ်ရှားဖြစ်သေးဘဲ ငါးမိနစ်လောက် ထပ်စောင့်လိုက်ပြီးမှ အခန်းဆီကို ခြေဖော့ပြီး ပြန်လာခဲ့လိုက်တယ်။ ဒီလိုနဲ့ သူမ အခန်းရှေ့ကိုပြန်ရောက်လို့ သူမက အခန်းတံခါးကို ဖွင့်မယ်လုပ်ကာရှိသေးတယ်၊ အခန်းတံခါးက သူ့အလိုလိုပွင့်သွားပြီး အထဲကနေထွက်လာ





တာက မျက်နှာမည်း မည်းကြီးတစ်ခု. . .။

"အား !"

မျက်နှာမည်းမည်းကြီးက သူမကိုလည်းမြင်ရော အလန့်တကြား ထအော်လိုက်သလို သူမကလည်း အာခေါင်ကိုခြစ်ကာ အော်ချလိုက်မိတယ်။

"အား. . . အောင်မလေး အဘိုးရဲ့. . . သူခိုးက ဒီမှာ ဒီမှာ"

သူမက အော်လည်းအော် လက်ထဲကကိုင်ထားတဲ့ ဆပ်ပြာခြင်းကြီးနဲ့လည်း သူခိုးကိုကြောက်လန့်တကြား လွဲလွဲပြီး မျက်စိစုံမှိတ်ကာ တစ်ချက်ပြီးတစ်ချက် ရိုက်ပစ်လိုက်တယ်။

"အောင်မလေးဗျ. . . အား အား အား. . ."

နောက်တော့ စောစောက မီးရောင်တွေက ပြန်လည်ထွက်ပေါ်လာကာ ခြံထဲမှာပွက်လောရိုက်သွားပြန်တယ်။ ဒါပေမယ့် သူမက မျက်လုံးတွေကို မဖွင့်မိသေး။ ပြီးတော့ ဆပ်ပြာခြင်းကြီးနဲ့လည်း ရိုက်မိရိုက်ရာကို ရိုက်နေတုန်း။

"ဟား. . . တော်တော့ တော်တော့ ရပြီရပြီ၊ သူခိုးသေသွားလိမ့်မယ်"

ဆိုပြီး သူမလက်တွေကို တစ်စုံတစ်ယောက်ကဝင်ဆွဲတော့မှ ရပ်တန့်သွားရပြီး မျက်လုံးတွေကိုဖွင့်ကြည့်လိုက်တော့ သူမပတ်ပတ်လည်မှာ လူတွေအများကြီး။

မျက်နှာမှာ အိုးမဲတွေသုတ်ထားတဲ့ လူတစ်ယောက်ကို အလုပ်သမားနှစ်ယောက်က တစ်ဖက်တစ်ချက်ကနေ ချုပ်ကိုင်ထားကြတာကို တွေ့ရတယ်။ ဒါပေမယ့် လူတွေအားလုံးရဲ့အာရုံက သူခိုးဆီမှာမရှိဘဲ သူမဆီမှာသာရှိနေကြတာကို တွေ့လိုက်ရတယ်။ သူတို့အားလုံးရဲ့ အကြည့်တွေက တအံ့တသြနဲ့ သူမကိုနားမလည်နိုင်တဲ့ အကြည့်မျိုးတွေ။ အဘိုးက. . .



www.burmeseclassic.com

www.burmeseclassic.com



"မိရိုစီ. . ညည်းပုံစံကဘာယ်လိုဖြစ်နေတာလဲ၊တဘက်ကြီးပတ်ပြီးတော့"

ဆိုမှသူမက ကိုယ်အဖြစ်ကိုကိုယ် သတိရသွားကာ လက်တွေကို ပိုက်ထားလိုက်ရင်း. . .

"ဟို့. . . ဟို့. . . သမီး သမီး. . . ရေထွက်ချိုးတာအဘိုး"

"ဟော!. . ."

♡♡♡♡♡







"ဘယ်လို ! သမီးက ကြက်ချေးကျုံးရမယ်၊ ဟုတ်လား"

"ဟုတ်တယ်. . . ကျုံးရမယ်၊ ဒီနေ့ဗလက ပြင်ဦးလွင်ဘက်ကို ကြက်ဥနဲ့နွားနို့တွေ သွားပို့နေတယ်၊ အဲဒီတော့ညည်းက ဒီနေ့ နေသာနဲ့အတူတူ ကြက်ခြံထဲမှာ မနက်ပိုင်းကို ကြက်ချေးကျုံး ဆယ်နာရီလောက်ကျရင် ကြက်ဥကောက်၊ အကုန်ဝိုင်းကူလုပ်ရမယ်"

အဖိုးစကားကြောင့် သူမက ကလေးတစ်ယောက်လို မြေကြီးမှာ လူးလှိမ့်ပြီးတော့ ငိုပစ်လိုက်ချင်စိတ် ပေါက်သွားတယ်။

"ဟာ. . အဘိုးကလည်း၊ ကြက်ခြံထဲတော့ မဝင်ချင်ပါဘူး၊ ကြက်ချေးစော်က နံပါတယ်ဆိုမှ"

"မိရိုစီ. . . ကြက်ခြံမှာလုပ်ရင်တော့ ကြက်ချေးစော်နံမှာပဲ၊ အတွန့်ထပ်မတက်နဲ့၊ ငါခိုင်းတာကိုလုပ်၊ ကြက်ချေးစော်နံတာမှာ သေမှာကျနေတာပဲ. . ."

"သမီးမှ ကြက်ချေးနံ့မခံနိုင်တာအဘိုးရဲ့၊ ဟင့်အင်း ဟင့်အင်း ကြက်ချေးတော့မကျုံးနိုင်ဘူး၊ မကျုံးဘူး"





www.burmeseclassic.com

www.burmeseclassic.com

သူမက သောက်လက်စ ကော်ဖီခွက်ကို ဆောင့်ချလိုက်ရင်း ဆိုတော့ အဘိုးက ထမင်းကြော်ကို ပလုတ်ပလောင်းဝါးနေရင်းကနေ သူမကို မျက်လုံးလှန် ကြည့်လာကာ. . .

"မလုပ်ရင်ပြန်တော့၊ ငါခိုင်းတာမလုပ်တဲ့သူကို ငါ့ခြံထဲမှာ တစ်စက္ကန့်မှတောင် မထားနိုင်ဘူး၊ ပြန်. . . သွား. . အခု၊ ချက်ချင်း. အထုပ်အပိုးတွေယူပြီး ပြန်တော့."

"အဘိုး"

သူမက စိတ်ညစ်သလို ညည်းအော် အော်တော့ အဘိုးက လည်း သူမ ထက် ကျယ်တဲ့ကီးမျိုးနဲ့ ပြန်အော်တယ်။

"မိရှိစိ ! ငါစကားကို နှစ်ခါမပြောဘူးနော်၊ ပြန် အခု ချက်ချင်း. . . သွား"

အဘိုးအသံက ကျယ်လောင်ကာ မာထန်နေတော့ သူမ ခမျာ ဆတ်ခနဲတောင် တုန်သွားရတယ်။ ဒါ့ပေမယ့် ရန်ကုန်ကိုတော့ မပြန် ချင်ပါ။ မဟုတ်ဘူး။ မပြန်ချင်တာမဟုတ်ဘူး။ ပြန်တာကပြန်ချင်တယ်။ မပြန်ရဲတာ။ ဟိုမှာက သူမကို အသေရရအရှင်ရရယူမယ့် ဘီလူးကြီးက စောင့်နေတာလေ။ ဒယ်ဒီတို့ကလည်း အဘိုးကိုမလွန်ဆန်ရဲလို့သာ ဦး ဂျပ်စတင်တုတ်ကြီးနဲ့ ကိစ္စကို ခဏဆိုင်းငံ့ထားတာဆိုတော့ သူမသာ အဘိုးရဲ့အရိပ်အောက်ကနေ လွတ်ထွက်လာကြည့်၊ တစ်ခါတည်း တန်းပြီးပေးစားပစ်မှာ။ ဒီတော့ အဘိုးရဲ့အရိပ်ကို သူမ စွန့်လို့မဖြစ်ပါ။

"မိရှိစိ ဘာငြိမ်နေတာလဲ၊ ပြန်လို့ပြောနေတယ်လေ"

ဇွတ်ရောအတင်းရော ပြန်ခိုင်းနေတဲ့အဘိုးကို သူမက ဘာ မှပြောမနေတော့ဘဲ သောက်လက်စကော်ဖီခွက်ကိုယူကာ တထွက်လာ ခဲ့လိုက်တော့တယ်။





ကြက်ခြံထဲကို ကြက်ချေးကျုံးသွားမလို့ ထွက်လာတဲ့ ရှိုစိ မြင့်အောင်ရဲ့ ဒီဇိုင်းကိုအမြင်မှာတော့ နေသာရဲ့မျက်လုံးတွေက ပြူတ် ကျတော့မတတ် ရှေ့ကိုပြူးထွက်လာရတယ်။ ကြည့်စမ်းပါဦး။ ကြက်ခြံ ထဲ ကြက်ချေးကျုံးသွားမယ့် ဒီဇိုင်းကို။ ဒူးအထက်ရောက်နေတဲ့ ဘောင်းဘီကျပ်ထုပ်ထုပ်ကို ကြိုးတစ်ချောင်းတည်းသာပါတဲ့ အင်္ကျီနဲ့ တွဲဝတ်ထားပြီး စီးထားတာက ပင်ဆဲလ်ဟီးလ်။ အကြေတွန့်ဆံပင်တွေကို သည်း ဖားလျားချလို့။ ပြီးတော့ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေကလည်း ဆိုးထားသေးတယ်။ ဒီပုံစံကိုများ အဘိုးမြင်ရင် တုတ်နဲ့လိုက်ရိုက်လိုက် မယ့်ဖြစ်ခြင်း။

နေသာက သူမပုံစံကိုကြည့်ကာ ခေါင်းကိုစိတ်ပျက်လက်ပျက် ခင် ရမ်းလိုက်ရင်း. . .

"မင်းပုံစံက ကြက်ချေးကျုံးမှာလား၊ နိုက်ကလပ်တက်မှာ လား . . . ဟမ်"

ဆိုတော့ သူမရဲ့မျက်စောင်းက သူ့ဆီ ဒိုင်းခနဲရောက်လာ တယ်။


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဘာသာ ဘယ်လိုဝတ်ဝတ် ရှင်မရှုပ်ပါနဲ့၊ ရှင့်အပူ မပါပါဘူး"

တဲ့။ သူလည်း ဆက်ပြောနေရင် တစ်ယောက်တစ်ခွန်းနဲ့ စကားများရဦးမှာမို့ ဘာမှဆက်မပြောတော့ဘဲ ဒီလောက်နဲ့ပဲ ရပ်ထားလိုက်ကာ ကြက်ခြံတွေရှိရာဆီကို ရှေ့ကဦးဆောင်ပြီးထွက်လာလိုက်တယ်။ ကြက်ခြံတွေနားရောက်တော့ သူက သူမလက်ထဲကို သော့တစ်ချောင်းထည့်ပေးလိုက်ကာ. . .

"ဒါက ဒီကြက်ခြံနံပါတ်တစ်ကသော့၊ ဒီသော့နဲ့ နံပါတ်တစ်ခြံကိုဖွင့်ပြီး ကြက်ဥတွေကို ဟိုမှာတွေ့လား (တံမြက်စည်းကြမ်း တစ်ခုကို လက်ညှိုးထိုးပြလိုက်ကာ) အဲဒီတံမြက်စည်းကြမ်းနဲ့ လှည်းပြီးစုပြီးရင်တစ်ခါတည်းကျုံး၊ သေချာပြောင်အောင်လုပ်နော်၊ ကြက်ခြံတစ်ခြံမှာ သန့်ရှင်းရေးကလည်း အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုပဲ၊ ငါက နံပါတ်နှစ်ခြံကို အစာကျွေးဖို့လုပ်လိုက်ဦးမယ်. . ."

သူမက သူ့ကိုဘာမှပြန်ပြောမနေဘဲ ကြက်ခြံဆီကို ဦးတည်လိုက်တော့ သူကလည်း တစ်ဖက်ကြက်ခြံဆီကို ထွက်သွားတယ်။ ပြီးမှ သူမက အသင့်ယူလာတဲ့ လက်ကိုင်ပဝါတစ်ထည်နဲ့ နှာခေါင်းနဲ့ ပါးစပ်ကို အုပ်စည်းလိုက်ကာကြက်ခြံတံခါးကိုအသာဖွင့်လိုက်ပြီးနောက် ပြန်ပိတ်ထားလိုက်တယ်။

ဒါပေမယ့် ကြက်ခြံထဲကို ပထမဆုံးချလိုက်တဲ့ ခြေလှမ်းမှာတင် သူမရဲ့ ခြေထောက်က ကြက်ချေးပုံပျော့စိစိကို တက်နင်းလိုက်မိတော့တယ်။

"အား. . . ကြက်ချေးတွေပေကုန်ပြီ၊ ဟီး. . . နံလိုက်တာ အမလေး အမေရဲ့ သမီးအဖြစ်ကို လာကြည့်လှည့်ပါဦး၊ ဒီမှာ သမီးဘဝက ကြက်ချေးကျုံးတဲ့ အဆင့်ကိုတောင်ရောက်နေရပြီ၊ ဟီး. . ဟီး. . ဟီး. . "





ရုတ်တရက်ငိုချလိုက်တဲ့ ရှိစီမြင့်အောင်ကြောင့် နေသာက တစ်ဖက်ကြက်ခြံမှာ ကြက်စာကျွေးနေရင်းကနေ ဘာများဖြစ်ပါလိမ့်ဆိုပြီး ပြေးလာတယ်။

"ဘာဖြစ်တာလဲ. . . ဘာဖြစ်လို့လဲ"

ဆိုတော့ သူမက မျက်စိကိုစုံမှိတ်ကာ ဆောင့်ကြောင့်ထိုင်ပစ်လိုက်ရင်း . . .

"ဘာဖြစ်ရမှာလဲ၊ ဒီမှာကြက်ချေးတွေ လူးကုန်ပြီ. . . ဟီး. . . ဟီး. . . ဟီး"

"အောင်မလေးဗျာ. . . ကြက်ချေးပေတာပဲ၊ ကမ္ဘာပျက်တာကျနေတယ်၊ ကြက်ခြံမှာ ကြက်ချေးကျုံးတဲ့နောက်တော့ ကြက်ချေးပေမှာပေါ့ကွ"

"ရွံ့တာကိုးလို့၊ အမလေးအမေရဲ့၊ ဒီမှာသမီးကို ဝိုင်းပြီးနှိပ်စက်နေကြတာ လာကြည့်လှည့်ပါဦး. . . ဟီး. . . ဟီး. . "

"ဟောဗျာ သူများတွေကြားရင် ငါ့ကို တစ်မျိုးထင်ပါဦးမယ်၊ ဘယ်သူကများ မင်းကိုဘာတွေနှိပ်စက်နေလို့လဲ၊ ပြောပါဦး. . . "

"နှိပ်စက်တာပေါ့၊ နှိပ်စက်တာပေါ့၊ မနက်ဆိုရင်လည်း လူကိုအစောကြီးနှိုးတယ်၊ အိပ်တော့လည်း မွေ့ယာမပါဘူး၊ စားပြီးသားပန်းကန်ကိုလည်း ကိုယ့်ဘာသာ ဆေးရတယ်၊ ရေချိုးတဲ့ နေရာကလည်း ဘာမှအကာအကွယ်မပါဘူး ဒီအတိုင်းကြီး၊ ဒီတော့ သန်းခေါင်ကျော်မှ ရေထချိုးရတယ် အခုလည်း ကြက်ချေးကျုံးခိုင်းပြန်ပြီ၊ ဒါတွေလုပ်မယ့်အစား ရန်ကုန်ပြန်ပြီး ဦးဂျပ်စတင်တုတ်ကြီးနဲ့ ယူလိုက်တာတမှ ကောင်းဦးမယ်. . . ဟီး. . ဟီး"

ပါးစပ်ကနေ မကျေနပ်ချက်တွေကို စက်သေနတ်ပစ်သလို တရစပ်ပြောကာ ကလေးမဟုတ်သူငယ်မဟုတ် ငိုနေတဲ့ ရှိစီမြင့်အောင်ကိုကြည့်ကာ နေသာက တစ်ဖက်လှည့်ကာ အသာကျိတ်ရယ်မိလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိတယ်။ တစ်ဆက်တည်းဆိုသလိုပဲ သူမကို စနောက်ချင်စိတ် ပေါက်လာတာနဲ့ သူကမျက်နှာကို စိတ်မကောင်းသလိုပုံလေး ဖမ်းပစ်လိုက်ကာ. . .

"ဩော်. . . အေးပါကွာ၊ မင်းက ရန်ကုန်ပြန်ပြီး ဦးဂျပ်စတင်တုတ်ကြီးနဲ့ပဲယူတော့မှာကို အဘိုးကိုပြောပြလိုက်ပါ့မယ်"

ဆိုတော့ မျက်စိမှိတ်ပြီး အာခေါင်ခြစ်ကာ အော်ငိုနေတဲ့ သူမက သူ့ကို မျက်စောင်းမော့ထိုးလာရင်း. . .

"ရှင်ယူပါ့လား. . အဲဒီလူကြီးကို ရှင်ယူပါ့လား၊ ကျွန်မကဘာလို့ယူရမှာလဲ၊ မယူပါဘူး"

"ဟင်. . . မင်းပဲစောစောကပြောတော့ ယူမလို့ဆို"

"စိတ်တိုလို့ပြောတာရှင့်၊ စိတ်တိုလို့"

"ဩော်. . . ဟုတ်လား၊ မသိပါဘူးကွာ၊ ငါကအတည်ပြောနေတယ်မှတ်လို့၊ ငါသာဆို ဒီမှာကြက်ချေးလာကျုံးမယ့်အစား အဲဒီလူကြီးကိုပဲ ယူလိုက်မှာ သိလား"

"ယူပေါ့ ယူပေါ့ ရှင့်ဘာသာ၊ ကျွန်မကတော့ အဲဒီခုနစ်အိုရှစ်အိုကြီးကို မယူနိုင်ပါဘူး၊ အမလေး. . . ကြက်ချေးစော်ကလည်း နံလိုက်တာ. . ဟီး. . . ဟီး. . . ဟီး. ."

ပြောပြီးသူမက ငိုပြန်တယ်။ ဒါနဲ့သူက မတ်တပ်ရပ်ကာ ပြောနေရင်းကနေ သူမလိုဆောင့်ကြောင့်ထိုင်လိုက်ကာ. . .

"ကဲ. . . တိတ်ပါတော့ကွာ၊ လူကြားလို့မကောင်းပါဘူး၊ ဒီလို လုပ်ပါလား၊ မင်းကြက်ချေးမကျုံးချင်ရင် ကြက်စာကျွေးလေကွာ၊ အဲဒါဆိုရင် မင်း ကြက်ချေးစော် မနံတော့ဘူး"

ဆိုတော့ သူမက မျက်ရည်တွေကို လက်ခုံနဲ့သုတ်ပစ်လိုက်ရင်း. . .

"ဘယ်လိုကျွေးရမှာလဲ၊ ကျွန်မမှ မကျွေးတတ်တာ"









"ငါပြမယ်လေကွာ. . . လာ"

ဒီတော့မှ သူမက အငိုတိတ်သွားကာ သူ့နောက်ကနေ ဆတ်တောက် ဆတ်တောက်နဲ့ပါလာတယ်။ နောက်တော့သူက ကြက်စာတွေထားတဲ့ အခန်းမှာ ကြက်စာကို အာဟာရဓာတ်တွေပြည့်ဝအောင် ဘယ်လိုအချိုးအစားနဲ့ စပ်ရတယ်၊ ကြက်ကောင်ရေ ငါးရာရှိတဲ့ ကြက်ခြံတစ်ခြံကို ကြက်စာဘယ်လောက်ပမာဏ ကျွေးရတယ်၊ ကြက်စာနဲ့ ကြက်ဥ,ဥခြင်းဟာ ဘယ်လိုပတ်သက်နေတယ် စသဖြင့် ကြက်စာကျွေးခြင်းအကြောင်းကို သူမနားလည်လောက်တဲ့အထိ ရှင်းပြလိုက်တယ်။

နောက်တော့ သူမက ကြက်စာကျွေး၊ သူက ကြက်ချေးကျုံး၊ ကြက်ရေသောက်ခွက်လဲ၊ ကြက်တွေရဲ့ လှုပ်ရှားသွားလာမှု မှုမှန် မမှန်ကြည့်နဲ့ နှစ်ယောက်သား အလုပ်တွေ ရှုပ်သွားကြတယ်။

ကြက်သားပေါက်လေးတွေထားတဲ့ ကြက်ခြံဆီ အရောက်မှာတော့ သူမ မျက်နှာက ကလေးတစ်ယောက် ကစားစရာတွေ့သလို မြူးထူးသွားကာ. . .

"ဟယ်. . . ကြက်လေးတွေက ချစ်စရာလေးတွေ၊ ကြည့်စမ်းပါဦး၊ အသည်းယားဖို့ကောင်းလိုက်တာ. . . ဟင်းဟင်း"

ကြက်ပေါက်စလေးတွေကိုကြည့်ရင်း ပြုံးပျော်နေတဲ့ သူမ အပျော်က သူ့ဆီကိုတောင် ကူးစက်လာသလိုပါပင်။

"မင်းက ကြက်ပေါက်စလေးတွေကျတော့ ချစ်တတ်သားပဲ"

"ကျွန်မက ချစ်တာမဟုတ်ပါဘူး၊ ကြည့်ပါလား၊ သူတို့ကကို ချစ်ဖို့ကောင်းနေတာ၊ ဒါနဲ့ ဒီကြက်လေးတွေကို ဘာလို့သူတို့မိခင်နဲ့ အတူမထားဘဲ ခွဲထားတာလဲဟင်၊ ရှင်ဝင်္ဂလိုက်မှာမကြောက်ဘူးလား"

သူမအမေးစကားကြောင့် သူကပြုံးလိုက်ရင်း. . .

"ဒီကြက်လေးတွေက ဒီမှာသားဖောက်တာ မဟုတ်ဘူးကွ၊



www.burmeseclassic.com

www.burmeseclassic.com



တခြားမွေးမြူရေးခြံကြီးတွေကနေ ဝယ်ထားတာ၊ အဲဒီတော့ ဘယ်လိုလုပ်ပြီး သူ့မိခင်နဲ့ အတူနေနိုင်တော့မှာလဲ၊ နောက်ပြီးတော့ ဒီကြက်လေးတွေက သဘာဝအတိုင်း မိခင်ကြက်မကြီးက ဝပ်ပေးလို့ ပေါက်လာတာလည်း မဟုတ်ဘူး၊ သိပ္ပံနဲ့ အပူပေးပြီး သားဖောက်ထားတာ"

"ဩော်. . . ဒီလိုလား၊ မသိပါဘူး၊ ကျွန်မက ဒီအတိုင်း သားပေါက်လာတာကို ခွဲထားတယ်ထင်လို့ပါ၊ ဒါနဲ့ဒီကြက်ကလေးတွေက ဟိုလိုကြက်အကြီးကြီးတွေလိုဖြစ်လာအောင် ဘယ်လောက်ကြာလဲ ရှင်သိလား"

"သိတာပေါ့ကွ၊ ဒီအလုပ်ကိုလုပ်လာတာကြာပြီပဲဟာ၊ ယေဘုယျအားဖြင့်ဆိုရင်တော့ ကြက်ပေါက်တစ်ကောင်က ဥကပေါက်ပြီး ပထမခြောက်ပတ်အထိကို နှစ်ပတ်ကြာပြီးတိုင်း ကိုယ်အလေးချိန် နှစ်ဆတိုးတယ်၊ အဲ. . ခြောက်ပတ်က ကျော်သွားရင်တော့ ကြီးထွားနှုန်းက နှေးသွားရောကွ"

"ကြက်ဥဥတော့ရော ဘယ်လောက်ကြာမှ ဥတာလဲ"

"ဒါကျတော့ ကြက်အမျိုးအစားနဲ့လည်း ဆိုင်တယ်ကွ၊ အဲ . မင်းနားလည်အောင် ပျမ်းမျှအနေနဲ့ ပြောရမယ်ဆိုရင်တော့ ကြက်မတစ်ကောင်က သူ့အသက်ငါးလကျော်၊ ငါးလခွဲလောက်မှာ ဥစဥတယ်၊ ကဲ ဘာသိချင်သေးလဲ"

သူက မေးခွန်းတွေတစ်ခုပြီးတစ်ခုမေးနေတဲ့ သူမကိုမျက်စပစ်ကာ မေးလိုက်တော့ သူမကပြုံးစစနဲ့ ခေါင်းရမ်းလိုက်ရင်း. . .

"ရှင်က တော်တော်လေ့လာထားတာပဲ. . ."

"မလေ့လာပါဘူးဗျာ၊ အလုပ်က သင်သွားတာပါ၊ မင်းလည်း လုပ်ပါများလာရင် သိလာမှာပါ"

"ကျွန်မက အဲဒီလောက် အချိန် အကြာကြီးနေမယ်လို့ ရှင့်ကို ဘယ်သူကပြောလဲ၊ မတတ်သာလို့သာ ဒီမှာနေနေတာရှင့်၊ အခွင့်





အရေးရတာနဲ့ပြန်လစ်မှာ"

သူမစကားကြောင့် သူ့မျက်ခုံးတွေက အလိုလိုပင့်တက်သွားရတယ်။ အေးပေါ့လေ. . သူမလို သူဌေးသမီးတစ်ယောက်က ဘယ်လိုလုပ် ဒီလိုတောကြိုအုံကြားမှာ ကြာကြာနေနိုင်မှာတဲ့လဲ။ ပြီးတော့ ဒီလောက်အထိ သူမနဲ့ လေပေးဖြောင့်အောင် စကားပြောနေမိတာ အံ့ဩဖို့မကောင်းဘူးလား။

ဒီလိုနဲ့ မနက်ပိုင်းကြက်ဥကောက်ချိန် ရောက်လာတော့ သူမက ခပ်သန့်သန့်ကြက်ဥလေးတွေကိုပဲ ရွေးရွေးကောက်တယ်။ ဒီတော့ သူက နောက်ကနေ ဘယ်နေရာမှ ကောက်ပြီးသားဆိုပြီး လွတ်မထားခဲ့ရဲဘဲ လိုက်လိုက်ကြည့်ရတယ်။ ကြာတော့ သူစိတ်မရှည်တော့ဘူး။

"ဟော့ . . . မင်း ကြက်ဥကို ဘယ်လိုကောက်နေတာလဲ၊ တစ်နေရာနဲ့တစ်နေရာ ပြတ်အောင် ကောက်လေကွာ၊ အခုကျတော့ မင်းက ကောက်ချင်တဲ့ဥကိုကျတော့ကောက်ပြီး ချန်ချင်တဲ့ဥကိုကျတော့ ချန်ခဲ့တယ်၊ တစ်ခါတည်း ကုန်အောင်ကောက်မှပေါ့"

ဆိုတော့ သူမက ပါးစပ်နဲ့နှာခေါင်းကို အဝတ်စည်းထားတဲ့ကြားကနေ ပြန်ပြောတယ်။

"မကောက်ချင်ပါဘူး၊ တချို့ဥတွေက ကြက်ချေးတွေပေနေတာ ရွံစရာကြီး၊ အဲဒီဥတွေ ရှင်ပဲကောက်လိုက်"

မနိုင်ချေ။ ဒီ ရန်ကုန်သူမကိုတော့ သူဘယ်လိုမှကို မနိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



နေ့လည်ထမင်းစားချိန်ရောက်လို့ အခန်းဆီကို ပြန်လာတဲ့အခါမှာတော့ သူမခါးတွေ၊ ကုပ်ကျောတွေက တောင့်တင်းကာ နာနေတော့တယ်။ ဒီလိုပုံနဲ့သာ နေ့တိုင်းစခန်းသွားရရင် ငါတော့သေမှာပဲလို့ တွေးလိုက်မိရင်း လမ်းကိုတောင်မလျှောက်ချင်လျှောက်ချင်နဲ့ လျှောက်နေမိတော့တယ်။

"ဘယ်လိုလဲ၊ မောနေပြီလား"

"ခါး. . . ကျွန်မခါးတွေ ကျောက်ဖြစ်သွားပြီလား မသိဘူး၊ တောင့်နေတာပဲ၊ လူတစ်ကိုယ်လုံးလဲ ကြက်စော်နံနေပြီ"

သူမရဲ့ ခပ်ညည်းညည်းအပြောကြောင့် သူက တဟားဟားအော်ရယ်တော့တယ်။ ဒီလိုနဲ့ ပြန်အရောက်မှာတော့ သူမက ဗိုက်ဆာဆာနဲ့ ထမင်းကို ကမန်းကတန်းစားတယ်။

"မိရှိစီ. . . ညည်း ဖုတ်များဝင်နေသလား၊ ထမင်းစားတာပဲ၊ ဖြည်းဖြည်းစားစမ်းပါ၊စားနေတာများ နောက်မစားရတော့မယ့်အတိုင်း"

အဘိုးရဲ့စကားကိုလည်း ဘာမှပြန်မပြောဖြစ်။ ထမင်းစားပြီးတာနဲ့ ပန်းကန်ကို ကမန်းကတန်းဆေးခဲ့ကာ အခန်းဆီကို အမြန်ပြန်ပြီးနောက် ခုတင်ပေါ်မှာ ခြေပစ်လက်ပစ်အိပ်ချလိုက်တယ်။ ဘာမှမတွေးအားဘဲ တန်းအိပ်ပျော်သွားတယ်။

ဘယ်လောက်ကြာအောင် အိပ်ပျော်သွားတယ်မသိ။ အခန်းတံခါးကို အဘိုးလာထုတော့မှ အိပ်ရာကပြန်နိုးလာခဲ့တယ်။

"မိရှိစီထတော့လေ၊ မိန်းကလေးလုပ်နေပြီး နေ့အိပ်ညအိပ်နဲ့ အပျင်းကိုကြီးတယ်၊ ဒီမှာနေရင် နေ့လည်ဆယ့်နှစ်နာရီကနေ နှစ်နာရီအထိပဲ အနားယူချိန်ရတယ်. . မှတ်ထားဦး၊ ထတော့ အခု"

သူမက အဘိုးရဲ့ ယောက်ျားကြီးတန်မဲ့ ပွစိပွစိအပြောကြောင့် ငိုင်မရတဲ့ မျက်ခွံတွေကို လက်တွေနဲ့ အတင်းဆွဲခွာဖွင့်ကာထလိုက်ပြီး အခန်းတံခါးကို ဖွင့်လိုက်တယ်ဆိုရင်ပဲ သူမအကြည့်က ရေအုတ်ကန်ဆီကိုရောက်သွားတယ်။ ရေအုတ်ကန်နားမှာ နေသာဆိုတဲ့လူက ပျဉ်တွေ ဝါးတွေနဲ့ တစ်ယောက်တည်း ဘာတွေအလုပ်ရှုပ်နေတာလဲ မသိ။

"အဘိုး. . . ဟိုလူဘာလုပ်နေတာလဲ"

"ဘာလုပ်ရမှာလဲ၊ နင်ရေချိုးဖို့ရေချိုးခန်းဆောက်ပေးနေတာလေ၊ သူ့ခမျာ နေ့ခင်းဘက်တောင်မနားရဘူး"

ဟား. . . ဒီနေ့တော့ ရေကောင်းကောင်းချိုးရတော့မယ်လို့ တွေးလိုက်မိရင်း သူမပျော်သွားရတယ်။ နေသာဆိုတဲ့လူကိုလည်း ကျေးဇူး အထူးတင်သွားရတယ်။

အဘိုးက သူမကိုမျက်စောင်းထိုးကြည့်လာရင်း. . .

"ကဲ. . . ညည်းအတွက် ရေချိုးခန်းလည်းရပြီဆိုတော့ မမလေး ဘာများလိုအပ်သေးလဲ ပြောပါဦး"

အဘိုးရဲ့ ခပ်ရွဲ့ရွဲ့စကားကြောင့် သူမက အဘိုးကိုမဝံ့မရဲကြည့်လိုက်ရင်း. . .

"တကယ်ပြောရမလားဟင် အဘိုး"





www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ အဘိုးက. . .

"ငါကရွဲ့ပြောတာကို တောင်းဆိုစရာရှိသေးတယ်ပေါ့၊ အဲ့ဒါပါ၊ ပြောစမ်းပါဦး ညည်းက ဘာလိုချင်သေးတာလဲ"

"ဟို. . . မွေ့ယာလေးတစ်ခုလောက်ပါ"

"ဘာ!"

သူမရဲ့စကားအဆုံး အဘိုးရဲ့ "ဘာ" ဆိုတဲ့အသံက အကျယ်ကြီးဆိုတော့ သူမတောင် တုန်သွားရတယ်။

"မွေ့ရာ. . . ဟုတ်လား"

"ဟုတ်ကဲ့"

"အေး. . . မွေ့ယာတော့မရဘူး၊ တုတ်စာပဲရမယ်"

ပြောလည်းပြော အဘိုးက နီးရာတုတ်တစ်ချောင်းကို ဆွဲကာရိုက်တာမို့ သူမက အဘိုးတုတ်ကလွတ်အောင် ဝိုင်းထဲမှာ ပတ်ပြေးရတော့တယ်။ သူမက ရှေ့ကပြေး အဘိုးကနောက်ကလိုက်နဲ့ ခြံထဲမှာ ဆူညံပြီး ပွက်လောကိုရိုက်လို့။





ဓဝါ်ဒဒလယ် – ၃

"ကြက်ဥအရည်အသွေးကောင်းဆိုတာက အလုံးရေတစ်ဒါဇင်ကို အလေးချိန်နှစ်ဆယ့်လေးအောင်စ ရှိရတယ်ကွ၊ မသိသေးရင် မှတ်ထားဦး"

ကြက်ဥတွေကို အဝတ်နဲ့သုတ်ကာ သန့်ရှင်းရေး လုပ်နေရင်းကနေပြောလိုက်တဲ့ သူ့စကားကို သူမကကြားပုံမရ။ ခေါင်းငိုက်စိုက်ချကာ ကြက်ဥတစ်လုံးကို လက်ထဲမှာကိုင်ထားရင်း အတွေးလွန်နေတယ်။

"ရှိစ်"

သူမက မကြား။

"ရှိစ်"

ဒါလည်းမကြားသေး။ ဒါနဲ့သူက သူမလက်ထဲက ကြက်ဥကို ဆတ်ခနဲဆွဲ လုလိုက်တော့မှ သူမက သူ့ကိုအလန့်တကြား မော့ကြည့်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ ဒီလောက်တွေးနေတာလဲ၊ ဒီလောက်ခေါ်နေတာကိုမကြားရအောင်. . ."

"ဘာရယ်မဟုတ်ပါဘူး၊ ရန်ကုန်ကို သတိရသွားလို့ပါ"

"ဟုတ်လို့လား. . . ရန်ကုန်ကိုသတိရတာလား၊ ရန်ကုန်မှာကျန်နေခဲ့တဲ့ တစ်ယောက်ကို သတိရသွားတာလား"

သူ့ရဲ့ရှုတ်နောက်နောက် စကားကြောင့် သူမမျက်နှာက ရှုံ့မဲ့သွားတယ်။ ပြီးတော့ သုတ်ပြီးသားကြက်ဥတစ်လုံးကို ကတ်ထဲစီထည့်လိုက်ရင်းကနေ. . .

"သတိရစရာလား၊ အဲဒီခုနစ်အိုရှစ်အိုကြီးကို ရွံ့လွန်းလို့"

"ဟာ . . . ကိုယ်ပြောတာက အဲဒီဂျပ်စတင်တုတ်ကြီးကိုမှမဟုတ်တာ၊ မင်းရဲ့ရင်ခုန်ဘက်ကိုပြောတာပါ"

ဆိုတော့ သူမက မျက်စောင်းထိုးတယ်။

"ဘာရင်ခုန်ဘက်မှမရှိဘူး၊ ထားလည်းမထားဘူး၊ ကျွန်မကလူတစ်မျိုးရှင့်၊ ကိုယ်ကိုကိုယ်ကလွဲပြီး ဘယ်သူ့စိမ်းကိုမှချစ်လို့မရဘူး"

သူမစကားကြောင့်သူက ပခုံးကို ဟန်ပါပါတွန့်လိုက်မိတယ်။ တော်တော် အတ္တကြီးတဲ့ကောင်မလေးပါလား။

"ဒါနဲ့ ရှင်. . . ဒီတစ်ခါ မြို့ထဲဘက်သွားရင် ကျွန်မ လိုက်ခဲ့လို့ ရမလား၊ ဝယ်စရာလေးတွေရှိလို့"

"လိုက်ခဲ့လေ၊ အပန်းမကြီးပါဘူး"

"ဒါဆို ဒီတစ်ခါသွားရင်ခေါ်နော်၊ မေ့မနေနဲ့"

"အင်း"





"ဘယ်လို ဘယ်လို ! လခပေးရမယ်. . . ဟုတ်လား"

အဖိုးကြွရဲ့အသံက တအံ့တဩ။ သူလည်းပဲထင်မှတ်မထားတဲ့ စကားကို သူမဆီကကြားလိုက်ရတာမို့ စားလက်စထမင်းတောင် လည်ချောင်းထဲမှာ နင်သွားတယ်။

သူမကတော့ ခပ်တည်တည်ပင်။ ကြက်ဥကိုပြုတ်ပြီးချက်ထားတဲ့ ဟင်းခွက်ထဲကနေ ကြက်ဥအနှစ်ကိုချန်ကာ အကာကိုသာ ရွေးကော်လိုက်ရင်း. . .

"ဒါပေါ့ အဘိုးရဲ့၊ သမီးလည်းအဘိုးဆီမှာ အလုပ်လုပ်နေတဲ့သူပဲ၊ လခ ပေးရမှာပေါ့"

"ဒါတော့ ဒါပေါ့၊ ဒါပေမယ့် ညည်းကငါ့မြေးလေး၊ သူများတွေလိုသူစိမ်းမှ မဟုတ်တာ"

www.burmeseclassic.com



"မြေးဆိုပေမယ့် အဘိုးက သမီးကို မြေးတစ်ယောက်လို့များ ဘယ်တုန်းကထားဖူးလို့လဲ၊ သူစိမ်းတွေနဲ့ တန်းတူထားတာပဲလေ၊ ဒီတော့ အကုန်လုံး မျှမျှတတဖြစ်အောင် သမီးကိုလည်း လခပေးရမှာပေါ့"

"ဘုရား ဘုရား. . . အခုမှ တကယ့်စီးပွားရေးသမားနဲ့ လာတွေ့နေ တာပါလား. . . ဟမ်"

"ဒါပေါ့၊ လောကမှာ ဘယ်အရာမှ အလကားမရဘူးလေ၊ ဆီပေးမှ ဆန်ရတာချည်းပဲမဟုတ်လား"

အဘိုးကွက အံ့ဩတယ်ဆိုတဲ့အကြည့်မျိုးနဲ့ ရှိုစီမြင့်အောင်ကိုကြည့်တယ်။ သူမပုံစံကတော့ လစာကို အဘိုးကွက အသာတကြည်မပေးရင် အလုပ်သမားရုံးကနေ တိုင်တောင်းမယ့်ဒီဇိုင်း။

"ကဲ. . . ပြောစမ်းပါဦး၊ငါကညည်းကိုလစာဘယ်လောက်များပေးရမှာတုန်း၊ ညည်းရဲ့ မျှော်မှန်းလစာကိုပြောပါဦး"

"သမီး တစ်လကိုတစ်သိန်းလိုချင်တယ်"

"အောင်မလေးဗျာ၊ ညည်းလိုကြက်ချေးကျုံးတဲ့အဆင့်က လစာတစ်သိန်းကြီးတောင် လိုချင်တယ်၊ ဟုတ်လား၊ ဘယ်မှာများကြားဖူးလို့လဲ"

"ဘယ်မှာမှတော့ မကြားဖူးဘူးပေါ့၊ ဒါပေမယ့် တခြားအလုပ်တွေက ပိတ်ရက်ရှိတယ်လေ၊ အဘိုးအလုပ်က ပိတ်ရက်မှမရှိတာ၊ အဲဒီတော့ တစ်သိန်းတောင်းတာ နည်းတောင်နည်းနေသေးတယ်"

"ကောင်းပြီလေ၊ ငါကပေးနိုင်ပါတယ်၊ ဒါပေမယ့်ငါက လစာပေးလိုက်ရင် ညည်းက ငါ့ရဲ့ အလုပ်သမားစစ်စစ် ဖြစ်သွားမှာနော်၊ ငါခိုင်းချင်တာ အကုန်ခိုင်းမှာ"

"ရတယ်၊ အခုလည်း လုပ်နေရတာပဲကို"

"အင်းပါ၊ အင်းပါ၊ တွေ့ကြသေးတာပေါ့"





မြေးအဘိုးနှစ်ယောက် လစာညှိနှိုင်းနေတာကို ကြည့်ပြီးနေသာက အသာပြုံးမိတယ်။ ကိုယ်အတွေးနဲ့ကိုယ်တော့ နှစ်ယောက်စလုံး ဟုတ်နေတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ပါဝါပိတ်ပြီး သိမ်းထားတာကြာပြီဖြစ်တဲ့ ဖုန်းလေးကို ပါဝါပြန်ဖွင့်လိုက်စဉ်မှာပဲ ဖုန်းက တန်းမြည်လာတာကြောင့် သူမလန့်သွားရတယ်။ ကြည့်လိုက်တော့ မာမီ့ဖုန်းနံပါတ်။ သူမက ဖုန်းကိုပြန်ပိတ်ပစ်လိုက်ဖို့ စိတ်ကူးလိုက်မိပေမယ့် နောက်တော့ မကြားရတာကြာပြီဖြစ်တဲ့ မာမီ့အသံကိုကြားချင်လာတာနဲ့ ဖွင့်နားထောင်လိုက်တယ်။

"ဟယ်လို"

"သမီးလား၊ အမလေးသမီးရယ် . . . ခေါ်လိုက်ရတာ၊ ဘာလို့ဖုန်းကိုပိတ်ထားတာလဲ၊ ပြန်မလာသေးဘူးလား၊ အဲဒီမှာ အနေဆင်းရဲ အစားဆင်းရဲနဲ့ ဝဋ်ခံမနေပါနဲ့သမီးရယ်၊ ရန်ကုန်ကိုပြန်လာပြီး မာမီတို့စီစဉ်ထားတဲ့အတိုင်း ကိုဂျပ်စတင်တုတ်ကြီးကိုပဲ ယူလိုက်ပါသမီးရယ်၊ မာမီတို့က သမီးလေး တစ်ဘဝလုံးကောင်းစားဖို့လုပ်တာကို နာခံလိုက်စမ်းပါ . . နော်"

မာမီ့ဆီကနေ အဆက်မပြတ်စကားလုံးတွေထွက်လာတယ်။ ဒါပေမယ့် မာမီစကားတွေထဲမှာ မိမိကိုလွှမ်းတယ်၊ သတိရတယ်ဆိုတာနဲ့ပတ်သက်တဲ့ စကားလုံးတစ်လုံးမှမပါ။ ပြောသမျှက ဟိုခုနစ်အိုးရှစ်အိုးကြီးနဲ့ ယူဖို့အကြောင်းပင်။ ဒီတော့ သူမစိတ်တိုသွားရကာ အာခေါင်ခြစ်ပြီး အော်ချလိုက်တယ်။





"မယူဘူး၊ လုံးဝမယူဘူး၊ ရန်ကုန်ကိုလည်း ပြန်မလာဘူး၊ အဲဒီလူ အိုကြီးအိုမကိုလည်း မေမေပဲယူလိုက်တော့"

ပြောပြီးသူမက ဖုန်းကိုချပစ်လိုက်ကာ ပါဝါကိုပါ တစ်ခါတည်းပိတ်ပစ်လိုက်ပြန်တယ်။ ဒီလိုမှမလုပ်ရင် ထပ်ခေါ်နေဦးမှာ။ စဉ်းစားမိတိုင်း နားကိုမလည်ချေ။ ကိုယ့်သမီးငယ်ငယ်လေးကို ဘာ့ကြောင့်များ ဒီသေခါနီးကြီးနဲ့ ပေးစားဖို့စိတ်ကူးရတာလဲမသိ။ သူမကတော့ အဲဒီအဘိုးကြီးအိုကို ယူမလား၊ ငရဲပြည်ကိုဆင်းမလားဆိုရင် ငရဲပြည်ကိုပဲ ကိုယ်ဘာသာကိုယ် ယက်ဆင်းသွားလိုက်တော့မယ်။ အဲဒီ ဘိုးကြီးအိုကိုတော့ သေတောင် မယူနိုင်ပါ။

www.burmeseclassic.com



ခုတင်ပေါ်မှာ လူးလှိမ့်ကာ အိပ်မပျော်နိုင်သေး။ သူမ ဘယ်လောက်ကြာတဲ့အထိ အဘိုးဆီမှာနေရဦးမှာပါလိမ့်။ တစ်နေ့တစ်နေ့ ကြက်ခြံကိုသွားလိုက် ပြန်လာလိုက်နဲ့ပဲ အချိန်တွေကုန်နေခဲ့ရတာ။ တွေးကြည့်ရင် ပျင်းစရာကြီးပင်။ ဒီလို ကြက်ခြံမှာ ဒီလိုအလုပ်တွေ လုပ်ရလိမ့်မယ်လို့ သူမတစ်သက်နဲ့တစ်ကိုယ် အိပ်မက်တောင်မမက်ခဲ့ဖူးပါ။ အခုတော့ မြန်မာနိုင်ငံရဲ့ အချမ်းသာအကြွယ်ဝဆုံးစာရင်းဝင် သူဌေးကြီးတစ်ယောက်ရဲ့ သမီးက ကြက်ခြံတစ်ခုမှာ ကြက်ချေးကျုံး ကြက်ဥကောက်တဲ့အလုပ်ကို လုပ်နေရတယ်တဲ့။ လူကြားလို့မှ ကောင်းကြသေးရဲ့လား။ ဘယ်လောက် ရယ်စရာကောင်းတဲ့ အဖြစ်အပျက်ပါလဲ။

ဒီလိုအတွေးတွေနဲ့ တစ်ယောက်တည်း လုံးလည်ချာလည် လိုက်နေတုန်း မှာပဲ သူမနားထဲကို ညင်သာသွဲ့ပျောင်းစွာဝင်လာတာက ဂစ်တာသံတစ်ခု။ ဘယ်ကဂစ်တာသံပါလိမ့်။ သူမက မျက်မှောင်ကြုတ်ကာ သေချာနားစွင့်ကြည့်လိုက်စဉ်မှာပဲ ဂစ်တာသံက ပျောက်



သွားတယ်။ နားကြားများလွဲတာလား။ မဟုတ်ပါဘူး။ သူမ သေသေချာချာကို ကြားလိုက်မိတာပါ။

ဇဝေဇဝါဖြစ်နေတုန်းမှာပဲ ဂစ်တာသံက ဆက်ထွက်လာပြန်တယ်။ ပြီးတော့ သံစဉ် . . . တီးနေတဲ့သီချင်းရဲ့သံစဉ်ကို သူမရင်းရင်းနှီးနှီးကို သိနေတာ။ ဒါပေမယ့် ရုတ်တရက်ဆိုတော့ စဉ်းစားလို့မရ။

ဘယ်သူများ လာတီးနေတာပါလိမ့်။

ဒီအခိုက်မှာပဲ ဂစ်တာသံရဲ့နောက်မှာ သီချင်းဆိုသံတစ်ခုကပါ တပ်ပါလာတာကို ကြားလိုက်ရတယ်။

"When the rain is blowing in your face... And the whole world is on your case...I could offer you a warm embrace ...To make you feel my love..."

ဟား. . . ဟုတ်သားပဲ။ ဒါ Adele ရဲ့ "Make you feel my love" သီချင်းပဲ။ ဒါကိုဘယ်သူဆိုနေတာပါလိမ့်။ နေသာဆိုတဲ့လူများလား။ သူမက အတွေးနဲ့အတူ အိပ်နေရာကနေထလိုက်တယ်။

"When the evening shadows and the stars appear ... And there is no one there to dry your tears ... I could hold you for a million years ... To make you feel my love..."

သူမက တံခါးကိုဖွင့်ကာ အပြင်ဘက်ကို ကြည့်လိုက်စဉ်မှာတော့ ကွပ်ပျစ်ပေါ်မှာထိုင်ကာ ဂစ်တာတီးနေတဲ့ သူ့ကိုတွေ့လိုက်ရတယ်။ ဒါပေမယ့် သူမက အသံမပြုဘဲ သူ့ရဲ့သီချင်းဆိုသံကိုပဲ နားထောင်ကာ ဒီသီချင်းကိုသူမလည်းရတာမို့ စိတ်ထဲကနေလိုက်ဆိုနေမိတယ်။

"The storms are raging on the rolling sea ... And on the highway of regret ... Though winds of change are blowing wild and free ... You ain't seen nothing like me yet..."





www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့အင်္ဂလိပ်အသံထွက်က တော်တော်လေးကို ကောင်းနေတာ အံ့ဩစရာ။ မြန်မာနိုင်ငံမှာ ကြားရလေ့ရှိတဲ့ ငါးပိသံမျိုးမဟုတ်။ ပြီးတော့ အသံကလည်း ဩရှရှနဲ့ အတော်လေးနားထောင်လို့ ကောင်းနေတာငြင်းမရ။ ဒီလူဟာ ဘယ်လိုလူစားပါလိမ့်။ အခုမှသူမတွေးမိသွားတာ တစ်ခုက သူ့အကြောင်းကို သူမဘာတစ်ခုမှ မသိသေးဘူးဆိုတာပင်။ ဒါကိုတော့ သူမက အဘိုးဆီမှာ မသိမသာမေးကြည့်ဖို့ တေးထားလိုက်တယ်။

"Go to the ends of the earth for you ... To make you feel my love....To make you feel my love"

သီချင်းလည်းဆုံးသွားရော သူမက မခိုးကျုံးဘဲ မနေနိုင်စွာနဲ့ လက်ခုပ်ကို တဖြောင်းဖြောင်းတီးရင်း သူ့ဆီကိုလျှောက်သွားဖြစ်တယ်။

"ကောင်းလိုက်တာရှင်၊ ရှင်သီချင်းဆို တော်တော်ကောင်းတာပဲ. . ."

ဆိုတော့ သူက ရှက်သွားဟန်နဲ့ နားသယ်စပ်ကို လက်ညှိုးနဲ့ ကုတ်လိုက်ရင်း. . .

"အဟင်း. . . ဘာလဲ. . . စိတ်ပျက်ဖို့လား"

"တကယ်ပြောတာ ကျွန်မနောက်နေတာမဟုတ်ဘူး၊ အင်္ဂလိပ်အသံထွက်ကလည်း တော်တော်ကောင်းတယ်"

"အဟား. . . အဲလောက်မမြှောက်နဲ့. . . ကိုယ်မနေတတ်တော့ဘူး"

"ဩော်. . . တကယ်ပါဆိုနေ၊ ဒါနဲ့ ရှင်ဘာနဲ့ကျောင်းပြီးထားတာလဲ"

"ရိုးရိုး အီးမေဂျာနဲ့ပါ။ ဘာလို့လဲ"

"ဘာရယ်မဟုတ်ပါဘူး၊ သီချင်းသွားလို့ပါ။ ကျွန်မက make you feel my love သီချင်းကိုသိပ်ကြိုက်တာ၊ ဒီသီချင်းလေးကနိုင်ငံ





တကာမှာအတော်ပေါက်သွားတာနော်"

"အင်း. . . ဟုတ်တယ်၊ သီချင်းလေးက feel သီချင်းလေးဆိုတော့ နားထောင်လို့လည်း ကောင်းသလို တစ်ခါကြားရုံနဲ့လည်း နားစွဲလွယ်တယ်လေ၊ ဒါနဲ့မနက်ဖြန်ကျရင် မြို့ထဲဘက်ကိုသွားမလို့ လိုက်မှာမဟုတ်လား"

"ဟုတ်. . . လိုက်မယ်လေ၊ ဒါပေမယ့်ကြက်ခြံကိုဘယ်လိုလုပ်မလဲ၊ ဟိုကောင်လေး ဗလတစ်ယောက်တည်းဆို တိုင်ပတ်နေမှာပေါ့"

"မပူနဲ့ ရတယ်၊ နွားခြံဘက်ကတစ်ယောက် လာကူလိမ့်မယ်၊ ကိုယ်မြို့ထဲဘက်သွားတဲ့နေ့ဆို ဒီလိုပဲ လာကူနေကျ"

နောက်တော့ နှစ်ယောက်သားအတွေးကိုယ်စီနဲ့ ငြိမ်သက်သွားကြတယ်။ ကောင်းကင်ကြီးတစ်ခုလုံးကတော့ ကြယ်တွေ ဖွေးဖွေးလှုပ်အောင်ထွက်လို့။ ကြယ်တွေစုံတဲ့ညဆိုတာ ဒီလိုညမျိုးကို ပြောတာလားတော့ မသိချေ။



www.burmeseclassic.com

www.burmeseclassic.com







## ဓာဝင်ဒလယ် – ၄

အောက်က ဂျင်းဘောင်းဘီအနက်ရောင်ကို အပေါ်ကအပြာရင့်ရင့်ဆွယ် တာလေးနဲ့တွဲဝတ်ကာ သိုးမွေးဦးထုပ်အဖြူရောင်လေးကို ဆောင်းထားတဲ့ သူမက အဆင်သင့်ဖြစ်နေတဲ့ဒီဇိုင်းနဲ့ ကွပ်ပျစ်ပေါ်မှာ ထိုင်နေတာကို တွေ့လိုက်ရတယ်။ သူကတော့ မျက်နှာတောင် မသစ်ရသေး။

"ဟား. . . ဝိရိယ ကောင်းလှချည်လားကွ၊ ဘယ်အချိန်က တည်းကများ ထပြင်ထားတာလဲ"

"ရှင်ကမနက်သွားမယ်လို့ပဲပြောပြီးဘယ်အချိန်သွားမယ်လို့မှ မပြောတာ၊ အဲဒီတော့ ကျွန်မကအစောကြီးထပြီး ပြင်ဆင်ထားရတာ ပေါ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ ကိုယ်နည်းနည်းသလိုက်ဦးမယ် ကွာ . . . နော် နာရီဝက်လောက်တော့စောင့်ဦး"

သူမက ခေါင်းညိတ်ပြတယ်။ ဒါနဲ့သူက ရေချိုးတာ အကျီ အဝတ်အစားလဲတာကို နာရီဝက်အတွင်းမှာ ပြီးအောင် အမြန်လုပ်ရတယ်။

အကုန်လုံးပြီးသွားတော့မှ သူက သူမနေတဲ့ နှစ်ခန်းတွဲတိုက်ပုလေးရဲ့ဘယ်ဘက်အခန်းထဲမှာ ထည့်သိမ်းထားတဲ့ YAMAHA ဆိုင်ကယ်အမြင့်ကြီးကို ထုတ်လိုက်တော့ သူမက သူ့အနားကိုရောက်လာကာ. . .

"ဆိုင်ကယ်နဲ့သွားမှာလား. . . ဟုတ်လား"

"အင်းလေ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ကျွန်မက ထရော်လာကျီနဲ့ သွားမယ်ထင်လို့"

"ထရော်လာကျီက နို့တွေဘာတွေ သွားပို့ရင်သာ သုံးတာပါကွာ၊ ရှိုးပွဲပါတယ်၊ လူချည်းသွားရင်တော့ဒီဆိုင်ကယ်ကြီးနဲ့ ရှိုးထုတ်ရတာပေါ့၊ ဒါမှ ကောင်မလေးတွေက ကိုယ့်ကို လည်ပြန်ကြည့်ကြမှာ"

"ဒါပေမယ့် ဒီတစ်ခါက ကျွန်မပါမှာဆိုတော့ ရှင်လာဘ်ပိတ်ပြီ"

"ရပါတယ်ကွာ၊ ညီမလေးလို့ပြောရမှာပေါ့. . . ဟဲဟဲ"

နောက်တော့သူက ဗလကိုကြက်ခြံနဲ့ပတ်သက်ပြီး မှာစရာရှိတာ မှာခဲ့ပြီး သူမနဲ့အတူ ပြင်ဦးလွင်မြို့ထဲဘက်ကို ထွက်လာခဲ့လိုက်တယ်။

အစတော့ သူမက သူရဲ့နောက်ကနေ ဘေးတစောင်းအနေအထားနဲ့ ခပ်ခွာခွာပါလာတာပါ။ ဒါပေမယ့် တဖြည်းဖြည်းဆိုင်ကယ်က မောင်းပါများလာတော့ သူမက သူ့နောက်ကျောနဲ့ကပ်တဲ့အထိ ရွေ့ကို







လျှောဆင်းလာခဲ့တယ်။

"ဒီမှာ ကျွန်မ ရှင့်ခါးကိုကိုင်ချင်လို့၊ ရှင်ယားတတ်လား"

"ကိုယ်မယားတတ်ပါဘူး၊ ကိုင်လို့ရပါတယ်"

သူမရဲ့ လက်တစ်ဖက်က သူ့ခါးကိုဖွဖွလေး သိုင်းဖက်လာတော့ သူ့ရင်ထဲမှာ ရှိန်းခနဲ။ သူမကတော့ ဘယ်လိုနေတယ်မသိ။

"အခုမှပဲကြက်နံ့တွေကလွတ်ပြီးလေကောင်းလေသန့်ရတော့တယ် . . အား. . . ကောင်းလိုက်တာ"

သူမစကားကြောင့် သူကရှေ့ကနေ အသာပြုံးမိတယ်။ တတ်လည်းတတ်နိုင်တဲ့ကောင်မလေးပင်။

ဒီလိုနဲ့ ပြင်ဦးလွင်မြို့ထဲရောက်လာတယ်ဆိုရင်ပဲ သူကဝယ်နေကျ ကြက်စာဆိုင်ကနေ ဖွဲနု၊ ဆန်ကွဲ၊ ပြောင်းဆန်၊ စတာတွေနဲ့ နွားခြံအတွက်လိုအပ်တဲ့ အိုင်အိုဒင်းဆား၊ နမ်းဖတ်စတဲ့ လိုအပ်တာမှန်သမျှကို ဝယ်ယူကာ မနက်ဖြန်နွားနို့ လာပို့တဲ့ထရော်လာကျီလာရင် တင်ပေးလိုက်ဖို့ မှာခဲ့လိုက်တယ်။

"ကဲ. . . ကိုယ့်ကိစ္စကတော့ပြီးသွားပြီ၊ မင်းဝယ်စရာရှိလို့ဆိုရင် ဘာဝယ်မှာလဲ. . . ပြော"

"ဟိုဟာ အလှကုန်ပစ္စည်းတွေဝယ်ချင်တာ၊ Lotion တို့ မျက်နှာသစ်ဆပ်ပြာတို့ပေါ့"

ဒါနဲ့သူမကို နီးစပ်ရာ အလှကုန်ဆိုင်တစ်ခုကို လိုက်ပို့ရတယ်။ အလှကုန်ဆိုင်ကပြန်ထွက်လာတော့. . .

"ကဲ. . . မြို့ထဲရောက်တုန်းဘယ်သွားချင်သေးလဲ"

ဆိုတော့ သူမမျက်လုံးတွေက အရောင်တွေ တောက်ပသွားတာ. . .

"ဟို . . . ကန်တော်ကြီးထဲ လျှောက်ကြည့်ချင်တယ်၊ ဒါပေမဲ့ အဲဒီကိုမသွားခင် Woodland မှာ ထိုင်းစာသွားစားချင်တယ်၊ ထိုင်းအ

www.burmeseclassic.com

မစားရတာကြာပြီ၊ လိုက်ပို့ပေးနော်"

သူက ခေါင်းကိုသာ ညိတ်ပြလိုက်တယ်။ အဘိုးကလည်း ညက သူ့ကို တိတ်တိတ်လေးခေါ်ပြီး သူ့မြေးသွားချင်တဲ့နေရာတွေကို လိုက်ပို့ပေးခဲ့ပါလို့ မှာလိုက်တာလေ။ ဒီလိုနဲ့ Woodland ကို ထွက်ခဲ့လိုက်တယ်။ ဟိုရောက်တော့ သူမက သူဌေးသမီးတစ်ယောက်ရဲ့ ပါးစပ်ပီသစွာ မီနူးကိုတောင်မကြည့်ဘဲ စားစရာတွေကို ကရားရေလွှတ် တတွတ်တွတ်မှာလိုက်တာများ သူသိတဲ့အစားအစာ တွေလည်းပါသလို သူမသိတဲ့အစားအစာတွေလည်းပါတယ်။

ခဏနေကျတော့ ရောက်လာတဲ့စားစရာတွေက နည်းတာ မဟုတ်။ သူက တအံ့တဩနဲ့. . .

"မင်း ဒါတွေကို ကုန်ရောကုန်မှာလား"

"ကျွန်မတစ်ယောက်တည်းတော့ ဘယ်ကုန်မလဲ၊ ရှင်ပါစားရ အောင်လို့မှာလိုက်တာလေ၊ စား စား. . ပြီးရင်သွားစရာတွေ ရှိသေး တယ်"

သူမက ပြောလည်းပြော လက်တွေကလည်း ညာလက်က တူ နှစ်ချောင်းကိုကိုင်၊ ဘယ်လက်က ဇွန်းတစ်ချောင်းကိုကိုင်ကာ တရှူးရှူး တရှဲရှဲနဲ့ ခေါင်းမဖော်စတမ်းစားတော့တယ်။ သူကတော့ သိပ်လည်း မကြိုက်တာမို့ ဟိုဟာလေးတို့ဆိတ်ဆိတ် ဒီဟာလေးတို့ဆိတ်ဆိတ်နဲ့ စားနေမိတယ်။ သူမကတော့ ဘယ်အချိန်ကတည်းကများ ဒီလိုစားဖို့ကို အားခဲထားသလဲ မပြောတတ်။ လူကောင်လေးသေးသလောက် စားလိုက်တာများ ဖုတ်ဝင်နေသလားအောက်မေ့ရတယ်။ မှာထားတာတွေ အကုန်လုံး သိပ်မကြာလိုက်တဲ့ အချိန်လေးအတွင်းမှာ ပြိုက်ခနဲ ကုန်သွားတယ်။

Woodland ကအပြန်ကျတော့ ကန်တော်ကြီးဘက်ကို လိုက်ပို့ရပြန်တယ်။ ကန်တော်ကြီးထဲမှာ လျှောက်ပတ်ကြည့်ပြီးနောက် သူမ





## ဘနှမ်းတွေပူဆာမလို



ထပ်မံ အဆိုသွင်းလာတာက. . .

"Feel မှာ ကော်ဖီသောက်ချင်တယ်"

တဲ့။ ဒါနဲ့ Feel မှာထိုင်ဖြစ်ကြပြန်တယ်။ သူမမျက်နှာလေးက လိုချင်တာရတဲ့ ကလေးတစ်ယောက်လိုပြုံးရွှင်လို့။ Feel ကထွက်လာပြီး ဆိုင်ကယ်ရပ်ထားရာဆီ အရောက်မှာတော့ သူမကသူ့ကိုစပ်ဖြီးဖြီးကြည့် လာပြန်ရင်း. . .

"ကိုနေသာ. . . ဟို Golden Triangle မှာ ရေခဲမုန့်နဲ့ ဟမ်ဘာ ဂါသွားစားရရင်မကောင်းဘူးလား"

သူမစကားကြောင့် သူမျက်လုံးတွေကပြူးကျယ်ဝိုင်းစက်သွားရ တယ်။

"ဘယ်လို. . . ဘယ်လို၊ မင်းဗိုက်က ဆုံရှောဆုံဦးမှာလား ကွ . . . ဟမ်"

ဆိုတော့ သူမကပြုံးလိုက်ရင်း. . .

"ဆုံပါသေးတယ် ကိုနေသာရဲ့၊ ဟမ်ဘာဂါ နှစ်ခုသုံးခုလောက်တော့ အေးအေးဆေးဆေး ပစ်ထည့်လို့ရသေးတယ်၊ လုပ်ပါ လိုက်ပို့ပါနော်၊ ဒီလိုမျိုး နောက်တစ်ခါထွက်ရဖို့ဆိုတာက လွယ်တာမဟုတ်ဘူး၊ နော် . . နော်လို့"

"ကဲ. . . မင်းမှ ဆံ့သေးရင်လည်း သွားတာပေါ့ကွာ"

ဒီလိုနဲ့ နှစ်ယောက်သား Golden Triangle ကိုထွက်ခဲ့ကြ ပြန်တယ်။ သူမကတော့ ပြုံးပျော်လို့။ သူကတော့ ဟမ်ဘာဂါ နှစ်ခု သုံးခုလောက် ပစ်ထည့်လို့ရ သေးတယ်ဆိုတဲ့ သူမဗိုက်ကို အံ့ဩလို့ ကိုမဆုံးတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



မီးဖိုဆောင်ရှေ့က ဖြတ်အလျှောက်မှာပဲ ဟင်းနံ့တသင်းသင်းကြောင့် ရှိစီမြင့်အောင်က ဘာဟင်းတွေပါလိမ့်ဆိုပြီး စိတ်ဝင်စားသွားရတယ်။ ဒါနဲ့မီးဖိုဆောင်ထဲကိုအသာဝင်သွားလိုက်တော့ ကိုရှမ်းလေးမိန်းမ မဖြူက မီးဖိုပေါ်ကဒယ်အိုးကို တဂေါ်ဂေါ်မြည်အောင် မွှေနေရင်းကနေ သူမကိုပြုံးပြလာတယ်။ ဒါနဲ့ သူမကလည်း ပြန်ပြုံးပြလိုက်ကာ . . .

"ဘာဟင်းတွေချက်နေတာလဲအစ်မ၊ မွှေးလှချည်လား"

"ဆိတ်သားခြောက် ကြော်နေတာပါညီမရယ်၊ အဘိုးက ဆိတ်သားခြောက် ကြိုက်တယ်လေ၊ အဲဒါ အစ်မယောကျ်ား မနေ့က မြို့ထဲဘက်သွားရင်းနဲ့ ဆိတ်သားခြောက်ရလာလို့ အဘိုးအတွက်ကြော်ပေးနေတာ"

အဘိုးကွ၊ နေသာနဲ့ သူမတို့စားဖို့ထမင်းဟင်းကို မဖြူက နေ့တိုင်း တာဝန်ယူချက်ပေးရတာပါ။ သူမကတော့ ချက်ပြီးသားစားဖို့လောက်သာ အားကိုးရပြီး ကြက်သွန်ဖြူတောင် အဖြစ်ရှိရှိမခွာတတ်။

"နေသာကလည်း ဆိတ်သားခြောက်ကြိုက်တယ်လေ"

ပြောရရင်တော့ သူမလည်း ကြိုက်တာပါပဲ။ ဒါပေမယ့် သူမရဲ့





စိတ်ဝင်စားမှုက အစားအသောက်ဆီမှာမရှိတော့ဘူး။ သူမရဲ့ စိတ်ဝင်စားမှုက နေသာဆိုတဲ့ လူ့အကြောင်းဆီကို ပြောင်းသွားပြီ။

"အဲဒီကိုနေသာနဲ့ အဘိုးက ဘယ်လိုပတ်သက်နေတာလဲ အစ်မ သိလား၊ သိရင်ပြောပြစမ်းပါ . . . သူတို့နှစ်ယောက်ရဲ့ဖွံ့ဖြိုးက အလုပ်ရှင်နဲ့ အလုပ်သမားပုံစံကို မပေါက်ဘူး၊ မသိရင် မြေးအဘိုးတွေ အတိုင်းပဲ"

ဆိုတော့ မဖြူက မီးဖိုပေါ်က ဒယ်အိုးကို ချလိုက်ရင်းကနေ . . .

"အစ်မလည်း သေချာတော့မသိပါဘူး၊ သိရသလောက်ဆိုရင်တော့ နေသာက ဒီပြင်ဦးလွင်ကမဟုတ်ဘူးညီမရဲ့၊ မန္တလေးက၊ အဘိုးသူငယ်ချင်းရဲ့ မြေးဆိုလားပဲ၊ ဒီမှာအလုပ်လာလုပ်နေတာ သုံးနှစ်လောက်ရှိသွားပြီ"

ပြောပြီး မဖြူက ချဉ်ပေါင်ရွက်တစ်စည်းကို ဆန်ကောတစ်ချပ်ထဲထည့်ကာ သင်ဖို့လုပ်နေတယ်။ သူမကတော့ မဖြူဆီက နေသာဆိုတဲ့လူအကြောင်း ဘာများထွက်လာဦးမလဲဆိုပြီး စောင့်နေမိပေမယ့် မဖြူ့စကားက လမ်းကြောင်း ပြောင်းသွားတယ်။

"ဘယ်လိုလဲ . . . ဒီမှာနေရတာ ပျင်းနေပြီလား"

တဲ့။ သူမက ဘာမှမပြောဘဲ ပြုံးပဲပြုံးပြလိုက်တယ်။ သူမသိချင်တာက ဟိုနေသာဆိုတဲ့လူအကြောင်းသာဖြစ်ပြီး ကိုယ့်အကြောင်းကိုတော့ဘယ်သူနဲ့မှ မဆွေးနွေးလိုပါ။

♡♡♡♡♡



www.burmeseclassic.com

www.burmeseclassic.com





သူမက ကြက်စာခွက်ထဲကို ကြက်စာတွေလိုက်ထည့်နေရင်းကနေ လက်ကနာရီကို တစ်ချက်ကြည့်လိုက်မိတယ်။ အချိန်တောင်တော်တော်လင့်နေပြီ။ အခုထိ ဟိုလူမလာသေး။ မနက်လင်းကတည်းက ပျောက်နေတာ။ မနက်စာစားတော့လည်း သူမနဲ့ အဘိုးနဲ့သာ စားခဲ့ရတာ။ သူမလာဘူး။ သူမက အလုပ်ထဲကို သူစောစော သွားတယ်ထင်လိုက်တာ။ ဒါပေမယ့် ကြက်ခြံကိုရောက်တော့လည်း သူ့ကိုမတွေ့ဘူး။ ဗလတစ်ယောက်သာ ကြက်ခြံထဲမှာ ကြက်ချေးကျုံးနေခဲ့တယ်။ သူမက ဗလကိုလည်း မမေးချင်တာနဲ့ ကိုယ့်ဘာသာ ကြက်စာကျွေးနေခဲ့တာ အခုဆို ကြက်စာကျွေးလို့တောင် ပြီးတော့မယ်၊ သူက အခုထိမလာသေး။ ဗလကလည်း ဘာမှမပြော။ သူ့ဘာသာ ကြက်ချေးကိုပဲ သည်းကြီးမည်းကြီးကျုံးလို့။ ဗလကိုမေးရမှာကျတော့လည်း တစ်မျိုးထင်သွားရင်အခက်။

အို. . . ထားလိုက်ပါတော့။ သူ့ဘာသာ ဘယ်သွားသွားပေါ့။ ကိုယ်နဲ့ ဆိုင်တာမှတ်လို့။ ကိုယ့်အလုပ်ကိုယ်ပြီးအောင်လုပ်ပြီး ဒူးနန့်နေလိုက်ရုံပဲ။

သူမက ကိုယ့်အတွေးနဲ့ကိုယ် ခေါင်းကိုဆတ်ခနဲ ခါလိုက်ပြီး ကြက်စာကို ကြက်စာခွက်တွေထဲ ခပ်မြန်မြန်လိုက်ထည့်လိုက်တယ်။ အလုပ်ကို တက်သုတ်ရိုက်ပြီး ခပ်မြန်မြန်လုပ်လိုက်တာမို့ ကြက်ခြံငါးခုလုံး ကြက်စာကျွေးလို့ပြီးသွားတော့ လူက တော်တော်လေးမောသွားတယ်။ ဒါကြောင့် သူမက အနီးအနားက ပက်လက်ကုလားထိုင်တစ်လုံးပေါ်မှာ ခန္ဓာကိုယ်ကို ခပ်လျော့လျော့မှီထိုင်ပြီး မျက်လုံးတွေကို မှေးမှိတ်ထားလိုက်တယ်။

ဒါပေမယ့် ဘယ်လိုကနေဘယ်လို အိပ်ပျော်သွားလိုက်တယ်မသိဘူး။ ခြေထောက်ကို တစ်စုံတစ်ခုကလာတိုးလိုက်တော့မှ သူမလန့်နိုးလာတယ်။ ကြည့်လိုက် တော့ သူမခြေထောက်ကိုလာတိုးတာက ရွှံ့ဗွက်တွေလူးထားတဲ့ဝက်တစ်ကောင်။ ဝက်က သူမခြေထောက်ကို သူ့ကိုယ်လုံးနဲ့ လာပွတ်နေတာ။ သူမခြေထောက်မှာ လည်း ရွှံ့ဗွက်တွေပေလို့။

"အား. . ."

သူမက ရွံလည်းရွံ၊ ကြောက်လည်းကြောက်သွားပြီး ခြေထောက်တွေကို ကုလားထိုင်ပေါ်ကို တင်ပစ်ကာ ဆောင့်ကြောင့်ထိုင်လိုက်မိတယ်။ ဒီအခိုက်မှာပဲ ဝက်က သူမခြေထောက်ကနေ ကျွတ်ကျသွားတဲ့ ဖိနပ်တစ်ဖက်ကို ကိုက်ချီပြီပြေးတော့တယ်။

သူမမျက်လုံးတွေ ပျာသွားတယ်။ ဒီဖိနပ်လေးက သူမသိပ်ကြိုက်တဲ့ ဖိနပ်လေး။ ဒီဇိုင်နာနဲ့သေချာအပ်ပြီး ချုပ်ထားတဲ့၊ မြန်မာနိုင်ငံမှာ နောက်တစ်ရံမရှိတဲ့ဖိနပ်လေး။

"ဟဲ့ဝက်. . . ဟဲ့"

သူမက အလန့်တကြားဟန်နဲ့ အော်ဟစ်ကာ ဝက်နောက်ကိုလိုက်တယ်။ ဒါပေမယ့် သူမကအော်တော့ ဝက်ကပိုပြေးတော့တာပေါ့။ သူမအာရုံထဲမှာ ဒီဖိနပ်ကို မဆုံးရှုံးရရေးကလွဲပြီး ဘာကိုမှ မတွေးနိုင်တော့ဘူး။





www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဝက်စုတ်. . . ဝက်နာ. . . ဟဲ့. . . ငါ့ဖိနပ်ကို အခုချခဲ့၊ ဟဲ့ဝက်"

မရပ်။ သူမက ခုနစ်သံချီအော်ပြီးလိုက်လေလေ ဝက်ကလည်း တဂီးဂီးအော်ကာ ပြေးလေလေဆိုတော့ မွေးမြူရေးခြံထဲမှာ ဆူညံပွက် လောကိုရိုက်လို့။ ဝက်က အစမှာတော့ ကြက်ခြံငါးခုကြားမှာပဲ လှည့် ပတ်ပြီးပြေးနေတာ။ နောက်တော့မှ ဝက်ခြံတွေဘက်ကို ထွက်ပြေး တယ်။ သူမကလည်း ဖိနပ်ဇောနဲ့ဆိုတော့ အလွတ်မပေးဘူး။ လိုက် တာပဲ။

ဝက်ခြံတွေနားရောက်တော့ ကိုရှမ်းလေးမိန်းမ မဖြူက ဝက် ကျွေးဖို့ ဆိုပြီး ဝက်စာခွက်ကြီးကို မပြီး ဝက်ခြံဘက်ကိုအသွား ရှေ့က နေကြောက်အားလန့်အားနဲ့ ပြေးနေတဲ့ ဝက်က မဖြူရှိရာဆီကို တည့် တည့်ကြီးဝင်ပြေးတယ်။ အဲ. . . တည့်တည့်ကြီးဝင်ပြေးတယ်ဆိုပေမယ့် ဝက်ကတော့ မဖြူရှိရာကို တမင်တကာ ဝင်ပြေးတာမဟုတ်ပါဘူး။ ကြောက်လန့်ပြေးတာဆိုတော့ ပြေးမိပြေးရာပြေးရင်းနဲ့ မဖြူဆီကို တည့် တည့်ဝင်ပြေးသလိုဖြစ်သွားတာပါ။

မဖြူကလည်း ဆူဆူညံညံနဲ့ဘာပါလိမ့်ဆိုပြီး ဝက်စာခွက်ကြီး ကို ကိုင်ထားရင်းကနေ အသံလာရာဆီကိုကြည့်လိုက်တာ။ ဒီမှာတင်ပဲ သူ့ဆီကို ဝက်တစ်ကောင်က ကြောက်လန့်တကြား တိုးဝင်လာတာကို လည်းမြင်ရော သူပါလန့်သွားပြီး ဘေးကိုရှောင်လိုက်တယ်။ အဲ. . . ဖြစ်ချင်တော့ ဝက်ကလည်း မဖြူရှောင်လိုက်တဲ့ဘက်ကို တိုက်တိုက်ဆိုင် ဆိုင်လိုက်ရှောင်တယ်။ ဒီတော့ မဖြူက တခြားတစ်ဖက်ကို ပြောင်းပြီး တော့ ရှောင်တယ်။ ဖြစ်ချင်တော့ ဝက်ကလည်း မဖြူနဲ့စိတ်ချင်းတိုက် ဆိုင်စွာပဲ မဖြူရှောင်တဲ့ဘက်ကို လိုက်ရှောင်ပြန်တော့ မဖြူနဲ့ဝက်က ထုပ်ဆီးတိုးတန်းကစားနေသလိုဖြစ်နေတော့တယ်။ ကြာတော့ ဝက်က နောက်ကိုပြန်လှည့်ပြေးဖို့ပြင်တယ်။ ဒါပေမယ့် နောက်ကလိုက်လာတဲ့



ရှိစီမြင့်အောင်ကိုလည်းမြင်ရော ဝက်က ဘာဖြစ်ဖြစ်ဆိုတဲ့အထာနဲ့ မဖြူဘက်ကိုပြန်လှည့်ပြီး တဇွတ်ထိုးဝင်တိုးတော့တာပဲ။

"ဟယ်. . . အယ်. . . အယ်. . . အမလေး"

အလန့်တကြားအော်သံနဲ့အတူ မဖြူတစ်ယောက် ဘိုင်းခနဲပစ် လဲကျသွားတယ်။ လက်ထဲက ဝက်စာခွက်ကြီးကလည်း မြေကြီးပေါ် မှောက်ကျသွားတယ်။

"အား. . . ငါ့လက်. . . ငါ့လက်"

မဖြူရဲ့အသံက နာနာကျင်ကျင်အသံ။ ဒါပေမယ့် ရှိစီမြင့် အောင်က မဖြူကို စိတ်မဝင်စားအားဘူး။ ဖိနပ်ဇောနဲ့ ဝက်နောက်ကိုပဲ သည်းကြီးမည်းကြီးလိုက် သွားတယ်။ ဒီလိုနဲ့ နွားခြံတွေဘက်ကိုသွားတဲ့ ဆင်ခြေလျှောလေးတစ်ခုနားကို အရောက်မှာတော့ သူမလည်း အရှိန် မထိန်းနိုင်ဘဲ မှောက်ရက်လဲတော့တယ်။

"အမလေး. . . "

www.burmeseclassic.com

www.burmeseclassic.com




အိမ်ရှေ့ကကွပ်ပျစ်ပေါ်မှာ ထမင်းစားဖို့ခူးခပ်နေတုန်းမှာပဲ သူတို့ရှိရာဘက်ကို လျှောက်လှမ်းလာနေတဲ့ ရိုစီမြင့်အောင်ကို နေသာနဲ့ အဖိုးကွတို့ကမြင်သွားတယ်။ ဘာတွေပေလာမှန်းမသိတဲ့ ဖိနပ်တစ်ဖက်ကို တုတ်တစ်ချောင်းနဲ့ ထိုးကော်ကာ ကိုင်လာပြီး လာနေတဲ့ပုံကလည်း ထော့ကျိုးထော့ကျိုးနဲ့။ ဆံပင်တွေကလည်း မုန်တိုင်းမိ လာတဲ့သူတစ်ယောက်လို ရှုပ်ပွနေကာ မျက်နှာက ငိုမဲ့မဲ့။

"မိရိုစီ. . . ဒါကဘယ်လိုဖြစ်လာတာလဲ၊ ပြောစမ်းပါဦး"

အဘိုးကွရဲ့စကားအဆုံး သူမက ငိုချင်နေတဲ့ကလေး အားကိုးရသွားလို့ပို ငိုကယ်ပဲပြောရမလား၊ ငိုချင်ရက်လက်တို့ ဆိုသလိုပဲ ပြောရမလားတော့မသိဘူး၊ လက်ထဲမှာ တုတ်ချောင်းနဲ့ကော်ကာ ကိုင်လာတဲ့ဖိနပ်ကို မြေကြီးပေါ် ဘုတ်ခနဲပစ် ချလိုက်ပြီး ဆောင့်ကြောင့်ထိုင်ကာ ငိုတော့တယ်။







"အမလေး. . . အမေရဲ့၊ သမီးပုံစံကိုလည်း လာကြည့်လှည့်ပါဦး။ ဒီမှာသမီးပုံစံက သူတောင်းစားလောက်သာသာပဲရှိတော့တယ. . . ဟီး ဟီး ဟီး၊ တစ်ကိုယ်လုံးလည်း ကြက်ချေးစော်တွေရောဝက်ချေးစော်တွေရောပါ နံဟောင်နေတာပဲ. . . ဟီး ဟီး ဟီး"

သူမက ဆောင့်ကြောင့်ထိုင်ကာငိုနေရင်းကနေ မြေကြီးပေါ်မှာ ပိပိရိရိထိုင်ချလိုက်တယ်။

"ဒီရောက်ကတည်းက တစ်ခါမှ ကောင်းကောင်းနေရတယ်ကို မရှိဘူး၊ လူကိုအမျိုးမျိုးနှိပ်စက်နေကြတာ. . . ဟီး. . . ဟီး. . . ဟီး. . ."

"ဟောဗျာ. . . မေးတာကို မဖြေဘဲနဲ့ ဘာလို့ငိုနေရတာတုန်း၊ ပြောစမ်း ညည်းဘာဖြစ်လာတယ်ဆိုတာကို"

"ဘာဖြစ်ရမှာလဲ၊ အဘိုးဝက်ပေါ့၊ အဖိုးဝက်. . . ဟီး. . . ဟီး. . ."

"ငါ့ဝက် ! ငါ့ဝက်က ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ၊ သူက သမီးဖိနပ်ကိုချီပြီး ထွက်ပြေးတာကိုး၊ အဲဒီတော့သမီးက လိုက်ယူရင်း ဒီလိုဖြစ်လာတာပဲ၊ ဒူးတွေလည်း ပွန်းကုန်ပြီ၊ ဖိနပ်လေးလည်း ဝက်ကိုက်ရာကြီးထင်သွားပြီ၊ ဟီး. . . ဟီး. . . သူများကို လူကနှိပ်စက်လိုက်၊ တိရစ္ဆာန်ကနှိပ်စက်လိုက်နဲ့ ကြာရင်သေမှာပဲ. . . ဟီး"

သူမငိုနေပုံကိုကြည့်ပြီး နေသာက တစ်ဖက်ကိုမျက်နှာလှည့်ကာ ကျိတ်ရယ်တယ်။ ကလေးမဟုတ်သူငယ်မဟုတ် ဘယ်လို ကောင်မလေးမှန်းကိုမသိ။

"တိတ်စမ်း . . . လူကြားမကောင်းအောင် အော်ငိုမနေနဲ့၊ နားညည်းတယ်၊ ကလေးလည်းမဟုတ်တော့ဘူး"

"ဘယ်သူကငိုချင်မှာလဲလို့၊ သူတို့ပဲ လူကိုငိုအောင်လုပ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဟီး. . . ဟီး. . နိုပ်စက်တဲ့လူက နိုပ်စက်ပြီးတော့ အပါးခိုတဲ့လူကလည်း အပါးခိုပြီး တစ်မနက်ခင်းလုံး ဘယ်ပျောက်နေမှန်းမသိဘူး။ ကြက်ခြံငါးခုစလုံးကို တစ်ယောက်တည်း အစာကျွေးရတယ်၊ ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ ဘယ်သွား အလေလိုက်နေတယ်မသိဘူး . . . ဟီး. . . ဟီး. . ."

ဒီတစ်ခါတော့ နေသာမျက်လုံးပြူးသွားရတယ်။ သူမက သူ့ကိုပါ မကျေမနပ်ဖြစ်နေတာမဟုတ်လား။ မနက်တစ်ပိုင်းလုံး သူက နွားခြံဘက်မှာ နွားမတစ်ကောင် သားကျတဲ့ကိစ္စရယ်၊ စိုက်ပျိုးရေးခြံတွေဘက်က နွားချေးလာဝယ်တဲ့လူတွေရယ်နဲ့ အလုပ်တွေ ရှုပ်နေခဲ့တာဆိုတော့ ကိုယ့်တာဝန်ယူထားရတဲ့ ကြက်ခြံဘက်ကို မရောက်ဖြစ်လိုက်ဘူး။ သူမက ဒါကိုလည်း အစာမကြေဖြစ်နေပုံပင်။

"မိရိုစီ. . . ငါဒေါသထွက်လာပြီနော်၊ တိတ်တော့လို့ပြောနေတယ်၊ သွားခြေတွေလက်တွေဆေးချည်၊ ထမင်းစားမလို့"

"မစားဘူး၊ ဘာထမင်းမှ မစားဘူး၊ ထမင်းမစားလို့သေသွားရင်အေးတာပဲ၊ ဝဋ်တောင်ကျွတ်သေးတယ်. . . ဟီး. . . ဟီး. . . ဟီး. . မြန်မြန်သေမှအေးမှာ. . . ဟီး. . . ဟီး. . . "

သူမက ထိုင်ရာကနေ ဝေါက်ခနဲထလိုက်ကာ သူမအခန်းဆီသွားဖို့ပြင်တယ်။

"ဒါကဘယ်ကိုလဲ"

"အခန်းထဲသွားမလို့"

"ညည်းတကယ် ထမင်းမစားဘူးလား"

"မစားဘူး၊ သေတောင်မစားဘူး"

"တကယ်နော်"

"တကယ်. . . တကယ်. . . "

"သေချာတယ်နော်. . . တကယ်မစားတာ"





"မစားပါဘူးဆိုနေမှပဲ၊ ဘယ်နှခါပြောရမှာလဲ၊ မစားဘူး"

သူမက ဆောင့်ကြီးအောင့်ကြီးပြောကာ အခန်းထဲဝင်သွားပြီးနောက် အခန်းတံခါးကို ဒုန်းခနဲမြည်အောင် ဆောင့်ပိတ်လိုက်တယ်။ ချက်ချင်းဆိုသလိုပဲ တံခါးက ဝုန်းခနဲပြန်ပွင့်လာကာ သူမခေါင်းလေးသာထွက်လာပြီး. . .

"ဘယ်သူမှ လာမနှိုးနဲ့နော်၊ တစ်နေကုန်အိပ်မှာ၊ ဒီနေ့ နေ့ခင်းတစ်ပိုင်းကို ကိုယ့်သဘောနဲ့ကိုယ် ခွင့်ယူတယ်၊ မကျေနပ်ရင် လစာထဲက ဖြတ်လို့ရတယ်"

ပြောပြီး သူမခေါင်းက အထဲပြန်ဝင်သွားကာ တံခါးကလည်း ဒုန်းခနဲပြန် ပိတ်သွားပြန်တယ်။

"အဲဒါသာကြည့်တော့ ဘယ်လိုကောင်မလေးမှန်းကိုမသိဘူး၊ တော်တော်စိတ်ပျက်ဖို့ကောင်းတယ်"

အဘိုးစကားကိုနေသာကပြုံးရုံသာပြုံးပြီး ဘာမှပြန်မပြောမိဘဲ အဘိုး လက်ဆေးဖို့အတွက် ရေအုတ်ကန်ကနေ ရေတစ်ခွက် သွားခပ်ပေးလိုက်တယ်။ ဒါပေမယ့်ဟိုကောင်မလေးဗိုက်မဆာဘူးလားမသိဘူးဆိုတဲ့အတွေးကိုတော့ ထမင်းစားရင်းနဲ့ တွေးဖြစ်အောင် တွေးလိုက်မိပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်းပဲ တံခါးကို တဒုန်းဒုန်းလာထုန္ဒိုးသံကြောင့် အိပ်ပျော်နေရာကနေ သူမနိုးလာပြန်တယ်။ သူမစိတ်လည်းတို့ ဝမ်းလည်းနည်းကာ အိပ်ပျော်သွားခဲ့တာ။ မျက်ရည်စီးကြောင်းတွေခြောက်သွားပြီး ပါးတွေတောင် တင်းနေတယ်။

"ရှိစီ. . . မိရှိစီ၊ ညည်းမထသေးဘူးလား၊ ဘယ်အချိန်ရှိနေပြီလဲ၊ ထသင့်နေပြီနော်၊ ထတော့"

သူမက အဘိုးကို ဘာအသံမှ ပြန်မပြုဖြစ်ဘဲ ခေါင်းရင်းက နာရီလေးကို ယူကြည့်မိပြန်တယ်။ ညနေငါးနာရီ။ အား. . . မိမိ တော်တော်ကြာအောင်အိပ်ပျော်သွားခဲ့တာပဲ။ ဒါပေမယ့် စိတ်ထဲမှာတော့ သိပ်မကြည်သေး။

"မိရှိစီ. . ."

အဘိုးရဲ့အသံက ဆက်ထွက်လာပြန်တယ်။ ဒီတစ်ခါတော့ သူမက ပါးစပ်က ဘာအသံမှမပြုဘဲ တံခါးကိုသွားဖွင့်လိုက်တယ်။ အဘိုးက အိပ်ရာကထလာတဲ့ သူမပုံစံကို ခြေအဆုံးခေါင်းအဆုံး ကြည့်လာတယ်။ အဘိုးရဲ့အကြည့်မှာက အလိုမကျမှုတွေ အပြည့်။





"ညည်းကတော့ တော်တော်ဟုတ်နေတာပဲ၊ ပြင်လာမလား အောက်မေ့ပါတယ်၊ အပျင်းက ကြာလေကြီးလေပါလား. . . ဟင်"

သူမက အဘိုးကိုဘာမှ ပြန်မပြောဘဲ တုံကိုဘာဝေ လုပ်နေလိုက်တယ်။ ထသာထလာတာ မျက်လုံးက ကောင်းကောင်းဖွင့်လို့မရချင်သေး။ အတင်းပြူးပြဲပြီးတော့ ဖွင့်ထားရတယ်။ အဘိုးကလည်း ဒါကိုသိတယ်။

"ညည်း. . . ကောင်းကောင်းရော နိုးပြီလား. . . ငါ့ကိုရော မြင်ရဲ့လား"

သူမက မျက်လုံးကို မှိတ်ချည်ဖွင့်ချည်လုပ်ရင်းက ခေါင်းညိတ်ပြလိုက်မိတယ်။

"အေး. . . မြင်ပြီဆိုရင်လည်း လာ၊ ဒီနေ့ညစာကို ညည်းချက်ရမှာ"

"ဘယ်လို"

အဘိုးစကားကြောင့် အိပ်ချင်စိတ်မပြေသေးတဲ့ သူမမျက်လုံးတွေက အော်တိုမက်တစ် ပြူးကျယ်သွားရတယ်။

"ညည်းကို ညစာချက်ခိုင်းနေတာ၊ ကြားပြီလား"

"ဟာ. . . အဘိုးကလည်း မချက်ချင်ပါဘူး၊ ချက်လည်းမချက်တတ်ဘူး၊ ဝါသနာလည်း မပါဘူး"

"ဝါသနာမပါလို့ရမလား၊ ညည်းက မိန်းကလေးလေ၊ ဝါသနာမပါလည်း ချက်ရမှာပဲ"

"ဟာ. . . ထမင်းချက်ဖို့က မဖြူရှိသားပဲဟာကို"

"မဖြူ ညည်းကြောင့် လက်အဆစ်လွဲသွားတယ်လေ၊ ဘယ်လိုလုပ် ထမင်းချက်နိုင်မှာလဲ"

သူမ ဒုတိယမ္ဘိမျက်လုံးပြူးရပြန်တယ်။ မဖြူ လက်အဆစ်လွဲသွားတယ်ဆိုပါလား။ သူမ သတိမထားမိလိုက်။ ဝက်တိုးလို့ မဖြူ



www.burmeseclassic.com

www.burmeseclassic.com



လဲသွားတာကို မျက်လုံးထဲမှာ မြင်ယောင်ကြည့်မိတယ်။ ကိုယ့်ဇာနဲ့ကိုယ် ဆိုတော့ သူ့ကိုဘာဖြစ်သွားလဲတောင် သူမ မမေးခဲ့မိ။ ပြီးမှပဲ အကျိုးအကြောင်းသွားမေးလိုက်ဖို့ တေးထားလိုက်မိတယ်။

ဒါပေမယ့် ထမင်းကတော့ မချက်ချင်ပါ။ ချက်လည်း မချက်တတ်။ မီးကလည်းပူဦးမယ်။ ဗိုး... စိတ်ညစ်စရာကြီး။

အဘိုးကလည်းမိမိကို တစ်ဆင့်ပြီးတစ်ဆင့်ကို တိုးတိုးပြီး ပညာတွေပြနေတာ ဘယ်အချိန်ကတည်းကများ ငြိုးထားသလဲ မပြောတတ်။ မိမိဘက်က လျှော့လေလေ အဘိုးဘက်က ပိုတင်းလေလေပင်။

မဖြစ်ဘူး။ ဒီတစ်ခါတော့ လုံးဝကိုလျှော့ပေးလို့မဖြစ်။ နေ့ခင်းက ကိစ္စနဲ့ မိမိဘက်ကလည်း တင်းနေတုန်းဆိုတော့ တင်းလက်စနဲ့ ဆက်တင်းထားလိုက်တာပဲ ကောင်းတယ်။ ဒါမှ ရှိစီမြင့်အောင်မှာလည်း တင်းတဲ့အကြောင်းရှိတယ်ဆိုတာကို အဘိုး သိသွားမှာ။

သူမက ကိုယ့်အတွေးကိုကိုယ် သဘောကျသွားကာ အဲဒီအတိုင်းလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။

"သမီးမချက်နိုင်ဘူး... အဘိုး"

ဆိုတော့ အဘိုးကလည်း သူမအဘိုးပီသစွာ သူမထက်ပိုပြီး အကြောတင်းပြတယ်။

"မရဘူး၊ ညည်း.. ချက်ရမယ်၊ ဒီအိမ်မှာ မိန်းမသားဆိုလို့ ညည်းပဲရှိတာ၊ အဲဒီတော့ ညည်းချက်... သွားအခု"

"မချက်ဘူး အဘိုး၊ သမီးမချက်နိုင်ဘူး"

"မိရှိစီ... ညည်းပေကတ်ကတ် လုပ်မနေနဲ့၊ ငါ့ဒေါသကို ဆွနေတာလား၊ ဟုတ်လား"

"မဟုတ်ပါဘူး၊ သမီးမလုပ်နိုင်တာကို မလုပ်နိုင်ဘူးလို့ပဲ ပြောတာ၊ အဲဒါ အဘိုးဒေါသကို ဆွတာမှမဟုတ်တာ၊ ပြီးတော့ အဘိုး ဒေါသက ဘယ်တုန်းကများ ငြိမ်နေဖူးလို့လဲ၊ အစကတည်းက





အဲဗားစိတ်တိုနေတဲ့ ဟာ"

"မိရှိစီ !"

အဘိုးက ဒေါသဒီဂရီမြင့်လာပြီဆိုတာကို သိသာအောင် တုန်းအော်တယ်။ သူမလည်း အဘိုးအသံအကျယ်ကြီးကြောင့် ကြောက်သွားတယ်။ ဒါပေမယ့် ဒီတစ်ခါတော့ သူမက ကြောက်ကြောက်နဲ့ပဲ ပြန်အာခံနေလိုက်မိတယ်။

"ညည်း... ညည်း... ငါ့ကို 'တစ်ခွန်းမကျန်ပြန်အာခံနေ တယ်ပေါ့လေ၊ ဟုတ်လား၊ အောင်မလေး... ဘိုကွတို့ အပွဲပွဲနွှဲလာ သမျှ ညည်းနဲ့ကျမှပဲနှပ်ပက်ခံနေရပါလား... ဟမ်"

"အဘိုးဘာသာ ထင်ချင်သလိုထင်၊ သမီးကတော့ လုံးဝထမင်း ချက်နိုင်ဘူး၊ ဒါပဲ..."

ပြောပြီး သူမက အနိုင်နဲ့ပိုင်းတဲ့အနေနဲ့ အခန်းတံခါးကိုပိတ် လိုက်ကာ အထဲရောက်တာနဲ့ ကိုယ့်လုပ်ရပ်ကိုကိုယ် သဘောတွေကျ ကာ ခုန်ပေါက်လိုက်မိတယ်။ အဘိုးကတော့ အပြင်ကနေ အော်နေ တုန်းပင်။

"အောင်မလေးဗျ... ခေါင်းတွေကိုက်လိုက်တာ၊ ညည်းနဲ့မှ ငါသေတော့မှာပါ၊ အောင်မလေး ခေါင်းကိုက်တယ် ခေါင်းကိုက်တယ်၊ မိရှိစီ ညည်း အခုတံခါးဖွင့်စမ်း... မိရှိစီ"

အဘိုးက တံခါးကို တဒုန်းဒုန်းထုပြန်တယ်။ သူမကတော့ MP4 Player ကိုဖွင့်ကာ နားကြပ်ကိုနားမှာတပ်ထားလိုက်ရင်း ခုတင် ပေါ်မှာ ပြန်လှဲနေလိုက်မိတယ်။ ဒါပေမယ့် အဘိုးအသံက သီချင်း သံကိုတောင် ဖောက်ပြီးကြားနေရလောက်အောင် မာထန်နေတယ်။ ဒါလား သွေးတိုးတာ။

"အေး... ထမင်းမချက်ရင် ထမင်းလည်းမစားရဘူးသာမှတ် အခုတော့ နေနှင့်ဦးပေါ့၊ ထမင်းထွက်လာစားရဲရင် စားကြည့်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



အခါမှ ညည်းနဲ့ငါ တစ်ပွဲတစ်လမ်းတွေ့ကြသေးတာပေါ့ . . . ဟွန်းဟွန်း"

အဘိုးက ကြိမ်းမောင်းကာထွက်သွားတယ်။ သူမကတော့ ပက်လက်လှန် အိပ်နေရင်းကနေ သီချင်းသံရဲ့ စည်းချက်နဲ့အတူ ခြေထောက်တွေ လှုပ်ယမ်းနေမိတော့တယ်။ ဒီလိုနဲ့ သီချင်းလေးငါးပုဒ်လောက်အပြီးမှာတော့ သူမနောက်တစ်ဖန် ပြန်အိပ်ပျော်သွားပြန်တယ်။

ဒီလိုအိပ်ပျော်နေရင်းကနေဗိုက်ထဲမှာဖြစ်ပေါ်လာတဲ့ဟာတာတာ ခံစားချက်ကြီးတစ်ခုကြောင့် သူမ ပြန်နိုးလာပြန်တယ်။ နိုးလျှင်နိုးချင်း ခေါင်းရင်းကနာရီ ကိုယူကြည့်လိုက်မိတော့ညဆယ့်တစ်နာရီ။

"ဘုရားရေ ! "

သူမအလန့်တကြားနဲ့ အိပ်နေရာကနေ ငေါက်ခနဲထလိုက်မိတယ်။ ဒီအချိန်တောင်ရှိနေပြီ။ အိပ်ပျော်သွားတာ ခဏလေးလို့ ထင်နေပေမယ့် အချိန်တွေတော် တော်ကြာအောင် ထပ်အိပ်ပျော်သွားတာပဲ။ မဖြစ်သေးပါဘူး။ တစ်ကိုယ်လုံးနံစော်နေတာ ရေလေးဘာလေး ထချိုးဦးမှပါ။

သူမက ကိုယ့်အတွေးနဲ့ကိုယ် အိပ်ရာပေါ်ကဆင်းမယ်အလုပ် ဗိုက်ထဲမှာ စောစောကလို ဟာတာတာခံစားချက်ကြီးက ထပ်ပေါ်လာပြန်တယ်။ တစ်ဆက် တည်းလိုလိုပဲ ဗိုက်ထဲကနေ 'ဂွီ. . ." ဆိုတဲ့ အသံကြီးတစ်ခုကလည်း သံရှည်ဆွဲပြီး တော့ထွက်ပေါ်လာပြန်တယ်။

သူမ. . . ဗိုက်ဆာနေပြီ။

ဟုတ်သားပဲ။ နေ့လည်ခင်းကတည်းက မိမိဘာမှမစားရသေး။ ကိုယ့်ဘဝကိုယ်ဝမ်းနည်းဒေါသထွက်ပြီးတော့အခန်းအောင်းနေမိတာ အခုတော့ ဗိုက်ထဲမှာ တော်တော်လေးဆန္ဒပြနေခဲ့ပြီ။ ထမင်းစားဦးမှပါ။

ထမင်းစားဦးမယ်ဆိုမှ ညနေခင်းက သူမကို အဘိုးကြိမ်းသွားတဲ့ အသံကို ပြန်ကြားယောင်မိတယ်။ ဘယ်လိုလုပ်ရပါ့မလဲ။ အို. . . အခုအချိန်လောက်ဆိုရင်တော့အဘိုးအိပ်ပျော်နေလောက်ပါပြီ။ အဘိုးမသိအောင် မီးဖိုချောင်ထဲ တိတ်တိတ်လေး ခိုးဝင်ပြီး ထမင်းကို ကိုယ့်အခန်းထဲ ခိုးလာခဲ့ရင်ဖြစ်တာပဲဟာ။



သူမက ကိုယ့်အတွေးနဲ့ကိုယ် ခေါင်းအုံးဘေးက လက်နှိပ်ဓာတ်မီးကို ယူကာ အခန်းတံခါးကို အသာဖွင့်ပြီးနောက် လူတစ်ကိုယ်လုံး အပြင်ကိုမထွက်သေးဘဲ ခေါင်းလေးပဲထွက်ကာ အပြင်က အရိပ်အခြည်ကို ကြည့်မိတယ်။

အပြင်မှာက ပကတိငြိမ်သက်လို့။ ဘာလှုရိပ်လှုချည်မှ မတွေ့ရတော့ဘူး။

သူမက အမှောင်ထဲမှာပင် သဘောတကျ ပြုံးလိုက်ကာ အပြင်ကို ထွက်လိုက်ပြီးတော့ မီးဖိုချောင်ရှိရာဆီကို လျှောက်သွားလိုက်တယ်။ ဒီလိုနဲ့ အဘိုးအခန်းရှေ့ကနေ အဖြတ်မှာတော့. . .

"ဒါက ဘယ်ကိုသွားမလို့လဲ"

ဆိုပြီး အခန်းထဲကထွက်လာတဲ့ အဘိုးအသံကြောင့် သူမခန္ဓာကိုယ်က လိပ်ပြာလွင့်သွားမတတ်ကို ထိတ်လန့်တုန်လှုပ်သွားရတယ်။ အဘိုးမအိပ်သေးဘူးလား။

"ဟို. . . ဟို. . . ထ. . . ထမင်းဆာလို့ပါ"

သူမက ကြောက်ကြောက်လန့်လန့်နဲ့ပြန်ဖြေမိတယ်။

"နင်လည်းတာလောက်တော့ ငါကပျင်းတာပေါ့ မိရှိစီရယ်၊ တွန်း . . . ဘိုက္ခကို ဒီလိုလာလုပ်လို့ဘယ်ရမလဲ၊ ဗိုက်ဆာရင် နင်သေချာပေါက်ကိုထွက်လာမယ်ဆိုတာ ငါသိပြီးသား"

အဘိုးအသံက ထပ်ထွက်လာတယ်။ ဒီတော့ သူမက လက်တစ်ဖက်နဲ့ ဗိုက်ကိုနှိပ်ထားလိုက်ရင်းက. . .

"သမီး. . . သမီး ဗိုက်အရမ်းဆာနေလို့ပါ အဘိုးရယ်၊ သမီး





www.burmeseclassic.com

www.burmeseclassic.com



ကို ခွင့်လွှတ်ပါနော်၊ သမီးမှာက အစာအိမ်ရှိတယ်အဖိုးရဲ့၊ ထမင်းမစားရရင် သမီးဗိုက်က အောင့်လာတော့တာ. . . ဟော. . ပြောရင်းနဲ့တောင် ဗိုက်ထဲကနေအောင့်လာသလိုပဲ. . . အား. . ."

သူမက အဘိုးယုံလောက်အောင် ဉာဏ်များပြလိုက်တယ်၊ ပြောနေရင်းနဲ့ကို ဗိုက်ကတော်တော်ဆာလာပြီ။ ဒါပေမယ့် အဘိုးဆီက ဘာသံမှ ထပ်ထွက်မလာသလို အဘိုးလည်း အခန်းပြင်ကို ထွက်မလာ၊ ဘာဖြစ်လို့ပါလိမ့်။ တကယ်ဆို အဘိုးက ဒေါသတကြီးနဲ့ အခန်းအပြင် ဝုန်းဝုန်းဒိုင်းဒိုင်းထွက်လာရမှာမဟုတ်လား။ အခုတော့ လူလည်း ထွက်မလာ၊ ဘာသံမှလည်း ထွက်မလာတော့ဘဲ ငြိမ်နေတော့တာက အံ့သြစရာ။ သူမ နားမလည်နိုင်လောက်အောင်ဖြစ်သွားတယ်။ အဘိုးအိပ်ရင်းနဲ့များ ယောင်နေတာလား။

သူမက ဒီလိုတွေးလိုက်မိတော့ သွေးတိုးစမ်းတဲ့အနေနဲ့. . .

"အဘိုး"

လို့ ခပ်တိုးတိုးလေးခေါ်ကြည့်လိုက်မိတယ်။ ဒါပေမယ့် အဘိုးဆီက ဘာသံမှ ထွက်မလာ။ ဒီတော့ သူမက ကြောက်စိတ်နည်းနည်းလျော့သွားသလို နည်းနည်းလည်း ပိုရဲတင်းသွားကာ နောက်တစ်ခါထပ်ခေါ်လိုက်ပြန်တယ်။

"အဘိုး"

တကယ့်ကို တိုးတိုးလေးဆိုမှ တိုးတိုးလေးရယ်သာ ခေါ်လိုက်တာပါ။ ဒါပေမယ့်လို့ အိပ်မပျော်သေးတဲ့လူဆိုရင်တော့ သေချာပေါက်ကြားနိုင်လောက်တဲ့ လေသံမျိုးပါ။ အကျယ်ကြီးခေါ်လိုက်ပြန်ရင်လည်း အဘိုးက တကယ်အိပ်ပျော်ပြီး ယောင်နေတာဆိုရင် မိမိက သွားနှိုးသလို ဖြစ်သွားမှာလည်း စိုးရသေးတယ်လေ။

"အဘိုး"

သုံးကြိမ်မြောက် ခေါ်လိုက်ပြီးတဲ့အထိ အဘိုးထံက ဘာတုန့်





ပြန်သံမှကို ထွက်မလာတဲ့အဆုံးမှာတော့ အဘိုးအိပ်ရင်းယောင်နေတယ် ဆိုတာ သေချာသွားရတယ်။ ဒီတော့မှ သူမက သက်ပြင်းမောကို အသာကြိတ်ချလိုက်ပြီး မီးဖိုချောင်နားကိုတိုးကပ်သွားကာ မီးဖိုချောင်တံခါးကို အသာတွန်းဖွင့်လိုက်တယ်။

"ကျွိ. . ."

ခိုးလုပ်ပါတယ်ဆိုမှ ဘယ်အချိန်ကတည်းက လုပ်ထားမှန်းမသိတဲ့ တံခါးစုတ်က အသံထွက်လာတော့ တံခါးကို အသာပြန်ထိန်းထားလိုက်ကာ အဖိုးအခန်းဘက်ကို နားစွင့်ရပြန်တယ်။ စိတ်ချရပြီဆိုမှ သူမက မီးဖိုချောင်ထဲကိုဝင်ကာ ထမင်းအိုးဟင်းအိုးတွေထည့်တဲ့ ကြောင်အိမ်ကိုဖွင့်လိုက်တယ်။ ဒါပေမယ့်. . .။

"ဟင် ! "

BURMESE CLASSIC

ကြောင်အိမ်ထဲမှာက ထမင်းအိုးဟင်းအိုးတွေ အကုန်လုံးကို ပြောင်လက်နေအောင် ဆေးပြီးမှောက်ထားတာကို တွေ့လိုက်ရတယ်။ ဘာထမင်းဟင်းမှမရှိ။ အဘိုးကွက ရိုစီကိုပညာပြလေပြီ။ သူမ ထမင်းဟင်းမချက်တာနဲ့ဘဲ သူမအတွက်ဘာမှ စားစရာမကျန်အောင် အကုန်ပဲ စားပစ်သလား၊ ကျန်တာတွေကိုပဲ တမင်တကာ သွန်ပစ်လိုက်လေသလား မပြောတတ်ချေ။

စားစရာမတွေ့ဘူးဆိုမှ ဗိုက်ကလည်း ပိုပိုပြီးဆာလာလေရာ သူမက မ ကျေနပ်သေးဘဲ မီးဖိုချောင်ထဲမှာ ခေတ်မီးနဲ့နေရာလပ်မကျန် လှန်လှောပြီးတော့ရှာတယ်။ ဒါပေမယ့်ဘာဆိုဘာမှကိုမတွေ့။

"အား"

ဗိုက်ထဲက အောင့်လာတဲ့အထိ သူမထမင်းဆာလာတော့ လက်တွေကပါ တုန်လာတယ်။ ပြီးတော့ မျက်ရည်တွေလည်း ပိုးပိုးပေါက်ပေါက်ကျလာခဲ့တယ်။

"အောင်မလေး. . . ဗိုက်ဆာလို့သေတော့မှာပဲ၊ အလောင့်"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ အဲဒီလို ငိုသံပါကြီးနဲ့ ရေရွတ်လိုက်တဲ့ အသံက အနည်းငယ်ကျယ်သွားခဲ့တယ်။ ဒီမှာတင်ပဲ အဘိုးအခန်းဆီက အသံ ထွက်လာတယ်။ ဒါနဲ့ သူမက ခတ်မီးကို အမြန်ပိတ်လိုက်ရတယ်။

"ဘယ်သူလဲ မီးဖိုချောင်ထဲက"

သေချာတယ်။ ဒီတစ်ခါတော့ အဘိုးအိပ်ရင်းယောင်နေတာ မဟုတ်ဘူး။ နိုးလာရင်းနဲ့ မီးဖိုချောင်ထဲက မိမိအသံကို ကြားသွား တာပဲဖြစ်ရမယ်။

"ဘယ်သူလဲလို့ မေးနေတယ်လေ"

ဘယ်လိုလုပ်ရပါ့။ အဘိုးထလာရင်တော့ ပြဿနာတက် တော့မှာပဲ။ သူမ မကြံတတ်အောင်ဖြစ်သွားရတယ်။

"ဘယ်သူလဲလို့"

အဘိုးရဲ့အသံက ပိုပြီးတော့ကျယ်လာတယ်။

"မီရိုစီလား..."

မဖြစ်တော့။ ဒီတစ်ခါတော့ သူမက ကြံရာမရတဲ့အဆုံး ကြောင်အော်သံ ပြုပေးလိုက်တယ်။

"ညောင်..."

"ရှူးစီ"

"ညောင်..."

"ဩော်...ပူစီပဲ"

သူမဘဝကြောင်ဖြစ်သွားမှပဲ အဘိုးကငြိမ်သွားတယ်။ တော်ပါ သေးရဲ့ ယုံသွားပေလို့။ ပကတိပြန်တိတ်ဆိတ်သွားပြန်တယ်။ ဒီတော့မှ သူမက မီးဖိုချောင်ထဲကနေ အသံမကြားအောင်ပြန်ထွက်လာခဲ့လိုက် တယ်။ ဗိုက်က အတော့်ကိုဆာနေတာဆိုတော့ ခြေလှမ်းတွေကိုတောင် ကောင်းကောင်းမလှမ်းချင်။ ခြေတစ်လှမ်း တစ်လှမ်းရှေ့ရောက်ဖို့ကို တော်တော်ကြီးကို အားစိုက်ပြီးလှမ်းရတယ်။





စိတ်ပျက်လက်ပျက်နဲ့ အခန်းဆီကိုပြန်အလာမှာပဲ သူမ အခန်းရှေ့မှာ ငုတ်တုတ်ကြီးထိုင်နေတဲ့ မည်းမည်းအရာကြီး တစ်ခု ကြောင့် ကြက်သီးတွေဖြန်းခနဲထကာ ဆံပင်တွေထောင်သွားပြီး အလန့် တကြားအော်မယ်အလုပ်မှာပဲ...

"ဟေ့ ဟေ့ မအော်နဲ့နော်၊ ကိုယ်ပါကွ"

ဆိုတဲ့အသံကြောင့် အော်လုအော်ခင်ပါးစပ်ကို အမြန်ဘရိတ် အုပ်လိုက်ရတယ်။

"ကို...ကိုနေသာလား၊ ရှင်မအိပ်သေးဘူးပေါ့"

သူမက တုန်တုန်ယင်ယင်နဲ့မေးလိုက်မိတယ်။ ဒီတော့မှ သူကထိုင်နေရာကနေ ထကာ သူမအနားကို လျှောက်လာပြီး...

"ရော့..."

တဲ့ဆိုကာ အရာဝတ္ထုတစ်ခုကိုကမ်းပေးလာတယ်။ မှောင် မှောင်မည်းမည်းထဲမှာဆိုတော့ သူကမ်းပေးလာတာကို သူမ ကောင်း ကောင်းမမြင်ရ။

"ဘာ...ဘာလဲ"

"မင်းဗိုက်ဆာနေတာမလား...ထမင်းချိုင့်"

"ဟင်...ဟုတ်လား"

သူမက ဟန်ပင်မဆောင်နိုင်တော့ဘဲ ထမင်းချိုင့်ကို ဆွဲ ယူလိုက်တယ်။ ကြိုက်မရှက် ဝတ်မရှက်ဆိုတဲ့စကားကို အခုမှ နဖူး တွေ့ဒူးတွေ့ သူမကြုံနေရတာ။

"ကျွန်မက မီးဖိုချောင်ထဲမှာ သွားရှာနေတာ၊ ဘာမှမတွေ့ဘူး"

"ဘယ်တွေ့မှာလဲ၊ အဘိုးက ညစာစားပြီးပိုတဲ့ထမင်းဟင်းတွေ အကုန်လုံးကို သူ့အခန်းထဲမှာ ယူထားတာလေ၊ မင်းကိုပညာပေးမလို့ တဲ့၊ ကိုယ်က မင်းဆာနေမှာသိလို့ မဖြူတို့ဆီကအကျိုးအကြောင်းပြော ပြီး ချိုင့်နဲ့သွားတောင်းထည့် အခန်းထဲမှာ ယူထားတာ၊ သွားတော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com



စားပြီးရင် အိပ်တော့ကွာ၊ ကိုယ်လည်းအိပ်တော့မယ်"

"ဒါနဲ့ ရှင်တို့ကို ညစာဘယ်သူချက်ပေးလဲ"

"ကိုယ်ချက်တာပေါ့ကွ"

"ဟင်. . . ရှင်က ဒါတွေလည်း ဖြစ်တာပဲလား"

"ဒါပေါ့ကွ၊ ဘယ်သူမဆို လုပ်ချင်ရင် ဘာမဆိုဖြစ်ပါတယ်၊ ကဲ သွားသွား၊ အထဲဝင်တော့၊ တော်ကြာ အဘိုးနိုးသွားရင် ခက်မယ်၊ ကိုယ်လည်း သွားတော့မယ်"

ပြောပြောဆိုဆိုသူက သူ့အခန်းဆီကို အမှောင်ထဲမှာစမ်းပြီး ပြန်သွားတယ်။ ဒီတော့မှ သူမလည်း ဗိုက်ထဲမှာလောင်နေတဲ့မီးကို ငြိမ်းဖို့ အခန်းထဲပြန် ဝင်လာခဲ့လိုက်တယ်။ ကြည့်စမ်း အခုမှ သတိရတယ်။ သူ့ကိုကျေးဇူးတင်စကားတောင် မပြောလိုက်ရ။

BURMESE CLASSIC



နောက်တစ်နေ့ မနက်ခင်းမှာတော့ ထမင်းမချက်ရင် ထမင်းစားရဆိုတဲ့ အဘိုးကြီးရဲ့ အမိန့်တော်ကြောင့် ရှိစီမြင့်အောင်တစ်ယောက် မီးဖိုချောင်ထဲမှာ မီးခိုးတလုံးလုံးနဲ့ ထမင်းချက်နေတော့တယ်။

ပျော့ပြဲနေတဲ့ ထမင်းအိုးကို မီးဖိုပေါ်ကချအပြီးမှာတော့ ဟင်းထဲမှာ အလွယ်ဆုံးဖြစ်တဲ့ ကြက်ဥကြော်ဖို့လုပ်ရတယ်။ သူမက ကြက်ဥ သုံးလုံးလောက်ကို ပန်းကန်တစ်လုံးထဲ ဖောက်ထည့်အပြီးမှာ. . .

"အဘိုးရေ. . . ကြက်ဥကြော်ထဲကို ငါးပိထည့်ရမလား"

လို့ လှမ်းမေးလိုက်တယ်။ ဒီတော့ အိမ်ရှေ့က ကွပ်ပျစ်ပေါ်မှာ ထိုင်နေတဲ့ အဘိုးကြီးက. . .

"အေး. . . ထည့်ပေါ့"

ဆိုတော့ သူမက ငါးပိကို အရွယ်တော် ထန်းလျက်ခဲတစ်ခဲစာလောက် ကော်ထည့်လိုက်တယ်။

"နနွင်းမှုန့်ရော"

"ထည့်ချင်ထည့်လေ"





www.burmeseclassic.com

www.burmeseclassic.com



သူမက နန္ဒင်းမှုန့်ကို လက်ဖက်စားဇွန်းတစ်ဇွန်းလောက် ကော်ထည့် လိုက်ပြန်တယ်။

"ငံပြာရည်ရော ထည့်ရဦးမလားအဘိုး"

"အေး. . . ထည့်"

"အရောင်တင်မှုန့်ရော"

"ထည့်"

"ကြာညို့လည်း ထည့်လိုက်မယ်"

"အေး. . . စုံအောင်သာထည့်"

"ဒါဆိုကြော်လို့ရပြီလား"

"အေး. . . ကြော်လိုက်တော့"

သူမက အကုန်လုံးကို ဆီပူထဲထည့်ကာ အားရပါးရ မွှေကြော်ပစ်လိုက်တယ်။ ပြီးတော့မှ ပန်းကန်တစ်ချပ်ထဲ ကော်ထည့်လိုက်ပြီးနောက် အဘိုးဆီကို ယူသွားကာ . . .


"ကျက်ပြီအဖိုး"

ဆိုတော့ အဖိုးကွက သူမကြက်ဥကြော်ကို ကြည့်တောင်မကြည့်ပဲ ဆေးပေါ့လိပ်ကို ဖွာနေရင်းက. . .

"အေး. . . ကျက်ရင် ခွေးကျွေးလိုက်တော့"

"ရှင် !!!!! –"







ဇာဝ်ဒဒလယ် – ၅

တစ်မနက်ခင်းလုံး မှိုင်းညို့နေတဲ့မိုးက နေ့လည်ဆယ့်တစ်နာရီထျော်ကျော်လောက်အချိန်မှာတော့ တဝုန်းဝုန်းပြိုဆင်းကာ ရွာလာတော့တယ်။ သူမက ကြက်ဥတွေကို အဝတ်တစ်ခုနဲ့သုတ်နေရင်းကနေ မိုးရေစက်တွေကို သဘောတကျ ကြည့်နေမိတယ်။ ပြင်ဦးလွင်ကို ရောက်ပြီးကတည်းက ဒါဟာ ပထမဆုံးရွာသောမိုးပင်။ ရန်ကုန်မှာတုန်းကဆိုရင်တော့ ဒီလိုမိုးရွာပြီးရင် စိုစိုစွတ်စွတ်နဲ့ အပြင်သွားရတာ တွေ့ရောက်တာမို့ သူမက သဘောမကျတတ်။ အခုကျတော့မှ မိုးရွာတာကို သဘောကျနေတတ်တာ ဘာကြောင့်ရယ်မသိ။ ဒါကြောင့်ပြောတာနေမှာ လူ့စိတ်ဆိုတာ ခုတစ်မျိုးတော်ကြာတစ်မျိုးတဲ့။

"မိုးကတော့ လုပ်ပြီကွာ၊ ထမင်းစားပြန်ကာနီးမှ"



www.burmeseclassic.com

www.burmeseclassic.com



ကိုနေသာက မိုးရွာတာကို သဘောမကျသလို ရေရွတ်တယ်။ သူမကတော့ပြုံးလို့။ ဒါကိုသူကလည်း မြင်ဖြစ်အောင်မြင်တယ်။

“နေစမ်းပါဦး၊ မင်းက တစ်ယောက်တည်း ဘာတွေများ သဘောကျပြီးပြုံးနေတာလဲ”

သူမက သူပြောမှ ပိုပြုံးချင်သွားရရင်း. . .

“အဟင်း. . . မိုးရွာလို့လေ”

“ဘယ်လို. . မိုးရွာလို့ပြုံးတာ၊ ဟုတ်လား၊ အဆန်းပါလားကွ၊ မိုးရွာတာက ဘာများပြုံးစရာပါလို့လဲ”

ဒီတစ်ခါတော့ သူမက အသံထွက်အောင်ပင် ရယ်လိုက်မိကာ. . .

“ကျွန်မလည်း မပြောတတ်ဘူး၊ အလိုလိုနေရင်း မိုးရွာတာကို စိတ်ထဲမှာသဘောကျပြီး ပြုံးချင်နေတာ”

သူမစကားကြောင့် သူကပါ သဘောတကျလိုက်ပြုံးရင်း ခေါင်းကို ရမ်းခါတယ်။

“ဖြစ်ရမယ် မင်းကတော့၊ လုပ်လိုက်ရင် အဆန်းကြီးတွေချည်းပဲ၊ မင်းသဘောကျပေမယ့် ငါကတော့သဘောမကျဘူးဟေ့၊ ဗိုက်က ဆာနေပြီကွ၊ မိုးကဘယ်တော့မှ တိတ်မယ်မသိဘူး၊ ထီးလည်းမပါဘူး”

သူပြောမှ သူမလည်း ကိုယ့်ဗိုက်ကိုကိုယ်ပြန်ဆန်းစစ်မိတယ်။ ဟုတ်သား၊ သူမလည်း ဗိုက်တော့ဆာနေတာပင်။ ဒါပေမယ့် သဘောကျ စိတ်ကတော့ပျောက်မသွား။

“သူများတွေကတော့ မိုးရွာရင် ဘယ်ကိုလွမ်းလို့ လွမ်းရမှန်း မသိအောင် ဝမ်းနည်းချင်စရာကောင်းတယ်လို့ ပြောကြတာကြားဖူးတယ်၊ မင်းကျမှမိုးရွာလို့အူမြူးလာရတယ်လို့ကွာ၊ အံ့ဩတာပဲ”

“ဒါကတော့ အဲဒီလူတွေကိုယ်တိုင်ကိုက အဆွေးဓာတ်ခံရှိနေလို့နေမှာပါ၊ ကျွန်မကတော့ အဲဒီလိုမဖြစ်ဖူးပါဘူး”





“အေးပေါ့၊ မင်းက ရည်းစားမှ မထားဖူးတာ”

သူ့စကားကြောင့် သူမက မျက်စောင်းထိုးလိုက်မိတယ်။ သူ့စကားက သူမကို နှိမ်လိုက်တာ။

“အံမယ်. . . ရည်းစားမထားဖူးတာက ကြိုက်မယ့်သူမရှိလို့ မထားတာမဟုတ်ပါဘူး၊ ကြိုက်မယ့်လူတွေများ များလွန်းလို့၊ လမ်းသွားရင်းနဲ့ လူတစ်ယောက်ကို ကပ်မရှောင်လိုက်နဲ့ ဗေဒင်မေးစရာ မလိုဘူး၊ အဲဒါကျွန်မကို ကြိုက်နေတဲ့လူ့ပဲ. . . သိလား၊ ကိုယ်ကိုယ်တိုင်ကိုက မထားချင်လို့ကိုမထားခဲ့တာ”

သူမစကားကြောင့် သူက တသောသောရယ်လိုက်ရင်းက. . .

“အဟား. . အေးပါကွာ. . . ကိုယ်ကရော မင်းကို ဘာများပြောနေလို့လဲ၊ မင်း နာမည်ကြီးမှန်း ကိုယ်သိပါတယ်”

“အံမယ်. . . ရှင်အခုနက ကျွန်မကို မင်းကရည်းစားမှ မထားဖူးတာလို့ ပြောလိုက်တဲ့လေသံက လှောင်ချင်တဲ့လေသံပါနော်၊ မသိတာကျနေတာပဲ၊ ရှိစီမြင့်အောင်တို့က ပေါလွန်းလွန်းလို့ ခါတောင်ချနေရတယ်. . .”

“ဟောဗျာ. . . ကဲ ကျွန်တော်မျိုး စကားပြောမှားသွားရင် အန္တုအညွှတ်ကိုတောင်းပန်ပါတယ်၊ ကျေနပ်ပြီလား”

“သဘောပေါက်ရင် ပြီးတာပါပဲ၊ ဟွန်း. . . သူသာ ကြိုက်မယ့်လူ မရှိလို့ တစ်နေ့တစ်နေ့ ကြက်မတွေနဲ့ပဲ ပျော်ပါးနေရတာကို”

သူမစကားအဆုံး သူ့မျက်လုံးတွေကို ရှေ့ကိုထွက်ကျလာတော့မတတ် ပြူးထွက်လာတယ်။

“ဟား . . မင်းစကားကြီးက ဘာစကားကြီးတုန်းကွ၊ ကြက်သီးထစရာကြီး၊ ကျောချမ်းလိုက်တာ”

“ကျွန်မက ဘာပြော”

စကားကို ရှေ့မဆက်လိုက်ရ။ သူမက ကိုယ့်စကားကိုကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အခုမှတွေးမိသွားကာ ရှက်အမ်းအမ်းဖြစ်သွားရပြီး. . .

"ဟို. . . ဟိုဟာ. . . ကျွန်မပြောတာက ရိုးရိုးသားသားပါ၊ ရှုပ်ဘာသာ လိုရာကို ဆွဲမတွေးပါနဲ့"

"ဟောဗျာ၊ ဖြစ်ရပြန်ပြီ၊ ဒီက ဘာပြောနေလို့လဲလို့"

သူ့ပုံစံက ပြုံးစိစိ။ သူမကို ကလေးတစ်ယောက်ကိုစသလိုမျိုး စနေတာ။ ကြာတော့ အမြင်ကတ်လာတယ်။

"အို. . . မသိဘူး၊ မသိဘူး. . . သွား"

သူမက သူ့ကိုမကြည့်တော့ဘဲ ကြက်ဥသုတ်တဲ့အဝတ်ကို ပစ်ချလိုက်ပြီး အကြည့်ကို ရွာနေတဲ့မိုးရေစက်တွေဆီပဲ ပို့ထားလိုက်တော့တယ်။ ဒါတောင် ပိတ်မထားတဲ့နားတွေထဲမှာ သူ့ရဲ့ အသံမထွက်အောင် ကြိတ်ရယ်နေတဲ့ရယ်သံကို ကြားနေရသေးတယ်။

ခဏကြာတော့မှ. . .

"ကဲ. . အမိ၊ စိတ်ကောက်ရင်လည်း နောက်မှကောက်တော့၊ အခုလောလောဆယ်တော့ ဗိုက်ဆာနေပြီ၊ ပြန်ရအောင်"

တဲ့။ သူမက သူ့ကိုမကြည့်သေးသလို မျက်စောင်းထိုးလိုက်ပြန်ရင်း. . .

"မကောက်ပါဘူး၊ ဘာကိစ္စနဲ့ စိတ်ကောက်ရမှာလဲ၊ စိတ်ကောက်ရအောင် ဘာဆိုင်တာမှတ်လို့၊ စိတ်ကောက်တယ်ဆိုတာ သမီးရည်းစားတွေ ကြားမှာပဲရှိတာ"

"ကဲ. . . ဟုတ်ပါပြီကွာ၊ ဟုတ်ပါပြီ၊ ဟောဒီက စိတ်ဖြောင့်နေတဲ့မမကို ဒီက ကျွန်တော်မျိုးက ပဲရီးဆောရီးပါ၊ ဟုတ်ပြီလား၊ မိုးတိတ်အောင်စောင့်နေရင် ဒီနေ့ထမင်းစားရဖို့ လမ်းမမြင်ဘူး၊ ပြန်ရအောင်ကွာ. . . နော်"

"ဘယ်လိုပြန်မှာလဲ၊ ထီးလည်း မပါဘဲနဲ့"

သူမစကားကြောင့် သူက ချွတ်ထားတဲ့သူ့ရဲ့ ဂျာကင်အကျႌ





ကိုပြရင်း. . .

"ဒါနဲ့ဆောင်းပြီးပြန်မှာပေါ့ကွ၊ အနည်းဆုံး ခေါင်းတော့ မိုးလွတ်မှာပေါ့၊ ဘယ်လိုလဲ၊ လိုက်မှာလား နေခဲ့မှာလား"

သူမက သူ့ကိုဘာမှပြန်မပြောသေးဘဲ မိုးအခြေအနေကို ကြည့်လိုက်မိပြန်တယ်။ မိုးက အခုချိန်ထိ အုံ့မှိုင်းမည်းညို့နေသေးကာ အရှိန်ကောင်းကောင်းနဲ့ တဝေါဝေါညာသံပေးပြီး ရွာနေတုန်း။ တော်တော်နဲ့တိတ်ဦးမှာမဟုတ်။ ဗိုက်ထဲကလည်း ဆာလှပြီဆိုတော့ သူမက မှုမနေတော့ဘဲ. . .

"လိုက်မယ်၊ လိုက်မယ်"

ဆိုကာ ထိုင်နေရာက ထ,ရပ်ဖြစ်တယ်။ ဒီလိုနဲ့ သူက ကြက်ဥကတ်တွေကို စားပွဲခုံအမြင့်ပေါ်တင်လိုက်ပြီးမှ ဂျာကင်အကျႌကိုခါလိုက်ကာ ခေါင်းပေါ်မှာခပ် ဝဲဝဲကိုင်ထားရင်းက သူမကို ကြည့်လာတော့ သူမလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ သူကိုင်ထားတဲ့ အကျႌအောက်ကိုဝင်လိုက်တယ်။

"ဟိုအရောက် မနားတမ်းပြေးရင်တော့ မောမှာကွ၊ မင်း ပြေးနိုင်မှာမဟုတ်ဘူး၊ ဒီတော့ ဟိုးကတမာပင်လေးကို တွေ့လား၊ အဲဒီအောက်ကိုရောက်အောင် အရင်ပြေးကြမယ်၊ ဟုတ်ပြီလား. . ."

"အင်း"

ဒီလိုနဲ့ သူက တစ် နှစ် သုံး ရေကာ သုံးဆိုတာနဲ့ နှစ်ယောက်သား တမာပင်လေးအောက်ကို အရင်ရောက်အောင်ပြေးကြတယ်။ သူ့ရင်ခွင်ထဲကို ရောက်သလိုဖြစ်နေတာဆိုတော့ သူမရင်ထဲမှာ ခပ်ရှိန်းရှိန်းခံစားချက်တစ်ခုက ဝင်ရောက်လာတယ်။ သူ့ဆီကတော့ချွေးနံ့သာ ထွက်နေတာ။ ဒါပေမယ့်လို့ အဲဒီချွေးနံ့ကို မှိန်ဖျော့သွားလောက်အောင်ပဲ အဲဒီခပ်ရှိန်းရှိန်းခံစားချက်တစ်ခုက မွှေနှောက်နေတော့တာ။ ဒီလိုနဲ့ တမာပင်လေးအောက်ကို ရောက်တော့မှ ခဏနားကြတယ်။

www.burmeseclassic.com



"ဒီလိုဆိုတော့ မင်းနဲ့ကိုယ်က ကိုရီးယားမင်းသားနဲ့ မင်းသမီးကျနေတာပဲနော်"

ရယ်သံတဝက်နဲ့ပြောလာတဲ့သူ့စကားကြောင့် သူမကမျက်နှာကို တမင်တကာပင် ရှုံ့မဲ့ပစ်လိုက်ရင်း. . .

"ထွတ်. . . ခံစားကြည့်လို့ကို မရဘူး"

ဆိုတော့ သူကအော်ရယ်ပြန်တယ်။ သူမလည်း သူမမြင်အောင် တစ်ဖက်လှည့်ကာ ရယ်မိတယ်။ ဟုတ်တော့လည်း ဟုတ်သား။ မိမိတို့အဖြစ်က ကိုရီးယားကားတွေထဲက ဇာတ်ဝင်ခန်းလိုလို ဘာလိုလိုလေ။

"ကဲ. . . ခံစားလို့မရရင်လည်း မပြောတော့ပါဘူး၊ နောက်တစ်ခါထပ်ပြီး ပြေးလိုက်ရအောင်၊ ဒီတစ်ခါတော့ အိမ်ကို အရောက်ပြေးမှာနော်၊ မင်းပြေးနိုင်ရဲ့လား"

"ပျင်းတောင်ပျင်းသေးတယ်"

"ဒါဆိုလည်း ပြီးတာပါပဲကွာ၊ ပြေးမယ်နော်. . . တစ်. . နှစ်. . သုံး. . "

နှစ်ယောက်သား အိမ်ကိုအရောက်ပြေးကြတယ်။ မိုးကလည်း ကြာလေ ပိုသည်းလာလေပင်။ နှစ်ယောက်စလုံးက ဗိုက်ဆာနေတာဆိုတော့ တိုင်ပင်မထားပါပဲ မီးဖိုချောင်ဆီကိုပဲ ဦးတည်ပြီးတော့ ပြေးကြတယ်။ ပြီးမှ နှစ်ယောက်စလုံးက မိမိတို့ အဖြစ်ကို မိမိတို့တွေးမိရင်း အူလှိုက်သည်းလှိုက်ရယ်မိကြတော့တယ်။ ဗိုက်တွေက ဆာတယ်ဆိုတာထက် ပိုဆာနေကြပြီ မဟုတ်ပါလား။

ဒါပေမယ့် ရယ်သံတွေ မဆုံးခင်မှာပဲ အိမ်ထဲဧည့်ခန်းဆီက ထွက်လာတဲ့ အဘိုးရဲ့ "နေသာနဲ့ ရှိစီ. . . ဒီကိုအရင်လာဟေ့၊ ပြီးမှ ထမင်းစား" ဆိုတဲ့အသံကြောင့် နှစ်ယောက်သား မျက်နှာပိုးသတ်ကာ စားပွဲတစ်လုံးနဲ့ တန်းလျားနှစ်လုံးသာရှိတဲ့ ဧည့်ခန်းကျဉ်းကျဉ်းလေး





ထဲကို ဝင်လာခဲ့လိုက်ကြတယ်။

ဒါပေမယ့် ဧည့်ခန်းထဲမှာက သူမတို့နှစ်ယောက် မျှော်လင့်ထင်မှတ်ထားသလို အဘိုးတစ်ယောက်တည်း ရှိနေခဲ့တာမဟုတ်။ အဘိုးနဲ့အတူ သူမတို့နဲ့ မတိမ်းမယိမ်းလောက်ရှိမယ့် အမျိုးသမီးတစ်ယောက်။ သူက အဘိုးထိုင်နေတဲ့တန်းလျားပေါ်မှာ ထိုင်လိုက်ပြီး သူမကတော့ ဧည့်သည်အမျိုးသမီးထိုင်နေတဲ့ တန်းလျားရဲ့ တစ်ဖက်ခြမ်းမှာ ဝင်ထိုင်လိုက်တယ်။

အဘိုးက သူမနဲ့သူ့ကို တစ်လှည့်စီကြည့်လိုက်ကာ. . .

"ဒါ . . . အဘိုးမိတ်ဆွေရဲ့သမီး စာရေးဆရာမ အဖြူဆွတ်ဆွတ်တဲ့၊ အဲဒါ သူက အဘိုးတို့မွေးမြူရေးခြံကို နောက်ခံထားပြီး ဝတ္ထုရေးချင်လို့ ရောက်လာတာ၊ ဒီမှာ တစ်ပတ်တန်သည် နှစ်ပတ်တန်သည်နေမယ်၊ သမီး ဒါက အဘိုးရဲ့မြေး၊ နာမည်က ရှိစီမြင့်အောင်တဲ့၊ သူကတော့ သမီးလိုပဲ အဘိုး မိတ်ဆွေရဲ့မြေး၊ အဘိုးရဲ့မြေးလိုပဲ ဖြစ်နေပါပြီ၊ နေသာကျော်ထင်တဲ့"

အဘိုးရဲ့ စကားအဆုံး စာရေးဆရာမဆိုတာက သူမကို ပြုံးကြည့်လာပြီး နောက်. . .

"တွေ့ရတာဝမ်းသာပါတယ်နော်. . . ညီမလေး"

တဲ့။ စာရေးဆရာမစကားကြောင့် ရှိစီမြင့်အောင် မျက်မှောင်ကုပ်သွားရတယ်။ မိမိနဲ့သူက အသက်ဘယ်လောက်ကွာမှာမို့လဲ. . . ညီမလေးခေါ်ရအောင်။ ကွာလှ တစ်နှစ် နှစ်နှစ်ပေါ့၊ ဒါကိုသူက သူ့ကိုယ်သူအစ်မကြီးလုပ်ပစ်လိုက်ပြီ။ ပြီးတော့ မိမိကိုကြည့်တာကလည်း "မင်းက ချာတိတ်လေးပါကွယ်" ဆိုပြီး ဦးချိုးတဲ့အကြည့်မျိုး။ ဘယ်လိုအလဲဟ။ ကလောင်နာမည်လား၊ နာမည်ရင်းပဲလားတော့မသိ။ နာမည်ကလည်း အဖြူဆွတ်ဆွတ်တဲ့။ စာရေးဆရာ၊ ဆရာမ တော်တော်များများကို ကြားဖူးဖတ်ဖူးပေမယ့် သူ့ကိုတော့ကြားလည်းမကြားဖူး

www.burmeseclassic.com



ဖူး ဖတ်လည်းမဖတ်ဖူးချေ။

စိတ်ထဲမှာ တော်တော်ချဉ်သွားလိုက်ပေမယ့် မကောင်းတတ်တာနဲ့ သူမက ပြုံးရုံပဲပြန်ပြုံးပြလိုက်တယ်။

"နေသာနဲ့ကတော့ သမီးသိပြီးသားပါ"

စာရေးဆရာမဆီက ဆက်ထွက်လာတဲ့ စကားကြောင့် ရိုစီမြင့်အောင် မျက်လုံးပြူးရပြန်တယ်။ ပြီးတော့ ကိုနေသာ့ကို ဒင်ကြည့်နေပုံကလည်း တစ်မျိုးကြီးပင်။ ဘယ်လိုတစ်မျိုးကြီးမှန်းတော့ မပြောတတ်။ ကိုနေသာကတော့ ခပ်တည်တည်ပင်။ ဒါပေမယ့် အူလည်း တစ်မျိုးတော့ တစ်မျိုးဖြစ်နေတာပင်။

"ဟော! ဟုတ်လား၊ နေသာနဲ့သမီးက သိပြီးသားလား"

"ဟုတ်ကဲ့ အဘိုး၊ အရင်တုန်းက. . . သူငယ်ချင်းတွေဆိုပါတော့"

သူက ချိုသည်ခါးသည်မပြော။ စာရေးဆရာမကသာ ငါးပြုံးကြီးနဲ့ ပြုံးဖြီးဖြဲနေတယ်။ အမြင်ကတ်ဖို့ကောင်းလိုက်တာ။

"ဒါဆိုအဆင်ပြေတာပေါ့၊ ဒါဆိုနေသာက မင်းသူငယ်ချင်းသိချင်တာတွေကို ရှင်းပြလိုက်၊ သူသွားချင်တဲ့နေရာတွေရှိရင်လည်း လိုက်ပို့လိုက်ပေါ့၊ ဟုတ်လား"

သူက အင်းမလုပ်အဲမလုပ်။ ပြီးနောက် ထိုင်ရာကနေထလိုက်ကာ "ကျွန်တော်တို့ ထမင်းစားလိုက်ဦးမယ်အဘိုး" ဆိုပြီး တစ်ဆက်တည်းဆိုသလိုပဲ သူမကိုပါ ကြည့်လာကာ. . .

"လာလေ. . . မင်းလည်း ထမင်းစားမှာမဟုတ်လား"

"ဪ. . . အင်း"

သူမလည်း သူ့နောက်က ထလိုက်လာခဲ့လိုက်တယ်။ စိတ်ထဲမှာတော့ ခိုးလို့ခုလုကြီးပင်။ ထမင်းစားတော့လည်း သူက စကားတစ်ခွန်းမှမပြော။ ခပ်တည်တည်ကြီးနဲ့ ထမင်းတွေကိုသာ နောက်





စားရတော့မယ့်ပုံမျိုးနဲ့ ဇွတ်အတင်း သွတ်နေတော့တယ်။

သူမကတော့ သူနဲ့ဟိုထဲကတစ်ယောက်ဟာ ဘယ်လိုများ တော်သက်နေမလဲဆိုတာကို စဉ်းစားနေရတာနဲ့တင် စားစားကထမင်း ဆာနေတဲ့စိတ်တောင်မှ ဘယ်ရောက်သွားမှန်းမသိ။ သူနဲ့ဟိုထဲက တစ်ယောက်ဟာ ဘာမှန်းသာ သေချာမသိပေမယ့် တစ်ခုခုတော့ တစ်ခုခုပါပင်။



www.burmeseclassic.com

www.burmeseclassic.com



ရှိစိမြင့်အောင်က သူမအခန်းထဲရောက်လာတဲ့ ဆိုင်ကယ်ကြီးကို ကြည့်ကာ တစ်ယောက်တည်း စိတ်တွေအလိုမကျဖြစ်နေရတယ်။ အရင် ဒီဆိုင်ကယ်ကြီးက ဟိုဘက်အခန်းထဲမှာ ထားတာပါ။ အခုတော့ စာရေးဆရာမဆိုတာက ဘယ်ဘက်အခန်းထဲကိုနေရာရသွားပြီး အဲဒီအခန်းထဲမှာက စာရေးစားပွဲတစ်လုံးထည့်လိုက်တော့ ဒီဆိုင်ကယ်ကြီးဟာ သူမနေတဲ့အခန်းထဲကို အော်တိုမက်တစ်ကိုရောက်လာတော့တာပါ။ သူမက ဆိုင်ကယ်ကြီးကို မျက်စောင်းထိုးကာ ပွစိပွစိ ရေရွတ်နေမိတယ်။ ပြီးတော့ ဆိုင်ကယ်ပိုင်ရှင်ကိုလည်း မကျေနပ်ချင်။ သူ့နာမည်အပြည့်အစုံကဘာတဲ့။ "နေသာကျော်ထင်"ဆိုလား။ နာမည်အပြည့်အစုံကို အခုမှပဲသိရတော့တယ်။ ဟွန်း ...ဒင်းကလည်း စာရေးဆရာမဆိုတာနဲ့ ဘာတွေဇာတ်ရှုပ်ထားတယ်မပြောတတ်ဘူး။

သူမက သူတို့နှစ်ယောက်ရဲ့ပတ်သက်မှုကိုလည်း သိချင်၊ ဘာကိုအလိုမကျမှန်းမသိ အလိုမကျလည်းဖြစ်၊ ဒီဆိုင်ကယ်ကြီး ကိုယ့်





အခန်းထဲရောက်လာတာကိုလည်း မကျေနပ်၊ စတဲ့ခံစားချက်တွေ ပေါင်းစုံနဲ့ အခန်းထဲမှာ တစ်ယောက်တည်း နေမထိထိုင်မသာတွေဖြစ်ကာ ဆိုင်ကယ်ကြီးကိုပဲ ခေါင်းအုံးနဲ့ တဘုန်းဘုန်းထုရိုက် ပစ်နေမိတော့တယ်။ ပြီးတော့ တစ်ဖက်ခန်းက မမြင်ရတဲ့ဟာကိုလည်း စိတ်မှန်းနဲ့ မျက်စောင်းထိုးလိုက်မိသေးတယ်။

ဒီအခိုက်မှာပဲ တစ်ဖက်ခန်းက တံခါးကို တဒေါက်ဒေါက်ခေါက်လိုက်တဲ့ အသံကြောင့် သူမခန္ဓာကိုယ်က သတိအနေအထား ဖြစ်သွားရတယ်။ ဘယ်သူလဲ။ ဘယ်သူများဖြစ်မလဲပေါ့။

အဘိုးကတော့ မဖြစ်နိုင်။ အဘိုးသာဆိုရင် တံခါးကို ဒီလိုလာခေါက်မှာ မဟုတ်။ သမီးရေ. . . သမီး ဆိုပြီး အပြင်ကနေ အော်ခေါ်မှာ။ ဒီတော့ အခုလို တံခါးလာခေါက်သူဟာ ဟိုလူ နေသာကျော်ထင်ပဲဆိုတာ သေချာကိုသိနေတယ်။ ဒီတော့သူမက ကိုယ့်အခန်းတံခါးနားကို အသံမကြားအောင်ရွှေ့လိုက်ရင်း နားတစ်ဖက်ကို တံခါးမှာ ကပ်ထားလိုက်ကာ ဘာသံများကြားရမလဲလို့ အပြင်ကအသံကို နားစွင့်မိတယ်။

တံခါးဖွင့်သံ ကြားလိုက်ရပြီးနောက်. . .

"အဘိုးက ညရေးညတာအပြင်ထွက်ရင် အဆင်ပြေအောင်လို့တဲ့၊ ဓာတ်မီးပေးခိုင်းလို့၊ ဒီဘက်ကမြွေပေါတယ်၊ ညဘက်အပြင်ထွက်ရင် သတိနဲ့ထွက်"

ဒါ. . . သူ့အသံ။ သူ့အသံကတော့ ပုံမှန်ပါပဲလို့ ရှိစိမြင့်အောင်က မှတ်ချက်ချလိုက်တယ်။

"နေပါဦး နေသာရဲ့၊ ပြောချင်ရာပြောပြီး ဒီလိုပဲ တန်းပြန်သွားတော့မလို့လား"

ဒါက ဟိုစာရေးဆရာမအသံ။ ဒီအသံကတော့ ခပ်ညုညုအသံလို့ သူမက သတ်မှတ်လိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ ဘာစကားမှပြောစရာမရှိဘူး"

"အဖြူ့မှာ ရှိတယ်ဆိုရင်ရော. . . "

အသံက ပျောက်သွားတယ်။ ဘာစကားမှ ထပ်မပြောကြတော့တာလား။ တိုးလွန်းလို့ပဲ မိမိ မကြားရတော့တာလားတော့မသိ။ ဒါပေမယ့် သူထွက်သွားတဲ့ ခြေသံကို မကြားရသေးတဲ့အတွက် အခန်းရှေ့မှာ သူရှိနေသေးတယ် ဆိုတာကိုတော့ သူမသိနေတယ်။

ဒါနဲ့ သူမက နားကို တံခါးမှာ ပိုတိုးကပ်ထားလိုက်ကာ အသံကို မကြားကြားရအောင် နားစွင့်မိတယ်။

"အဲဒါ မင်းအပိုင်းပဲ၊ ငါ့ဘက်ကတော့ ဘာမှပြောစရာလည်းမရှိသလို ဘာမှလည်း နားမထောင်ချင်ဘူး၊ ဇာတ်လမ်းက ပြီးသွားပြီ"

"မပြီးသေးဘူး၊ အဖြူ့ဘက်က ဆက်ရန်ရှိသေးတယ် ဆိုရင်ရော"

အသံက ပျောက်သွားပြန်တယ်။ ဒါနဲ့သူမက တံခါးမှာ နားကို ပိုဖိတိုး ကပ်လိုက်တယ်ဆိုရင်ပဲ. . .

"ဝုန်း"

ဆို သူမအခန်းတံခါးက ချက်ပြုတ်ပြီး ပွင့်သွားကာ သူမခန္ဓာကိုယ်ကလည်း အခန်းရှေ့ကို ဟပ်ထိုးလဲကျသွားတယ်။ သူနဲ့စာရေးဆရာမတို့ရဲ့ အကြည့်တွေက သူမဆီကို တအံ့တသြ။

သူမက လဲကျနေရာက မထမိသေးတဲ့ကြောင်အမ်းအမ်းဖြစ်နေရင်းမှ သူတို့နှစ်ယောက်ကို လက်ညှိုးတစ်ချောင်းထောင်ပြလိုက်ကာ . . .

"ဟို . . ., ဟိုဟာလေ . . . ဟိုဟာ . . . ခြင် . . . ခြင်ကြီးတစ်ကောင် တံခါးမှာကပ်နေလို့ ရိုက်လိုက်တာ၊ အဲဒါ တံခါးကပွင့်ပြီး အားလွန်ကျသွားတာပါ၊ ဆက်ပြော. . . ဆက်ပြောကြပါ၊ ကျွန်မ ဘာမှ မကြားရပါဘူး၊ အဟီး"





ဆိုပြီး လဲကျနေရာကနေ ဖုတ်ဖတ်ခါထကာ အခန်းထဲပြန်ဝင်ပြီး တံခါးကို အမြန်ပြန်ပိတ်လိုက်ရတယ်။ ပြီးတော့မှ တံခါးဘေးက နံရံကို နဖူးနဲ့တွန်းထိုးတိုက်နေမိတော့တယ်။

သေတော့မှာပဲ။ သေတော့မှာပဲ။ ဘာလဲကွာ။ ဘာလဲ။ ဘာလို့ ဒီလိုဖြစ်ရတာလဲ။ ဒီတံခါးချက်က ဘယ်လိုလုပ်ပြီးတော့ ပြုတ်သွားရတာလဲ။ အီး. . . ရှက်ဖို့ကောင်းလိုက်တာ။ ငါခိုးနားထောင်နေတယ်ဆိုတာ သူတို့တွေ သေချာပေါက်ရိပ်မိ, ကြမှာပဲ။ အဲဒီမျက်နှာတွေကို ဘယ်လိုရင်ဆိုင်ရပါ့မလဲ။ ဟား. . . အီး. . . ကျွတ်။

သူမကစိတ်ပျက်လက်ပျက်နဲ့ ခုတင်ပေါ်ကိုမှောက်ချလိုက်ကာ မျက်နှာကို ခေါင်းအုံးထဲမှာ နစ်မြုပ်သွားတဲ့အထိ ဖိကပ်ထားလိုက်ပြီး ခုတင်ကို လက်သီးဆုပ်တွေနဲ့ ထုနေမိတော့တယ်။

အား. . . ဘာလဲ. . . ဘာလဲကွာ. . . ။



www.burmeseclassic.com

www.burmeseclassic.com







# ဖာတ်ဧလလယ် – ၆

နံနက်စာဝိုင်းကိုထွက်လာတော့ စာရေးဆရာမကပါရောက်နေပြီ။ ရိုစီမြင့်အောင်က ဘာမှမလုပ်ထားသလိုပုံစံနဲ့ ခပ်တည်တည်ပဲစားပွဲဝိုင်းမှာဝင်ထိုင်လိုက်တယ်။ ပြီးတော့ အနားမှာချထားတဲ့ ခတ်ဘူးထဲက ရေနွေးနဲ့ အသင့်ယူလာတဲ့ 'မြန်မာဆိုတော့ မြန်မာလက်ဖက်ရည် ကြိုက်တာပေါ့'ဆိုတဲ့ Myanmar လက်ဖက်ရည်ထုပ်ကို ဖျော်လိုက်တယ်ဆိုရင်ပဲ စာရေးဆရာမရဲ့အသံက ထွက်လာတော့တယ်။

"ညီမလေးက မနက်ခင်းဆိုရင် လက်ဖက်ရည်နဲ့ ကိတ်မုန့်ပဲစားတာလားဟုတ်လား"

တဲ့။ အဲဒီညီမလေးဆိုတဲ့ခေါ်သံဟာ သူမကြားဖူးတဲ့ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံနဲ့ကို မတူပဲ နည်းနည်းတင်စီးဖိနှိပ်လိုက်တဲ့ အသံဘက်ကို လုနေတယ်လို့ သူမကတော့ထင်တယ်။ ဒါပေမယ့်လည်း ကိုယ်က အိမ်ရှင်လိုဖြစ်နေတာဆိုတော့. . .

"ဟုတ်"

လို့ပဲပြောလိုက်ရတယ်။ အဘိုးကလည်း ရှိနေတာမဟုတ်လား။ ရန်ကုန်မှာတုန်းကလို စိတ်မျိုးနဲ့သာဆိုရင်တော့လား။ ဟွန်း. . . တစ်ပွဲတစ်လမ်းလောက် တွေ့လိုက်ချင်သေးတယ်။

"အဲဒီလိုစားတာကို အစ်မကတော့ သဘောမကျပါဘူးကွယ် သိလား၊ နံနက်စာဆိုတာက ဝဝလင်လင် စားရတယ်ကွယ့်၊ နံနက်စာကို ရှင်ဘုရင်လိုစား၊ နေ့လည်စာကိုသူဌေးလိုစား၊ ညစာကိုကျမှဆင်းရဲသားလိုစားရတယ်တဲ့၊ ညီမလေး မကြားဖူးဘူးလား"

တဆိတ်တော့ လွန်လာပြီလို့ စိတ်ထဲကနေ တွေးလိုက်မိတယ်။ သူ့ကိုယ်သူ စာရေးဆရာမဆိုပြီး နေရာတကာ သူသိသူတတ် လုပ်ချင်နေတာလားမသိ။ နဂါးမှန်းသိအောင် တစ်ခါလောက်တော့ အမောက်ထောင်ပြထားမှပါလို့ ရှိုစီမြင့်အောင် က တွေးလိုက်မိတယ်။

"ဒါနဲ့ ဆာမ(ဆရာမ)က မှူခင်းဂျာနယ်မှာ ပါနေကျဆို"

သူမစကားကြောင့် လက်ဖက်ရည်ကြမ်းကို ပဲပေးသောက်နေတဲ့ စာရေးဆရာမဟာ ရေနွေးကြမ်းသီးမတတ်ဖြစ်သွားပြီး မျက်လုံးနှစ်လုံးကလည်း ရှေ့ကို ထွက်ကျလာမတတ် ပြူးကျယ်ဝိုင်းစက်သွားတော့ကာ. . .

"ဘယ်. . . ဘယ်လို"

ကိုနေသာဆီက ရယ်သံ ခွိးခနဲထွက်လာတယ်။ သူမကတော့ ဘာမှမသိတဲ့ အဖြူထည်မျက်နှာလေးကို မျက်နှာမှာကောက်တပ်ထားလိုက်ကာ . . .

"မှူခင်းမှာပါနေကျဆို"





"ဘာ. . . ဘာလို့အစ်မက မှူခင်းမှာပါရမှာလဲ"

"သိဘူးလေ၊ ဆာမက မှူခင်းမှာ မှူခင်းဝတ္ထုတွေရေးနေကျဆိုသားလို့ပါ"

ရှိုစီမြင့်အောင်က ဆရာမဆိုတာကိုလည်း ပီသအောင်မခေါ်ဘဲ (ဆာမ) လုပ်ပစ်လိုက်တယ်။ အမြင်ကတ်လွန်းလို့။

"မဟုတ်ရပါဘူး၊ အ. . . အစ်မက အချစ်ဝတ္ထုလေးတွေပဲရေးတာပါ"

"ဩော်. . . ဟုတ်လား. . . သိပါဘူး၊ မှူခင်းဂျာနယ်ထဲမှာ ခဏခဏပါတယ်လို့များ ကြားလိုက်မိသလားလို့ပါ . . .၊ ရှိုစီလည်း အချစ်ဝတ္ထုတွေ တော်တော်များများဖတ်ဖြစ်ပါတယ်၊ ဒါပေမယ့် အဖြူဆွတ်ဆွတ်ဆိုတဲ့ကလောင်နာမည်ကိုတော့ တစ်ခါမှကိုမကြားဖူးဘူးရှင့်၊ အဟင်း. . . ဟင်း. ဟိုဟာ ရှိုစီက သတိမထားမိတာလားတော့မသိဘူးပေါ့နော်. . အဟင်း . . ဟင်း"

ပြောင်ကျကျပဲ ဖွဲ့လိုက်တဲ့ သူမစကားအဆုံး စာရေးဆရာမရဲ့မျက်နှာက ရှုံ့မဲ့သွားတယ်။ ဒါက ဖွဲ့တာဆိုပေမယ့် လိမ်တာတော့မဟုတ်။ တကယ့်ကိုပဲ "အဖြူဆွတ်ဆွတ်"ဆိုတဲ့ကလောင်နာမည်ကို သူမတစ်ခါမှကို မကြားခဲ့ဖူးတာပါ။

"အစ်မက အခုမှ ဆယ်အုပ်ပဲထွက်ရသေးတာညီမရဲ့၊ ဒါပေမယ့် ပရိသတ်တော့ တော်တော်ရနေပါပြီ၊ ညီမလေးက အခုလို တောကြိုအုံကြားရောက်နေတာဆိုတော့ ဘယ်သိတော့မှာလဲ"

တစ်ဖက်ကလည်း စာရေးဆရာမပီပီပြန်ခွပ်တယ်။ ဒါပေမယ့် ဒီပွဲမှာ နွဲနေတာက တခြားသူမှမဟုတ်ဘဲ၊ ရှိုစီမြင့်အောင်ပဲဟာ. . .။

"ဒီလိုပါပဲ ဆာမ(ဆရာမ)ရယ်၊ ဘဝပေးကုသိုလ်ပေါ့နော်၊ ဒီလိုနေရတာကို ရှိုစီကတော့ ကုသိုလ်ထူးလို့ နေရတာလို့ ထင်တာပဲ ဘာလို့လဲဆိုတော့ ကျိုကျိုတက်ချမ်းသာတဲ့ သူဌေးကြီးတွေအောင်



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနေရာကို ငွေကုန်ကြေးကျခံလာပြီး အနားယူကြရတာလေ၊ ရှိစီတို့ကတော့ ဘဝပေးကုသိုလ်ကံကိုက အေးအေးချမ်းချမ်းနေရမယ့်ကံပါလာတာပေါ့နော် . . . အဟင်း . . . ဟင်း . . . အနုပညာသမားဆိုတာတွေတောင် တစ်ချိန်ချိန်တော့ ဒီလိုနေရာကို ရောက်လာရတာပဲဟာ. . . "

သူမက စကားကိုပြုံးပြုံးလေးနဲ့ ပြောနေတာဖြစ်ပေမယ့် စာရေးဆရာမကတော့ မျက်နှာကြီးတစ်ခုလုံးအောင့်သက်သက်နဲ့ ပြုံတော့မယ့်မိုးလို မည်းနေပြီ။ ဘာစကားမှ ဆက်ထွက်မလာပေမယ့် စကားလုံးရှာနေပုံတော့ရတယ်။ ဒီတော့ ရှိစီမြင့်အောင်က စာရေးဆရာမစကားလုံးရှာမတွေ့ခင်မှာပဲ ထိုင်ရာကထလိုက်ကာ ကွပ်ပျစ်ပေါ်ကဆင်းလိုက်ရင်းမှ. . .

"စကားတော့ကောင်းတယ် ဆာမ (ဒီလိုခေါ်ရတာကလည်း ပါးစပ်ထဲမှာ တော်တော်အရသာရှိပါတယ်) ရေ. . . အလုပ်လေးရှိလို့ သွားလိုက်ဦးမယ်နော်. . . "

ဆိုပြီး အောင်နိုင်သူတစ်ယောက်ရဲ့ အပြုံးမျိုးနဲ့ ထွက်လာခဲ့လိုက်တယ်။ မထွက်ခင် အဘိုးနဲ့ကိုနေသာကို ကြည့်လိုက်မိတော့ ကိုနေသာ့မျက်နှာက ရယ်ချင်စိတ်ကို ထိန်းထားရတဲ့ပုံ။ သူက ဘာကို ရယ်ချင်ရတာတဲ့လဲ။ အဘိုးကတော့ မျက်နှာကြီးက မှုန်ကုပ်ကုပ်နဲ့။



ကြက်စာခွက်တွေထဲကို ကြက်စာလိုက်ထည့်နေရင်းကနေ လက်ကနာရီကို တစ်ချက်ကြည့်မိတယ်။ အခုအချိန်ထိ ဟိုလူမလာသေး။ တကယ်ဆို သူရောက်လာသင့်ပြီ။ ဘာလို့အခုထိ ပေါ်မလာသေးတာပါလိမ့်။ သူမက အတွေးနဲ့အတူ အိမ်ဘက်ကို လှမ်းမျှော်ကြည့်လိုက်မိတယ်။ ဒါပေမယ့် အရိပ်အယောင်တောင် မတွေ့ရ။ သူမက ပွစိပွစိရေရွတ်ကာ ကြက်စာကျွေးခြင်းကို ဆက်လုပ်နေလိုက်တယ်။

ဒီလိုနဲ့ပဲ နောက်ထပ်ကြက်ခြံတစ်ခု အစာကျွေးအပြီးလောက်မှာတော့ ကြက်ခြံရှိရာဘက်ကို လျှောက်လှမ်းလာနေတဲ့ ပေါ်တော်မူကို ခပ်လှမ်းလှမ်းမှာ တွေ့လိုက်ရတယ်။ ဒါပေမယ့် တစ်ယောက်တည်းတော့ မဟုတ်။ ဘေးမှာက စာရေးဆာ အဲလေ. . . စာရေးဆရာမနဲ့။

စာရေးဆရာမက နေလည်းမပူပါဘဲနဲ့ ထီးတစ်ချောင်းနဲ့ပဲ တွေပေးလို့။ ကြည့်ရတာ မျက်စိထဲ အလောမတော်လိုက်တဲ့ဖြစ်ခြင်း။





www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သားဟာ ဘာတွေကိုပြောပြီး သဘောကျလာကြတယ်မသိ။ မိုးမမြင်လေမမြင်ကိုဖြစ်လို့။

သူမက အနားရောက်မှ သူ့ကို ကောင်းကောင်းကောပစ်လိုက်ဦးမယ်လို့ တွေးထားလိုက်ရင်း သူတို့ အနားကိုရောက်လာအောင်စောင့်နေလိုက်တယ်။ ဒါပေမယ့် သူမထင်ထားသလို သူတို့နှစ်ယောက်က ကြက်ခြံဆီကို လာတာမဟုတ်ဘဲ သူမရှိနေတဲ့ကြက်ခြံကိုကျော်တက်ကာ နွားခြံ၊ ဝက်ခြံတွေကိုဘက်ကို ဆက်ထွက်သွားတဲ့ အခါမှာတော့ သူမတစ်ယောက်တည်း ဆွေ့ဆွေ့ခုန်ပြီး ကျန်နေခဲ့ရတော့တယ်။

ကြည့်စမ်း . . . ကြည့်စမ်း . . . မိုက်ရိုင်းလိုက်တာ။ နှစ်ယောက်စလုံးက မိမိကို ဖုတ်လေတဲ့ငါးပိ ရှိလေတယ်လို့တောင် မထင်ဟန်နဲ့ တစ်ချက်လေးတောင်မှ စောင်းငဲ့ကြည့်မသွား။ ဟိုစာရေးဆရာမကတော့ ထားပါတော့။ သူကတော့ ဒီလို လုပ်ဖို့မသင့်ဘူး။ ဒီကြက်ခြံက သူ့ရဲ့လုပ်ငန်းခွင်လေ။ တကယ်ဆို အလုပ်လာမဆင်းရင်တောင် ဘာလိုအပ်လဲ၊ ဘယ်လိုလဲ စသဖြင့် စကားလေးနဲ့တော့ လာမေးသင့်တယ်မဟုတ်ဘူးလား။ အခုဟာကတော့ မျက်နှာလွှဲခဲပစ်နိုင်လွန်းအားကြီးတယ်။

သူမဟာ တစ်ယောက်တည်း ဒေါသတွေထွက်သွေးတွေဆူကာ ကြက်စာကိုတောင် ဘယ်လိုကျွေးလို့ကျွေးလိုက်မိမှန်းမသိ။ ကြက်ဥကောက်ချိန်ရောက်တော့လည်း ဗလက အရင်နေ့တွေကလို စကားလာပြောတာကိုတောင် ပြန်မပြောမိဘဲ ကြက်ဥတွေကိုပဲ သွက်သွက်လက်လက် လိုက်ကောက်ကာ ပြီးတာနဲ့ အိမ်ကိုတန်းပြန်လာခဲ့လိုက်ပြီး အခန်းထဲဝင်ကာ အိပ်နေလိုက်တယ်။

ထမင်းစားချိန်ရောက်တော့မှ ထမင်းစားဖို့အပြင်ထွက်လာတော့ ဟိုနှစ်ယောက်လည်း ပြန်ရောက်နေကြပြီ။ ဒါပေမယ့် သူမက ဘယ်သူ့ကိုမှ ဘာစကားမှမပြောဘဲ ကိုယ့်ဘာသာ ထမင်းကို ခပ်







မြန်မြန်စားကာ အခန်းထဲပြန်ဝင်လာခဲ့လိုက်တယ်။

နေ့လည် အလုပ်ဆင်းချိန်ရောက်လို့ ကြက်ခြံတွေဘက်ကို သူမရောက်တဲ့အခါမှာတော့ သူကအရင်ရောက်နေခဲ့ပြီ။ သူက သူမကိုမြင်တော့ ပြုံးပြလာတယ်။ ဒါပေမယ့် သူမက မမြင်ချင်ယောင်ဆောင်ကာ ကိုယ့်ဘာသာလုပ်စရာရှိတာ လုပ်နေလိုက်တယ်။

ဒါပေမယ့် ခဏအကြာမှာတော့ သူက အနားကိုရောက်လာတယ်။

"ရှိစ် . . ."

သူမက မထူးမိ။ မကြားချင်ယောင်ဆောင်နေလိုက်တော့ သူက နောက် တစ်ခါထပ်ခေါ်ပြန်တယ်။

"ရှိစ်"

". . ."

"ရှိစ် . . ."

သူမက မထူး။

"ဟောဗျာ . . နားမကြားတော့ဘူးထင်တယ်၊ ဟေ့ ဒီမှာခေါ်နေတယ်လေကွာ"

သူမက ဘာမှပြန်မပြောတဲ့အဆုံးမှာတော့ သူက ကြက်စာခွက်သန့်ရှင်းရေးလုပ်နေတဲ့ သူမလက်ကို ဖမ်းကိုင်လာကာ . . .

"ခေါ်နေတယ်လေကွာ၊ ဘာလို့ပြန်မထူးတာလဲ"

တဲ့။ သူမက သူ့ကိုမျက်စောင်းထိုးဖို့ လုပ်လိုက်ပြီးမှ ခွဲသလိုဖြစ်နေမှာစိုးတာနဲ့ မထိုးဖြစ်လိုက်တော့ဘဲ သူ့လက်ထဲက သူမလက်ကို ဆောင့်ရုန်းလိုက်ရင်းမှ . . .

"လွှတ် . . . လက်ကို"

"မလွှတ်ဘူး၊ မင်းဘာဖြစ်နေတာလဲဆိုတာကို ပြောပြမှ လွှတ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ဘူး. . . လွှတ်"

"ဖြစ်နေပါတယ်၊ မင်းတစ်ခုခုတော့ ဖြစ်နေတာသေချာတယ်၊ ဘာလဲ. . ကိုယ့်ကို စိတ်ကောက်နေတာလား"

သူ့စကားကြောင့် သူ့ကို မျက်စောင်းမထိုးမချင်တဲ့ သူမက မျက်လုံးစွေ ကြည့်လိုက်မိတယ်။

"ဘာကိစ္စရှင့်ကို ကျွန်မက စိတ်ကောက်ရမှာလဲ၊ အဲလောက် စာရင်းမရှိ ဘူး၊ စိတ်ကူးတွေယဉ်မနေနဲ့ ရှူးတတ်တယ်"

"ဒါဆိုဘာဖြစ်နေတာလဲ"

"ကျွန်မဘာသာ ဘာပဲဖြစ်ဖြစ်ပေါ့၊ ရှင်နဲ့ဘာဆိုင်လို့လဲ၊ လွှတ်စမ်း. . . လက်ကို"

ဒီတစ်ခါဆောင့်ရုန်းလိုက်တဲ့ အခါမှာတော့ သူမလက်က သူ့ လက်ထဲကနေ လွတ်ထွက်သွားတယ်။ နောက်တော့ သူမက သူ့ အနား ကနေ ထွက်လာခဲ့ကာ တခြားကြက်ခြံကိုသွားပြီး ကြက်စာခွက် သန့် ရှင်းရေးလုပ်၊ ကြက်တွေရဲ့ သွားလာ လှုပ်ရှားပုံတွေ ပုံမှန်ရှိမရှိစစ်ဆေး၊ ကြက်စာကျွေး၊ ကြက်ဥကောက်ချိန်ရောက်တော့ ကြက်ဥကောက် လုပ် နေလိုက်တယ်။

သူကတော့ သူမကို မလှမ်းမကမ်းကနေ ကွက်ကြည့်ကွက် ကြည့် လုပ်နေမယ်ဆိုတာ သူမစိတ်ထဲကနေ မိန်းကလေးတို့အာရုံနဲ့ အလိုလိုသိနေတယ်။ ဒါပေမယ့် သူမကတော့ သူ့ဘက်ကို ယောင်မှား လို့တောင် တစ်ချက်ကလေး လှည့်မကြည့်မိအောင် သတိထားနေ လိုက်တယ်။

သူနဲ့ပတ်သက်ပြီး သူမစိတ်ထဲမှာ ဘယ်လိုကြီးမှန်းကို မသိ။ မကြည်တာကတော့ အမှန်ပါပဲ။





"When the rain is blowing in your face... And the whole world is on your case...I could offer you a warm embrace ...To make you feel my love..."

သူ့ရဲ့လက်တွေကို ဂစ်တာပေါ်မှာ ညင်ညင်သာသာလေးပဲ ပြေးလွှားကာ ဆော့ကစားနေမိတယ်။ ဝိုင်းဝိုင်းစက်စက်သာနေတဲ့ လမင်းကြီးကတော့ မဟူရာ ရောင်ကောင်းကင်ထက်မှာ တစ်ဦးတည်း မင်းမူလို့။ အဲဒီလိုပဲ သူ့နှလုံးသားထဲမှာ မင်းမူနေတာကရော. . .။

သူက ဒီအတွေးကိုတော့ ဆက်ပြီးမတွေးလိုက်မိပါ။

"When the evening shadows and the stars appear... And there is no one there to dry your tears...I could hold you for a million years... To make you feel my love..."

သူက သီချင်းထဲမှာ နစ်မျောခံစားနေတုန်းမှာပဲ အနားကို ရောက်လာတဲ့ မျှော်လင့်မထားသူ တစ်ယောက်ကြောင့် သီချင်းဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကို ရပ်ပစ်လိုက်တယ်။

"ဆက်ဆိုလေ. . . နေသာရဲ့၊ ဘာလို့ရပ်ပစ်လိုက်တာလဲ"

သူကခေါင်းကို ရမ်းပြလိုက်မိတယ်။ သူ့စိတ်ထဲမှာ အပြင်ကို ထွက်လာစေ ချင်သူက အဖြူဆွတ်ဆွတ်မဟုတ်ခဲ့ပါ။

"အရင်လို သီချင်းအဆိုကောင်းတုန်းပဲနော်"

သူမစကားက အတိတ်ကို ပြန်တူးဆွချင်ဟန်။ ဒါကြောင့် သူက စကားကို လမ်းကြောင်းပြောင်းလိုက်တယ်။

"မအိပ်သေးဘူးလား"

"အင်း. . . မအိပ်သေးဘူး၊ စာရေးမလို့ အရှိန်ယူနေတုန်း နေသာ့အသံကြားလို့ အပြင်ထွက်လာတာ. . ."

သူ့အကြည့်က သူမတို့အခန်းတွေဆီကိုရောက်သွားတယ်။ အဲဒီအခိုက် ရိုစီမြင့်အောင်နေတဲ့ အခန်းဘက်က တံခါးက အနည်းငယ် ဟစိစိဖြစ်နေရာကနေ ပြန်ပိတ်လိုက်သလိုများ လှုပ်ရှားသွားသလားလို့။

စိတ်ထဲက ထင်တာလည်း ဖြစ်ချင်ဖြစ်မှာပါ။



အိပ်ယာကနိုးလို့ မျက်လုံးနှစ်လုံးကို ဖွင့်လိုက်တယ်ဆိုရင်ပဲ ဒီနေ့ ကိုနေသာနဲ့ ဟိုစာရေးဆရာမ ပိတ်ချင်းမြောင်ဘက်ကို သွားမှာ ပါလားဆိုတဲ့အသိက ဝင်လာတယ်။ အဲဒီမိန်းမက မန္တလေးသူပီပီ ပိတ်ချင်းမြောင်ဘက်ကို ခဏခဏရောက်ဖူးမှာ မှန်းဆကြည့်လို့ရရဲ့သားနဲ့ တစ်ယောက်တည်း မသွားတတ်ဘူးလေးဘာလေးနဲ့ မနေ့ကညနေက အဘိုးရှေ့မှာ ပဲများပြပြီး ကိုနေသာ့ကို အပါခေါ်သွားတာ။

ဟိုတစ်ယောက်ကလည်း နှစ်ခါမပြောရသေး။ ခေါင်းက ညိတ်ပြီးသား။ အေးပေါ့. . . ဒင်းတို့က ဇာတ်လမ်းဟောင်းတွေနဲ့ကိုး။ သူ့ဦးနှောက်ထဲမှာ ငါ့အလုပ်လုပ်ရဦးမယ်ဆိုတာကိုရော ထည့်တွက် သေးရဲ့လားမသိ။ အခုတစ်လော သူ့အလုပ်မလာတာတွေ တော် တော်များနေပြီ။ အဘိုးကလည်း ဒီမိန်းမကိုများ ဘာကျေးဇူးတွေရှိလို့ ဒီလောက်တောင် ဧည့်ဝတ်တွေကျေပွန်နေရသလဲမသိပါဘူး။

သူမက ထုံးစံအတိုင်း တစ်ယောက်တည်း မကျေမနပ်နဲ့ ပွစိ ပွစိရေရွတ်ကာ အိပ်ရာပေါ်က ဆင်းလိုက်တယ်။ ပြီးနောက် ဒီနေ့





www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းစောစောနိုးလာတာမို့ ရေချိုးဖို့ဆုံးဖြတ်လိုက်ကာ ဆပ်ပြာခြင်းကြီးနဲ့အတူ လိုအပ်တဲ့ပစ္စည်းတွေ အကုန်လုံးကိုယူကာ ထွက်လာခဲ့လိုက်တယ်။

နောက်တော့ ရေချိုးခန်းထဲဝင်ကာ ရေချိုးဖို့ပြင်ရတယ်။ ဒီရေချိုးခန်းကလည်း အစကတော့ သူမတစ်ယောက်တည်း အတွက် ရည်ရွယ်ပြီး ကိုနေသာဆောက်ထားပေးခဲ့တာ။ အခုတော့ ဟိုစာရေးဆရာမကိုပါ မျှပိုင်ခွင့်ခွဲဝေပေးနေရတဲ့အဖြစ်ကို ရောက်နေခဲ့ပြီ။ ဒါကိုလည်း သူမက မကျေနပ်ချင်ပေ။ ရန်ကုန်မှာတုန်းကဆိုရင် သူမရေချိုးခန်းထဲကို သန့်ရှင်းရေးလုပ်တဲ့ အလုပ်သမား၊ အိမ်တော်ထိန်းနဲ့ သူမရဲ့ မန်နေဂျာမတို့ သုံးယောက်ကလွဲပြီး ဘယ်သူ့ကိုမှ ဝင်ခွင့်ပေးတာမဟုတ်။ အခုများ တော့. . . ဟွန်း။

သူမက မျက်နှာသစ်ဆပ်ပြာနဲ့ မျက်နှာအနှံ့ပွတ်သပ်နေတုန်းမှာပဲ အပြင်ဘက်ဆီက အသံကိုကြားလိုက်ရတယ်။

"ရေချိုးမလို့လား သမီး"

"ဟုတ်ကဲ့အဘိုး၊ အထဲမှာ ညီမလေးရှိစီ မပြီးသေးလို့ စောင့်နေတာ"

အဲဒီညီမလေးဆိုတဲ့ ခေါ်သံကိုလည်း သူမက ကြားလိုက်တိုင်း မခံချိမခံ သာဖြစ်ရတာပင်။ မိမိထက်သုံးနှစ်ကြီးတဲ့ ကိုနေသာကတောင် မိမိကို ညီမလေးလို့ မခေါ်၊ ကလေးတစ်ယောက်လို မဆက်ဆံဘဲ၊ မိမိထက် ခြောက်လလောက်သာကြီးတဲ့ စာရေးဆရာမက မိမိကိုညီမလေးတဲ့။ ပြီးတော့ ခေါ်တာကလည်း ချစ်စနိုးလေသံနဲ့ ခေါ်တာမဟုတ်။ သူငယ်နှပ်စားလေးပါဆိုတဲ့ အထာမျိုးနဲ့ခေါ်တာ။ စရောက်ကာစကတော့ သူမက ဒီစာရေးဆရာမကို ကိုနေသာနဲ့ ရွယ်တူလောက်၊ ဒါမှမဟုတ် မိမိထက် တစ်နှစ်ကျော်ကျော်လောက်တော့ ကြီးမယ်လို့ ထင်ထားခဲ့တာ။ ပြီးတော့ ဒင်းက ကိုနေသာ့ကိုလည်း ရှေ့က 'ကို' မထည့်





ဘဲ 'နေသာ'လို့ပဲ ခေါ်တာဆိုတော့လေ။ မနေ့က ညစာစားရင်းနဲ့မှ အဘိုးနဲ့ဒင်းက စကားလက်ဆုံကျပြီး စကားတွေ ရေပက်မဝင်အောင် ပြောကြရင်းကမှ ဒင်းက မိမိထက် ခြောက်လလောက်သာကြီးတာကို သိလိုက်ရတာ။

ဒီတော့ ဒင်းရဲ့ အဲဒီ 'ညီမလေး' ဆိုတဲ့ခေါ်သံအပေါ်မှာ သူမရဲ့ မကျေနပ်ချက်က ပိုပြီးကြီးလာတော့တာပေါ့။

"မိရိုစီ. . . မိရိုစီ၊ မြန်မြန်လုပ်ဟေ့၊ အပြင်မှာ ဧည့်သည်က ရေချိုးဖို့ရပ်စောင့်နေတာ၊ အားနာစရာကောင်းတယ်"

အဖိုးရဲ့ အော်ဟစ်ဆော်ဩသံကြောင့် သူမက မျက်နှာကို မဲ့ရွဲ့ပစ်လိုက်မိတယ်။

"ဩော်. . . အဘိုးကလည်း ရပါတယ်၊ ညီမလေး အေးအေးဆေးဆေးချိုးပါစေ"

"သမီးမသိပါဘူး၊ ကိုယ့်မြေးအကြောင်းကို ကိုယ်ပဲသိတယ်၊ ဒီကောင်မလေးက ရေချိုးရင် တမေ့တမောနဲ့ တော်တော်နဲ့ကို မပြီးတတ်ဘူး၊ မြန်မြန်လုပ်ဟေ့"

အဘိုးရဲ့ အော်သံအဆုံး အဲဒီအဘိုးရဲ့ စကားထဲမှာပါလာတဲ့ တမေ့တမောဆိုတဲ့ စကားလုံးကြောင့် သူမခေါင်းထဲမှာ အကြံတစ်ခုရသွားတယ်။ ဒါနဲ့ သူမက ရေကို တမင်တကာကိုပဲ အကြာကြီး စိမ်တည်ချိုးဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါမှ ဒီစာရေးဆရာမလည်း တစ်ခါလောက် စိတ်ကသိကအောက်ဖြစ်သွားမှာ။ ပြီးတော့ ဒင်းတို့လည်း ပိတ်ချင်းမြောင်ကို နေ့မြင့်မှပဲသွားရတော့မှာလေ။ တစ်ချက်ခုတ် နှစ်ချက်ပြတ်၊ ဘယ်လောက်ကောင်းလိုက်တဲ့ အစီအစဉ်လဲ။

သူမက ကိုယ့်အစီစဉ်ကိုယ် သဘောကျသွားကာ လေလေးတောင် မချွန်တတ်ချွန်တတ်နဲ့ ချွန်လိုက်မိသေးတယ်။ ဒီလိုနဲ့ သီချင်းလေးညည်းလိုက်၊ လေလေးချွန်လိုက်နဲ့ သူမက ရေကိုအကြာကြီးပဲ



www.burmeseclassic.com

www.burmeseclassic.com



စိမ်ပြေနပြေချိုးနေလိုက်တယ်။ အပြင်မှာ ခြေသလုံးတောင့်တဲ့အထိ ရှပ်စောင့်ပေဦးတော့ စာရေးဆာမ(ဆရာမ)ရေ။

အဲဒီလို စာရေးဆရာမကို ပညာပေးချင်တာနဲ့ပဲ ရေကို အကြာကြီးချိုးနေမိတဲ့သူမက တစ်နာရီခွဲလောက်ကြာအောင် ရေချိုး ပြီးတဲ့အခါမှာတော့ ဘယ်လိုမှကို ဆက်ပြီးချိုးလို့မရတော့လောက် အောင် ချမ်းတုန်လာတော့တယ်။ နှုတ်ခမ်းတွေ ပြာလာကာ တဂတ် ဂတ်နဲ့ မေးချင်းရိုက်နေတဲ့ကြားကနေလည်း သူမက အောင်နိုင်သူ တစ်ယောက်ဆိုတဲ့ အတွေးကြောင့် ရအောင်ပြုံးနေမိသေးတယ်။

အခုလောက်ဆို စာရေးဆရာမတစ်ယောက် အပြင်မှာ ဘယ်လောက်တောင်များ ဒေါသတွေထွက်နေမှာပါလိမ့်။ သူမက အတွေးနဲ့အတူ ဝမ်းသာအားရဟန်နဲ့ အပြင်ကိုထွက်ဖို့ ရေချိုးခန်း တံခါးကို ဖွင့်လိုက်တဲ့ အခါမှာတော့ . . . ။

"ဟင် ! "

သူမ အံ့သြသွားရတယ်။ သူမမျှော်လင့်ထားသလို စာရေး ဆရာမက ရေချိုးခန်းရှေ့မှာ ရှိမနေခဲ့။ ဩော် . . . မတ်တပ်ရပ် စောင့် နေရတာ ညောင်းလာလို့ အခန်းထဲပြန်ပြီး စောင့်နေတယ်ထင်ပါရဲ့။ သူမက အတွေးနဲ့အတူ ကိုယ့်အခန်းကို ကိုယ်ပြန်ဖို့အလုပ်၊ အဘိုးတို့ နေတဲ့ တစ်ဖက်အိမ်ထဲဆီကနေ ဗလထွက်လာတယ်။

"ဟဲ့ ဗလ . . . နင့်ဆရာ ကိုနေသာရော"

သူမ မေးချင်တာက ဟိုစာရေးဆရာမရောလို့ပါ။ ဒါပေမယ့် သူမညစ်ထားတာ ပေါ်လွင်သွားမှာစိုးတာနဲ့ တခြားလူကို လှည့်မေး လိုက်တာ။

"ဟင် . . . မရိုစီ မသိဘူးလား၊ ကိုနေသာနဲ့ ဟိုစာရေးဆရာမ နဲ့က ပိတ်ချင်းမြောင်ဘက်ကိုသွားတာကြာလှပေါ့၊ စာရေးဆရာမက အစကတော့ ရေချိုးဦးမလို့ဆိုပြီး မရိုစီရေချိုးတာကို ပြီးအောင်စောင့်







နေသေးတယ်၊ ဒါပေမယ့် မရိုစီက ရေချိုးတာကြာနေတာနဲ့ စာရေးဆရာမလည်း ရေမချိုးတော့ဘူးဆိုပြီး ဒီအတိုင်းထွက်သွားတာ တစ်နာရီလောက်တောင်ရှိပြီ"

"ဟင် !"

သူမ ဒီလောက်သာ ရေရွတ်နိုင်ပြီး မှန်းချက်နဲ့နှမ်းထွက် မကိုက်အဲဖြစ် သွားရတဲ့အတွက် ပက်လက်ကိုလန်သွားတယ်။

www.burmeseclassic.com







# ဖာဝင်ဒလယ် – ၇

သူမ သတိရလာတော့ အနားမှာ အဘိုးနဲ့အတူ ကိုနေသာ မဖြူတို့ကိုပါ တွေ့လိုက်ရတယ်။ သူမရဲ့ ခေါင်းတစ်ပြင်လုံးကတော့ ကိုက်ခဲလို့။ ပတ်ဝန်းကျင်မှာ ရှိသမျှ အရာဝတ္ထုတွေအားလုံးကလည်း ချာချာလည်နေသလိုပါပဲ။

"သတိရပြီလား. . . ညီမလေး"

မဖြူရဲ့စကားကို ခေါင်းညိတ်ပြလိုက်ရပေမယ့် သူမကိုယ်သူမ ဘာဖြစ်ခဲ့မှန်း သေချာစဉ်းစားလို့မရသေး။ မနေ့ကမနက်ပိုင်းက ရေအကြာကြီးချိုးပြီး ညနေပိုင်းရောက်တော့ ကြက်ခြံကအပြန်မှာ ခေါင်းထဲက မူးနောက်နောက်ဖြစ်လာတာနဲ့ အခန်းထဲဝင်ပြီး အိပ်လိုက်တာကိုပဲ သူမနောက်ဆုံးမှတ်မိတယ်။ ကျန်တာတွေ ဘာမှ စဉ်းစားလို့မရ။

"ညက ညီမလေး အဖျားတွေတက်ပြီး သတိလစ်သွားတာ တော်သေးလို့ပေါ့၊ သတိရလာပြီ၊ ဘယ်လိုနေသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ခေါင်းတွေကတော့ မှုန်နောက်နေတာပဲ"

သူမစကားအဆုံး အဖိုးဆီက အသံထွက်လာတယ်။

"ညည်းက မနေ့က ရေကိုအကြာကြီးချိုးတာကိုး၊ ပြင်ဦးလွင်မှာ ဒီလောက် အေးနေတာကို၊ ရန်ကုန်မှား အောက်မေ့နေလားမသိဘူး တော်သေးလို့ပေါ့၊ သတိရလာလို့၊ ငါက သေပြီကိုထင်တာ"

အဘိုးက ပိဿာလေးနဲ့ နံ့အေးပစ်သလိုပြောတယ်။ ဒါပေမယ့် သူမကိုယ်တိုင်ကလည်း ကိုယ်အပြစ်နဲ့ကိုယ်ဆိုတော့ ဘာမှ မပြောသာ။ သူများမကောင်းကြံ ကိုယ့်ဘေးဒဏ်ထိဆိုတာ သိပ်မှန်တာပဲ။ ဟိုစာရေးဆရာမကို ညစ်ပတ်တာနဲ့ပဲ ကိုယ့်မှာ သေလုမတတ်ဖြစ်ခဲ့ရတာလေ။

"ငါ့ဆီမှာ နေပြီးတော့များ ညည်းတစ်ခုခုဖြစ်သွားလို့ကတော့ ညည်းမိဘတွေက ငါ့ကိုအပြစ်တင်လိုက်မယ့်ဖြစ်ခြင်း မိရှိစီရယ်၊ ညည်းနဲ့တော့လား တော်တော်ခက်ပါတယ်"

ကိုနေသာကလည်း မိမိကို စိတ်ပူတဲ့မျက်လုံးတွေနဲ့ ကြည့်နေတာကို တွေ့ရတယ်။ စာရေးဆရာမကတော့ ဘယ်ရောက်နေသလဲ မပြောတတ်။

"အဘိုးနဲ့ မောင်နေသာ အပြင်ကို ခဏလောက်ထွက်ပေးပါလား၊ ရှိစီလေးရဲ့ အကျီတွေက ချွေးတွေရွှဲနေတာ၊ လဲပေးလိုက်ချင်လို့၊ တော်ကြာသူ့ချွေးနဲ့သူ ပြန်ပြီးအအေးပတ်နေမှာစိုးရတယ်"

မဖြူစကားအဆုံး အဘိုးနဲ့ကိုနေသာတို့နှစ်ယောက်က အပြင်ကို ထွက်သွားတယ်။ နောက်တော့ မဖြူက ရှိစီ့ကို အကျီလဲပေးဖို့အတွက် အခန်းတံခါးကို ပိတ်လိုက်တော့တယ်။

♡♡♡♡♡





နေ့လည်ပိုင်းလောက် အရောက်မှာတော့ သူမ နည်းနည်းထူထူထောင် ထောင်ဖြစ်လာတယ်။ ဒါပေမယ့် ခေါင်းထဲကတော့ တော်တော်လေးမှုန်နောက်နေသေးရာ ခေါင်းမထောင်ချင်တဲ့ သူမကို မဖြူက ခေါင်းအုံးသုံးလုံးဆင့်ပေးကာ မှီထားစေရင်းကနေ ဆေးတိုက်တယ်။

"ဘာစားချင်လဲ ညီမလေး၊ မဖြူလုပ်ပေးမယ်လေ၊ စားချင်တာရှိရင်ပြောနော်၊ အစ်မကို အားမနာနဲ့၊ ကြက်သားစွပ်ပြုတ်ကရော ခံတွင်းတွေ့ရဲ့လား. . ."

"ကောင်းပါတယ် အစ်မရဲ့၊ အစ်မလည်း ကျွန်မအတွက်နဲ့ တော်တော်ပင်ပန်းနေပြီနော်၊ ကျေးဇူးတင်ပါတယ်အစ်မရယ်"

သူမ စကားကြောင့် မဖြူကပြုံးတယ်။

"ညီမကျေးဇူးတင်ရမှာက အစ်မကို မဟုတ်ဘူးညီမရဲ့၊ မောင်နေသာ့ကိုတင်ရမှာ၊ ညီမ အဖျားတွေတက်ပြီး တငိုငို တရယ်ရယ်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆရာဝန်ကို ညကြီးအချိန်မတော် ဒီကနေမြို့ထဲကို ဆိုင်ကယ်နဲ့ ရအောင်သွားပင့်လာပေးတာ . . . ၊ တော်ရုံဆရာဝန်က ညကြီး ဆယ့်တစ်နာရီလောက် အချိန်ကြီးကျမှ ဒီလိုနေရာကို လူနာကြည့်လိုက်မှာတဲ့လဲ၊ သူမို့လို့ ရအောင်ခေါ်လာနိုင်တာ၊ ပြန်ရောက်လာလို့ ညီမ သတိလစ်သွားတယ်လည်းကြားရော ပျာယာကိုခတ်နေတာပဲ၊ ညီမ အပေါ်တော့ တော်တော်လေးကို ဂရုတစိုက်ရှိရှာတယ်"

မဖြူ့စကားကြောင့် မနက်ပိုင်းက သူမကိုကြည့်သွားတဲ့ သူ့ရဲ့ စိုးရိမ်စိတ်တွေနဲ့မျက်လုံးတွေကို ပြန်မြင်ယောင်ကြည့်မိတယ်။ သူမရင်ထဲမှာ ခပ်နွေးနွေး ခံစားချက်တစ်ခုက ဖြတ်သန်းစီးဆင်းသွားတယ်။ ဘယ်လိုခံစားချက်ကြီးပါလိမ့်။

ဒီအချိန်ဆိုရင်တော့ သူကြက်ခြံထဲကို ရောက်နေမှာပါ။ ဒါကြောင့် သူမက တွေ့မှပဲ သူ့ကို ကျေးဇူးတင်စကားကောင်းကောင်းပြောဖို့ တေးထားလိုက်မိတယ်။



# သနပ်ခါးငတွေပူဆာမလို

အခန်းထဲက ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေတုန်းမှာပဲ ကိုနေသာ ရောက်လာတယ်။ အခန်းတံခါးက ဖွင့်ထားတာဆိုတော့ သူက အဲဒီဖွင့်ထားတဲ့ တံခါးကိုပဲ မှီရပ်နေရင်းကနေ. . .

"သက်သာရဲ့လား"

သူ့ရဲ့အမေးကို ပြုံးကာ ခေါင်းညိတ်ပြမိတယ်။ သူက အရောင်ဖျော့နေပြီဖြစ်တဲ့ ဂျင်းဘောင်းဘီတစ်ထည်ကို ဒူးအထိ ခေါက်ကာ အပေါ်က နီညိုရောင်အကွက်လက်ရှည်ကို တံတောင်ဆစ်အထိခေါက်ပြီး တွဲဝတ်ထားတယ်။ ကြက်ခြံဘက်ကပြန်လာတဲ့ မြင်နေကျပုံပါပဲ။ ဒါပေမယ့် ဒီနေ့မှ သူမမျက်လုံးတွေထဲမှာ သူ့ပုံက ဘာလို့ပိုပြီး ကြည့်ကောင်းနေရသလဲတော့ မသိချေ။

"ကျွန်မကြောင့် ကိုနေသာ တော်တော်ဒုက္ခများသွားတယ်နော်"

"ဘယ်သူပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဖြူပြောပြတာ"

သူက ဘာမှမပြော ပြုံးရုံသာပြုံးတယ်။

"ကျေးဇူးတင်ပါတယ်"

"ရပါတယ်ကွာ၊ ကျေးဇူးတင်စကား ပြောရမယ့်လူတွေမှ မဟုတ်တာ၊ တကယ်စိမ်းတယ် မင်းက"

"ဒါဆို ကျွန်မက ကျေးဇူးမတင်ဘူးလို့ပြောရမှာလား"

"အဲဒီလိုလည်း မဟုတ်ဘူးလေ၊ ဟိုဟာ. . . ဘာမှကို ပြောစရာ မလိုတာကွာ၊ မင်းနားလည်အောင် ကိုယ်ပြောမပြတတ်ဘူး ဒါပေမယ့် မင်းကပါးပါတယ်၊ ကိုယ်ဆိုလိုချင်တာကို မင်းနားလည်မှာပါ။ အရမ်းရင်းနှီးတဲ့ သူငယ်ချင်းတွေ မိတ်ဆွေတွေကြားမှာ ကျေးဇူးဆိုတဲ့ စကား မရှိသလိုပေါ့"

စကားလုံးရှာမရတဲ့ သူ့ကိုကြည့်ကာ သူမရယ်မိတယ်။ ဒီနေ့ သူဘာဆေးတွေများ စားထားသလဲတော့မသိချေ။ သူမရဲ့အာရုံထဲမှာ ဒီနေ့သူက အတော်လေးကို အဆင်ပြေစွာ နေရာယူထားတာ ငြင်းလို့မရ။ သူမဖျားနေတုန်းမှာ ညကြီးအချိန်မတော် ပြင်ဦးလွင်မြို့ထဲ အထိသွားပြီး ဆရာဝန်ပင့်ပေးထားခဲ့တဲ့ သူ့လုပ်ရပ်ကိုပဲ သူမစိတ်ထဲက အမှတ်တွေပေးထားမိလို့လား။

"ဒါနဲ့ ရှင်တို့ပိတ်ချင်းမြောင်မှာ တော်တော်လေးပျော်ခဲ့ရဲ့လား"

သူက တစ်ခုခုပြောဖို့ပြင်တုန်းမှာပဲ အနားကို စာရေးဆရာမ ရောက်လာတယ်။

"ဪ. . နေသာက ဒီရောက်နေတာကိုး၊ အဖြူက လိုက်ရှာနေတာ၊ ညီမလေး ဘယ်လိုနေသေးလဲ၊ သက်သာတယ်မဟုတ်လား"

သူမက ခေါင်းညိတ်ပြဖြစ်တယ်။ နောက်တော့ စာရေးဆရာမ အကြည့်က သူ့ဆီပြန်ရောက်သွားရင်း. . .







"နေသာ. . . အဖြူ့ကို ကြက်စာစပ်နည်း ပြောပြပေးပါလား အဖြူကြက်စာစပ်နည်း သိချင်လို့"

"ကြက်စာစပ်နည်း!၊ ကိုယ်စာရွက်တစ်ရွက်နဲ့ ရေးပေးရမလား"

"မဟုတ်ဘူး၊ အဖြူက. . ကြက်စာစပ်တာကို ပြန်ရေးလို့ရအောင် လက်တွေ့ကြည့်ချင်တာ၊ လာပါနေသာရယ်၊ လိုက်ပြီးစပ်ပြပေးစမ်းပါ၊ အဖြူ့စာအုပ်ထဲမှာ မင်းသားက မင်းသမီးကို ကြက်စာစပ်တာ သင်ပေးတဲ့ အခန်း ထည့်ရေးချင်လို့၊ လာပါနော်. . . လာ"

စာရေးဆရာမက သူ့ကို လက်ဆွဲမခေါ်ရုံတမယ် ဖြစ်လာတော့မှ သူက ထိုင်ရာကထတယ်။ သူတို့နှစ်ယောက်ပုံစံကိုကြည့်ရင်း ရိုစီမြင့်အောင်ရဲ့ရင်ထဲမှာ ခံစားရတာ တစ်မျိုးကြီး။ ဝမ်းနည်းတာလိုလို၊ အလိုမကျတာလိုလို။ ဘယ်လိုကြီးမှန်းကိုမသိ။



www.burmeseclassic.com

www.burmeseclassic.com







## ဖော်ဝင်ဒလယ် — ၈

"နေသာတို့က ဘဲရော မမွေးဘူးလား"

ကြက်ခြံပေါ်ကို တက်လာရင်းမေးတဲ့ အဖြူဆွတ်ဆွတ်ရဲ့ စကားကို သူက ကြက်သောက်ရေခွက်ထဲကို ရေထပ်ဖြည့်နေရင်းက ခေါင်းရမ်းပြမိတယ်။

"ဘာလို့လဲ"

"ဘဲမွေးရတာက ကြက်မွေးရတာထက်ပိုပြီးတော့ အလုပ်ရှုပ်လို့ပါ၊ တွက်ကြည့်တော့လည်း ဘဲမွေးရတာနဲ့ ကြက်မွေးရတာက အကျိုးအမြတ်ရတာချင်း သိပ်မကွာဘူးလေ၊ အဲဒီတော့ နှစ်မျိုး မွေးမယ့်အစား တစ်မျိုးတည်းကိုပဲ နိုင်နိုင်နင်းနင်းနဲ့ များများမွေးလိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘောပါ"

သူ့စကားအဆုံး သူမက သူ့ကို အဓိပ္ပာယ်တစ်မျိုးပါတဲ့ အကြည့်မျိုးနဲ့ ကြည့်လာတယ်။ သူက အဲဒီအကြည့်ကို နားလည်သဘောပေါက်နေတော့ သူမနဲ့ အကြည့်ချင်းမဆုံအောင် အကြည့်ကို လွှဲထားလိုက်မိတယ်။ ဒါတောင် သူမဆီက စကားသံတွေ ထွက်လာသေးတယ်၊

"နေသာတောင် မွေးမြူရေးသမားကြီးလုံးလုံး ဖြစ်နေပြီနော်"

တဲ့။ သူက သူမကို မကြည့်။ ကြွက်ဝပ်ကျင်းတစ်ခုထဲက ပွနေတဲ့ ကောက်ရိုးတွေကို နေသားတကျပြန်ထည့်နေရင်းကနေ. . .

"ဒါကတော့ အလုပ်ကသင်ပေးတာပါသလို ဝါသနာလည်းပါတယ်လေ"

"ဝါသနာ ! "

သူမက သူ့စကားကို သံယောင်လိုက်ကာ ရေရွတ်ကြည့်ပြီး ခဏလောက် တိတ်သွားတယ်။ ပြီးမှ. . .

"ဟုတ်တယ်နော်. . . ဒါက နင်ဝါသနာပါတဲ့ အလုပ်ပဲ"

တဲ့. . .။ ပြီးတော့ ဘာစကားမှ ပြောစရာမရှိတော့သလို ခဏတိတ်ဆိတ် သွားပြန်ပြီးမှ အသံဆက်ထွက်လာတယ်။

"ဒါနဲ့ နင်မန္တလေးကို ပြန်မလာတော့ဘူးလား"

"အခုထိတော့ အစီအစဉ်မရှိသေးဘူး"

"ဒီမှာပဲ တစ်သက်လုံးနေတော့မယ်ပေါ့"

အလုပ်အင်တာဗျူးဖြေရသလို မေးခွန်းတွေတစ်ခုပြီးတစ်ခုမေးနေတဲ့ သူမကို သူ စိတ်မရှည်တော့။ ဒါကြောင့် သူက ဘာမှဖြေမနေတော့ဘဲ ကိုယ်လုပ်စရာ ရှိတာတွေကိုသာ ဆက်လုပ်နေလိုက်တယ်။

"ဒါနဲ့ ရှိစီက နေသာ့ကိုများ ကြိုက်နေသလားလို့"

သူမဆီက ထွက်လာပြန်တဲ့ ဒီတစ်ခါစကားကိုတော့ သူ မသိချင်ယောင်ဆောင်နေလို့မရ။





"မင်း သူများအကြောင်းကို ဘာတွေလျှောက်ပြောနေတာလဲ"

"လျှောက်ပြောတာမဟုတ်ပါဘူး၊ အဖြေထုတ်ကြည့်တာပါ။ ရှိစီကိုကြည့်ရတာ အဖြူကို သိပ်ကြည်ပုံမရဘူး၊ ပြီးတော့အဖြူနဲ့နေသာနှစ်ယောက်တွဲရှိနေရင် သူ့ပုံစံက ဘာကိုမှန်းမသိ အလိုမကျဖြစ်နေတဲ့ ရုပ်မျိုးနဲ့လေ၊ နေသာနဲ့ အဖြူစကားပြောတာကိုလည်း ခိုးနားထောင်သေးတယ်၊ ဒါတွေကို ဆက်စပ်ပြီးတော့ အဖြေထုတ်ကြည့်ရင် သူ နေသာ့ကိုကြိုက်နေတယ်ဆိုတာ ကိုးဆယ်ရာခိုင်နှုန်းလောက်သေချာတယ်"

သူမ စကားကြောင့် သူ့မျက်လုံးထဲမှာ ရှိစီမြင့်အောင်ရဲ့ ပုံရိပ်လေးကဝင်ရောက်လာတယ်။ ရင်ထဲမှာ နွေးခနဲ။ အခုတလော ရှိစီအကြောင်းကို တွေးလိုက်တိုင်း သူ့ရင်ထဲမှာ ဒီလိုနွေးနွေးလေး ခံစားနေရတာ အဆန်းသား။ ဒါပေမယ့် ဒါက သူ့ဘက်က ဖြစ်တည်မှုသာဖြစ်ပြီး ရှိစီ့ပုံကတော့ ပကတိဖြူဖြူစင်စင်လေးပါ။

"သူများအကြောင်းကို လျှောက်လျှောက်မပြောစမ်းပါနဲ့၊ ကြားသွားရင် မကောင်းဘူး"

"ဒါလျှောက်ပြောနေတာမှ မဟုတ်တာ၊ မြင်တာတွေကို ပြောနေတာလေ၊ စာရေးဆရာမ လုပ်စားနေတာပါနော်၊ လူတစ်ယောက်ကို ကောင်းကောင်းအကဲခတ်တတ်ပါတယ်"

"မင်းကို တော်တော့လို့ပြောနေတယ်နော်"

သူက လေသံမာမာနဲ့ပြောလိုက်တော့မှ သူမက ပါးစပ်ပိတ်သွားတယ်။ ပြီးတော့ ထိုင်ရာကနေ ထသွားဖို့ပြင်လိုက်တဲ့အခါမှာပဲ ကြက်ခြံရဲ့ ကြမ်းကြားမှာ သူမရဲ့ဒေါက်ဖိနပ်ကညပ်ပြီး ဟန်ချက်ပျက်သွားကာ သူမခန္ဓာကိုယ်က သူ့အပေါ်ကို ပုံကျလာတော့တယ်။

"ဟာ ! "

"အမေ့ ! "



www.burmeseclassic.com

www.burmeseclassic.com



သူက သူမကို ရှပ်ပျက်ဆင်းပျက် လဲကျမသွားအောင် ဖမ်းထိန်းပေးထားလိုက်တယ်။

"ဖြစ်ရမယ်၊ ဒီလိုဝါးကြမ်းခင်းပေါ်ကို ဒေါက်ဖိနပ်နဲ့ တက်လာမှတော့ လဲပြီပေါ့"

ဒီလိုရေရွတ်ရင်းနဲ့ သူ့အကြည့်က ကြက်ခြံရဲ့ထောင့်ချိုးနားကို ရောက်သွားတဲ့အခါမှာတော့. . .

"ဟင်. . . ရှီစီ"

သူက အံ့သြနေတုန်းမှာပဲ ရှီစီက အိမ်ဘက်ဆီကို ထွက်ပြေးသွားတော့ သူ့ရင်ထဲမှာ ပူခနဲဖြစ်သွားတယ်။ ကိုယ်နဲ့အဖြူကို ရှီစီ ဘယ်လိုထင်သွားမလဲ။ မိမိတို့ကို ရှီစီဘက်က သေချာပေါက် တစ်မျိုးထင်သွားတော့မှာ။

ဒါကိုတွေးလိုက်မိတော့ သူပျာသွားတယ်။ ရင်ထဲအတွင်းပိုင်းဆီက ငုပ်လျှိုးနေတဲ့ ခံစားချက်တစ်ခုက အရှိန်အဟုန်ပြင်းပြင်းနဲ့ အုံကြွလာတဲ့အခါမှာတော့ သူဘာကိုမှ မစဉ်းစားနိုင်အားတော့။ ကြမ်းပြင်ပေါ်မှာ ခြေထောက်နှိပ်ကာ ထိုင်နေတဲ့အဖြူကို ဘာဖြစ်သွားလဲ မေးဖို့တွေ၊ ကြက်ခြံကိစ္စတွေလည်း ဘာမှမသိတော့။

သူကိုယ်သူ သတိထားမိတဲ့အခါမှာတော့ သူကပြေးထွက်သွားတဲ့ ရှီစီနောက်ကိုလိုက်ကာ သူမရဲ့လက်ကို ဖမ်းဆွဲထားပြီးသားဖြစ်နေခဲ့ပြီ။

"ရှီစီ. . . ကိုယ်ရှင်းပြစရာရှိလို့ နေပါဦး"

"ဘာကိုရှင်းပြမှာလဲ၊ လွှတ်. . . လက်ကို"

သူမက သူ့လက်ထဲကနေ ဆောင့်ရုန်းတယ်။ ဒါပေမယ့် သူက လွှတ်မပေး။

"ကိုယ်နဲ့အဖြူကို ရှီစီတစ်မျိုးထင်သွားတယ် မဟုတ်လား မဟုတ်ဘူးနော်၊ သူနဲ့ကိုယ် ဘာမှမဆိုင်ဘူး"





"အဲဒါကို ကျွန်မက ဘာလုပ်ရမှာလဲ၊ ဘာကိစ္စနဲ့ အဲဒါကို ရှင်က လာပြောနေရတာလဲ ကျွန်မကို"

"ကိုယ်. . ."

ပြောမယ်ပြင်ပြီးမှ ရုတ်တရက်ပြောမထွက်။ ခဏတွေဝေသလိုဖြစ်သွားတဲ့ သူ့လက်ထဲကနေ သူမက ခပ်ကြမ်းကြမ်းဆောင့်ရုန်းပြန်တယ်။ ဒီတော့မှ သူက ဆတ်ခနဲဖြစ်သွားပြီး စိတ်ကို ပိုင်းဖြတ်လိုက်ကာ ဖြစ်ချင်ရာဖြစ်ဆိုပြီး ပြောချလိုက် တော့တယ်။

"ကိုယ်. . . မင်းကို ချစ်မိသွားလို့ပါ"

သူ့ဆီက မထင်မှတ်ထားတဲ့စကားကို မထင်မှတ်ထားတဲ့အချိန်မှာ ကြားလိုက်ရဟန်နဲ့ သူမရဲ့မျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွားတယ်။

"ရှင်. . . ရှင်ဘာပြောလိုက်တယ်"

"ဟုတ်တယ် . . ကိုယ် . . မင်းကို ချစ်မိသွားတယ်၊ အစတော့ ဒီဟာကို အချစ်မှဟုတ်ပါ့မလားလို့ ကိုယ်ကိုယ်တိုင်လည်း ဇဝေဇဝါပဲ၊ ဒါပေမယ့် အခုလို ကိုယ်နဲ့အဖြူကို မင်းအထင်လွဲသွားတော့မှ ဒါက သေချာသွားခဲ့တာ. . . ကိုယ် မင်းကို ချစ်တယ်ရှီစီ"

သူက ပြောမယ့်ပြောတော့လည်း ချစ်တယ်ဆိုတဲ့စကားကို ဖောဖာသီသီပဲဆက်တိုက်ပြောပစ်လိုက်တယ်။ သူ့စကားလည်းဆုံးရော သူမက သူ့လက်တွေထဲကနေ သူမလက်ကို ဆောင့်ရုန်းနေတာကို ရပ်ပစ်လိုက်တယ်။ ပြီးတော့မှ. . .

"ရှင်ပြောလို့ ပြီးပြီလား"

တဲ့။ သူက ဘာမှမပြောလိုက်နိုင်သေးခင်မှာပဲ သူမက သူ့ကို သရော်သလို အပြုံးမျိုးနဲ့ ပြုံးပြလာကာ. . .

"ရှင်ပြောပြီးရင် ကျွန်မအလှည့်ပေါ့၊ ကျွန်မပြောချင်တာက တော့. . ."



www.burmeseclassic.com

www.burmeseclassic.com



သူမဆီက စကားသံပြတ်တောက်သွားကာ သူမရဲ့လွှတ်နေတဲ့ ညာဘက် လက်က သူ့ပါးပြင်ကို ပူခနဲဖြစ်သွားစေပြီးမှ. . .

"အဲဒါပဲ"

တဲ့။ အံ့ဩမယုံကြည်နိုင်ခြင်းနဲ့အတူ သူက သူမလက်ကိုလွှတ်ပေးလိုက်မိတော့ သူမက သူ့အနားကနေ ပြေးထွက်သွားတယ်။ နောက်ကို တစ်ချက်မှလှည့်မကြည့်။

သူမှားသွားသလား။ သူမကို ချစ်တယ်လို့ ပြောလိုက်ခြင်းဟာ သူမှားသွားသလား။ ရင်ထဲက ပေါက်ဖွားလာတဲ့ နူးညံ့မွန်မြတ်တဲ့ အချစ်တစ်ခုကို ချစ်ရသူရဲ့ ရှေ့မှောက်မှာ ဖြန့်ခင်းပြလိုက်မိတာဟာ မှားယွင်းတဲ့လုပ်ရပ်တစ်ခုလား။ အချစ်မှာ အပြစ်ရှိပါသလား။

သူကခေါင်းကို လေးတွဲ့စွာခါရမ်းပစ်လိုက်မိရင်း ပြေးထွက်သွားတဲ့ သူမကို မြင်ကွင်းထဲကနေ ပျောက်ဆုံးသွားတဲ့အထိ ရပ်ကြည့်နေမိတယ်။ နောက်တော့မှ ကြက်ခြံဘက်ကိုပြန်သွားဖို့ နောက်ကိုလှည့်လိုက်တော့ သူ့ကိုရပ်ကြည့်နေတဲ့အဖြူ့ကို မလှမ်းမကမ်းမှာ တွေ့လိုက်ရတယ်။ မိမိနဲ့ရှိစီရဲ့အဖြစ်ကို သူမ အစအဆုံး မြင်တွေ့သွားပုံပါပဲ။

အဖြူကရော ရှီစီ့အပေါ်မှာဖြစ်တည်မိတဲ့ သူ့ရဲ့အချစ်တွေကို အပြစ်တင်ဦးမလား. . . ။

ညနေခင်းကြက်ခြံဘက်ကနေပြန်လာတော့ရှီစီ့ရဲ့အခန်းဆီကို သူလှမ်းကြည့်မိတယ်။ ဒါပေမယ့် သူမရဲ့အခန်းက ပိတ်ထားတော့ ဘာမှမတွေ့ရ။ ထမင်း စားချိန်ရောက်တော့လည်း သူမကထွက်မလာ။

"အဘိုး. . . ရှီစီ ထမင်းမစားဘူးလား"

သူ့အမေးကြောင့် အဖြူကထမင်းစားနေရင်းကနေ အဓိပ္ပာယ်ပါပါနဲ့ ကြည့်လာတယ်။ ဒါပေမဲ့ သူကတော့ ဂရုမစိုက်ပါ။

"အေး. . . မစားဘူးတဲ့၊ ခေါင်းမူးလို့ပြောတာပဲ၊ ယံယံနဲ့ ဆေးနဲ့သောက်ပြီး အိပ်တော့မယ်တဲ့"

သူက သက်ပြင်းမောတစ်ခုကို အသံမထွက်အောင်ချလိုက်ရင်း သူမအခန်းဆီကို လှမ်းကြည့်မိပြန်တယ်။ သူမအခန်းက ပကတိ တိတ်ဆိတ်လို့။ အခန်းထဲမှာ သူမ ဘာတွေကိုများတွေးနေမလဲ။







www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲက ခုတင်ပေါ်မှာ ပက်လက်လှန်အိပ်ကာ ရှိစီမြင့်အောင် တစ်ယောက်တည်း အတွေးနယ်ချဲ့နေမိတယ်။ ဒါပေမယ့် သူမအိပ်နေတာက အိပ်ရိုးအိပ်စဉ်အတိုင်း ခုတင်ပေါ်မှာ အရှည်လိုက်အိပ်နေတာမဟုတ်။ ခုတင်ပေါ်မှာ ကန့်လန့်ဖြတ်လှဲချကာ ခြေထောက်တွေကို ခုတင်အောက်တွဲလောင်းချပြီး အိပ်နေတာ။ ပြီးတော့ သူမနားတွေထဲမှာကလည်း သူ့ရဲ့စကားသံတွေက ကန့်လန့်ရော၊ ထောင်လိုက်ရောပါ လူးလားခေါက်တုံ့ပြေးလွှားလှုပ်ရှားပြီး ပွဲတင်ထပ်လို့။

မိမိမှားသွားသလား။ သူ့ကို ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့မိတာ မိမိမှားသွားသလား။ မျှော်လင့်မထားတဲ့အချိန်၊ မျှော်လင့်မထားတဲ့ နေရာမှာ၊ မျှော်လင့်မထားတဲ့စကားကို ရုတ်တရက်ကြီး ကြားလိုက်ရတာရော၊ စာရေးဆရာမရဲ့ရှေ့မှာ ဒီလိုစကားကို အပြောခံလိုက်ရတာရော၊ ပြီးတော့ အဲဒီအချိန်တုန်းက ရင်ထဲမှာဖြစ်တည်လာတဲ့ ဘာမှန်းမသိတဲ့ ခံစားချက်ပေါင်းစုံတွေရောကို တစ်ပြိုင်တည်းခံစားလိုက်ရတဲ့အခါကျတော့ သူမလည်း လုပ်မိလုပ်ရာကို လုပ်ချပစ်ခဲ့တာ။





အခုလိုပြန် စဉ်းစားကြည့်မိတဲ့ အခါကျတော့မှ သူမရဲ့လုပ်ရပ်က နည်းနည်းများ လွန်ရာကျသွားသလားလို့။ ဒါပေမယ့် မိမိနေရာမှာ အခြားမိန်းကလေးတစ်ယောက်သာဆိုရင်လည်း ဒီလိုပဲ လုပ်မိမှာပင်။

ဒီလိုတွေးလိုက်မိတော့ စိတ်ထဲမှာ နည်းနည်းတော့ နေရထိုင်ရသက်သာသွားသလို ခံစားလိုက်ရတယ်။ ဒါပေမယ့် မနက်ဖြန်မနက်မှာ သူ့ကို ဘယ်လိုမျက်နှာမျိုးနဲ့ ရင်ဆိုင်ရပါ့မလဲဆိုတာကို တွေးလိုက်မိတော့ စောစောကနေရထိုင်ရသက်သာသွားတာလေးတွေ ပျောက်သွားပြီး ကသိကအောက်ဖြစ်ရပြန်ရော . . . ။

ဟား. . . ကြာရင်တော့ ရူးတော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



နံနက်စာအတွက် ကောက်ညှင်းပေါင်းနဲ့ ငါးခြောက်ဖုတ် ဆီဆမ်းကို စားနေရင်းကနေ သူက သူမကိုခိုးကြည့်မိတယ်။ သူမကတော့ သူ့ကိုလုံးဝမကြည့်ဘူး။ နံနက်စာကို သူမစားနေကျအတိုင်း Myanmar လက်ဖက်ရည် တစ်ထုပ်ကို ဖျော်ကာ ပေါင်မုန့်နှစ်ချပ်နဲ့ စားနေတော့တယ်။ အဖြူကတော့ ညက တစ်ညလုံးစာရေးကာ မနက်လင်းမှ အိပ်သွားတာဆိုတော့ တော်တော်နဲ့ထဦးမှာမဟုတ်။

လက်ဖက်ရည်နဲ့ပေါင်မုန့်ကို စားပြီးသွားတော့ သူမကကွပ်ပျစ်ပေါ်က ဆင်းကာ ဖန်ခွက်ကို အုတ်ကန်မှာသွားဆေးပြီး မီးဖိုချောင်ထဲမှာ သွားထားတယ်။ နောက်သူမအခန်းထဲပြန်ဝင်သွားတယ်။ သူ့ကိုတော့ တစ်ချက်လေးမှကို ကြည့်မသွားပါ။

နောက်တော့ သူလည်း ကောက်ညှင်းပေါင်းကို မြန်မြန်စားပြီးနောက် ကိုယ့်အခန်းထဲကိုယ် ပြန်ဝင်သွားလိုက်ပြီး ကြက်ခြံကိုသွားဖို့အတွက် အဝတ်အစားလဲကာ ကြက်ခြံဘက်ထွက်လာခဲ့လိုက်တယ်။

ဒါပေမယ့် သူ့ထက်အရင် ရောက်နေတာက သူမ။ သူမက





ကြက်စာကျွေးဖို့လုပ်နေပြီ။ သူအဝတ်အစားလဲနေတုန်းမှာ သူမထွက်သွားတာဖြစ်မယ်။

သူမကို မြင်လိုက်ရတော့ သူ့ရင်တွေ အခုန်မြန်လာရပြန်တယ်။ သူမကတော့ သူ့ကို မနေ့ကကိစ္စနဲ့ တင်းနေတာအသိသာကြီး။ ဒါပေမယ့် ဒီလိုကိစ္စမျိုးက တောင်းပန်ရမယ့်ကိစ္စမျိုး မဟုတ်တာကြောင့် သူက သူမကိုဘာစကားမှ သွားပြောဖို့ ကြိုးစားမနေတော့ဘဲ ကြက်ချေးလှဲဖို့အတွက် တံမြက်စည်းကြမ်းတစ်ချောင်းကိုကိုင်ကာ နံပါတ်တစ်ကြက်ခြံထဲကို ဝင်လာခဲ့လိုက်တယ်။

ဒီလိုနဲ့ နံပါတ်တစ်ကြက်ခြံကို သန့်ရှင်းရေးလုပ်လို့ ပြီးလုပြီးခင် အချိန်လေးမှာပဲ. . .

"အား ! "

နံပါတ်နှစ်ကြက်ခြံဆီက ထွက်ပေါ်လာတဲ့ သူမရဲ့အလန့်တကြားနဲ့ နာ နာကျင်ကျင်အော်လိုက်သံကြောင့် သူမအတွက်စိုးရိမ်သွားရပြီး သူကလက်ထဲမှာ ကိုင်ထားတဲ့ တံမြက်စည်းကို ပစ်ချကာ သူမရှိရာကိုပြေးရတယ်။

"ဘာဖြစ်တာလဲ. . . ရှီစီ၊ ဘာဖြစ်လို့လဲ"

လူကမရောက်သေးဘူး။ သူက ပြေးလွှားသွားနေရင်းကနေ ဆန္ဒတွေစောကာ အော်ဟစ်မေးရတယ်။ ဒါပေမယ့်သူမဆီက ဘာသံမှ တန်းထွက်မလာ။ ကြက်ခြံတံခါးဝဆီရောက်တော့မှ ကြက်ခြံထဲက သူမက သူ့ဆီကို အားကိုးတကြီး ကြည့် လာပြီးနောက်. . .

"မြွေ. . . မြွေကိုက်"

ဒီလောက်သာ ပြောနိုင်ပြီး သူမက အရုပ်ကြိုးပြတ် ပုံလဲကျသွားတော့တယ်။

"ဟာ ! ရှီစီ"

သူက သံကုန်ခြစ်အော်ကာ လဲကျသွားတဲ့သူမကို ပြေးပွေ့မိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူမ ရဲ့ညာဘက် လက်ကောက်ဝတ်မှာက အစွယ်ရာ အပေါက်လေးနှစ်ပေါက်။ သူမကို မြွေကိုက်ပြီ ဆိုတဲ့အသိက သူ့ကိုကမ္ဘာပျက်မတတ် ထိတ်လန့်တုန်လှုပ်သွားစေပြီး မျက်လုံးတွေကို ပြာဝေသွားစေတယ်။

"ရှိစ်. . . ရှိစ်. . ."





## ဇာတ်သိမ်းခန်း — ၁

သူမသတိရလာတော့သူမဘေးမှာ သူမရဲ့မိဘနှစ်ပါးကို စိုးရိမ်ပူပန်နေတဲ့ မျက်နှာတွေနဲ့တွေ့လိုက်ရတယ်။

"ဒယ်ဒီ. . . မာမီ"

"အောင်မလေး သမီးလေးရယ်၊ မသေကောင်းမပျောက်ကောင်း၊ မာမီတို့မှာ စိတ်ပူလိုက်ရတာ၊ သမီးလေးသာ တစ်ခုခုဖြစ်ရင် မာမီရင်ကျိုးမှာ သမီးရဲ့၊ ဘယ်လိုနေသေးလဲဟင်. . . ဘယ်နေရာက ဘယ်လိုနေလဲ"

သူမက တစ်ခုခုပြောမလို့ပြင်လိုက်ကာရှိသေး အခန်းထဲကို အဘိုးကွနဲ့ နေသာ ရောက်လာတယ်။ အဘိုးကွကိုလည်းတွေ့ရော ဦးမြင့်အောင်က. . .

"အဖေကလည်း ကျွန်တော့်သမီးလေးကို မညာမတာ ကြာကြာမှာလုပ်ခိုင်းရတယ်လို့၊ 'ကျွန်တော်အကူအညီတောင်းတဲ့ အထဲမှာ

www.burmeseclassic.com



ကြက်ခြံမှာ ခိုင်းဖို့မပါဘူးလေ၊ သမီးလေးကို လိမ္မာယဉ်ကျေးလာအောင် ပြုပြင်ပေးဖို့ပဲပြောခဲ့တာ. . . အခုတော့ ကျွန်တော့်သမီးလေးဘဝက ဆေးရုံကိုမျှား အချိန်မီမရောက်ခဲ့ရင် မတွေးဝံ့စရာပဲအဖေရာ"

"ဟေ့ကောင်. . . မင်းက ငါ့ကိုဆရာလုပ်နေတာလား၊ ရှိစီက မင့်သမီးဆိုပေမယ့် ငါ့မြေးလည်း ဖြစ်ပါသေးတယ်ကွ၊ ငါက ငါ့မြေးကို မတန်တဆ နှိပ်စက်ပါ့မလားကွ၊ မင်းစကားကိုကြည့်ပြောစမ်းပါ၊ ငါ့ဒေါသကိုမင်းသိတယ်နော်၊ ငါလုပ်ခဲ့တာတွေအားလုံးက လိုအပ်လို့ လုပ်ခဲ့တာချည်းပဲ၊ မင်းတို့တွေ အဲသလို အလိုလိုက်လွန်းအားကြီးလို့ သူ ဒီလောက်ရိုင်းနေတာ၊ ငါ့လုပ်ရပ်ကို မကျေနပ်ရင် မင့်သမီးကို မင်း ပြန်ခေါ်သွား၊ ငါ့ဆီမှာ မထားနဲ့၊ ငါ့ကျောင်းနေရင်တော့ ငါ့စာ အံ့ရမှာပဲ"

အဘိုးကွက ဒေါသတကြီးအော်တော့ ဦးမြင့်အောင် ငြိမ်ကုပ်သွားတယ်။ အဖေဖြစ်သူကို ဘယ်တုန်းကမှ ပြန်ခံပြောရဲခဲ့တာ မဟုတ်ဘူးလေ။ ချွေးမဖြစ်တဲ့ ဒေါ်မာမာသင်းကတော့ သူမဖြစ်ချင်တာကိုပဲ ပြောတယ်။

"ဘာပဲဖြစ်ဖြစ် ကိုမြင့်ရယ်၊ ကျွန်မကတော့ သမီးလေးကို ပြင်ဦးလွင်မှာ မထားခဲ့ချင်တော့ဘူး၊ ရန်ကုန်ကိုပဲ ပြန်ခေါ်သွားတော့မယ်၊ ကြက်ခြံဆိုတာမျိုးက ခွေ့ပေါတဲ့နေရာ၊ သမီးလေးကို ကျွန်မစိတ်မချတော့ဘူး၊ ဒီလိုအဖြစ်မျိုး နောက်တစ်ခါထပ်ဖြစ်ရင် ဘယ်လိုလုပ်မလဲ၊ သမီး. . . ဒီမှာမနေခဲ့တော့နဲ့၊ ဆေးရုံကဆင်းတာနဲ့ မာမီတို့နဲ့အတူတူ ရန်ကုန်ကိုပဲပြန်လိုက်ခဲ့တော့နော်. . ."

ဒေါ်မာမာသင်းရဲ့စကားကိုကြားတော့ ရှိစီမြင့်အောင်ကခေါင်းကို အကြောက်အကန်ရမ်းတယ်။

"ဟင့်အင်း မာမီ၊ သမီး ရန်ကုန်မလိုက်ဘူး၊ သမီး. . ဟို ဦးဂျပ်စတင်တုတ်ကြီးကို မယူချင်ဘူး၊ မာမီတို့ကရန်ကုန်ရောက်ရင် သမီး





ကို အဲဒီလူ ကြီးနဲ့ပေးစားမှာ သမီးသိတယ်"

"မပေးစားပါဘူး သမီးရယ်၊ မာမီတို့က မာမီတို့ရဲ့ အသက်လောက်ချစ်ရတဲ့ ဒီသမီးလေးကို ဘာလို့ အဲဒီလိုလူကြီးနဲ့ ပေးစားရမှာလဲ၊ ဝေးပါသေးတယ်၊ ရှိသမျှစည်းစိမ်ပုံပေးမယ်ဆိုရင်တောင် မာမီတို့က သူ့ထက်ဆယ်ဆလောက်ပိုပေးပြီး ပြန်အမ်းလိုက်ဦးမယ်"

ဒေါ်မာမာသင်းရဲ့ စကားအဆုံး ရှိစီမြင့်အောင်ရဲ့မျက်လုံးတွေထဲမှာ အရောင်တွေ တောက်သွားတယ်။

"ဒါ. . . ဒါဆို"

"နေဦး၊ အဲဒီကိစ္စတွေကို ဖြည်းဖြည်းမှ သမီးနားလည်အောင် မာမီရှင်းပြမယ်၊ အခုအရေးကြီးတာက သမီးလေးအမြန်ဆုံးပြန်ကောင်းလာဖို့ပဲ၊ နေရထိုင်ရတာ ဘယ်လိုနေလဲသမီး၊ သက်တောင့်သက်သာရောရှိရဲ့လား၊ တစ်နေရာရာက အောင့်နေတာမျိုး၊ နာနေတာမျိုးတွေရောရှိလား"

"ညာဘက်လက်တစ်ခုလုံး စူးအောင့်နေတာကလွဲရင် သက်သာပါတယ်၊ ညာဘက်လက်ကတော့ တော်တော်လေးကိုအောင့်နေတာ"

"ဟုတ်လား သမီး၊ စောစောက ဆရာဝန်ကြီးက ပြောတာတော့ အသက်အန္တရာယ်မရှိတော့ပါဘူးတဲ့၊ ဒီဆေးရုံကဆင်းပြီးလို့ ရန်ကုန်ပြန်ရောက်တော့မှ ဒီထက်တတ်ကျွမ်းတဲ့ ဆရာဝန်ကြီးတွေနဲ့ ထပ်ပြကြည့်ကြမယ်လေ. . ."

သူမက မိခင်ဖြစ်သူကို ပြုံးပြလိုက်ပြီးနောက် အကြည့်က နေသာ့ဆီကို ရောက်သွားတယ်။ နေသာကလည်း သူမကို ကြည့်နေခိုက်ဆိုတော့ အကြည့်ချင်းဆုံသွားကြတယ်။ ဘာစကားမှတော့ မပြောဖြစ်ကြ။ နောက်တော့ သူမကပဲ အကြည့် ကို အရင်ဆုံးလွှဲလိုက်မိတယ်။

"ကဲ. . မင်းတို့လည်းရောက်ပြီဆိုတော့ငါပြန်တော့မယ်၊ ပြန်ရ

www.burmeseclassic.com

www.burmeseclassic.com



အောင် နေသာရေ. . .၊ မင်းလည်း ဟိုပြေးရဒီပြေးရနဲ့ တော်တော်ပင်ပန်းနေပြီ၊ ကျန်တဲ့ကိစ္စ သူတို့ဘာသာဆက်ဖြေရှင်းလိမ့်မယ်၊ လာလာ. . . ပြန်မယ်နောက်က အလုပ်တွေကလည်း လွှတ်ထားလို့ဖြစ်တာမဟုတ်ဘူး၊ ကဲ. . သမီး . . . အဘိုးပြန်ဦးမယ်၊ နောက်နေ့မှ အဘိုးလာခဲ့မယ်. . ဟုတ်လား"

"ဟုတ်ကဲ့ အဘိုး"

ရှိစီမြင့်အောင်ရဲ့ အကြည့်က နေသာ့ဆီရောက်သွားပြန်တော့ နေသာက သူမကို နှုတ်ဆက်တဲ့အကြည့်မျိုးနဲ့ ကြည့်တယ်။ နောက်တော့ အဘိုးရဲ့နောက်ကနေ ပါသွားတော့တယ်။ မြင်ကွင်းထဲက သူ ပျောက်သွားတော့ သူမရင်ထဲမှာ တစ်ခုခု လစ်ဟာသွားသလို ခံစားလိုက်ရတယ်။

အိုကွယ်. . . ဒီခံစားချက်ကြီးကို မိမိ မကြိုက်ပါဘူး။







နောက်ဆုံး ― ၂

သူမတို့ကားကြီး မြင်ကွင်းထဲကပျောက်သွားတဲ့ အခါမှာတော့ ဝမ်းနည်းမှုက ရင်ထဲ ဟိုးအတွင်းပိုင်းဆီကနေ လှိုက်တက်လာခဲ့တယ်။ ဝေးရုပြီဆိုတဲ့အသိက သူ့ကို အတိုင်းအဆမရှိ ဆို့နင့်ကြေကွဲစေတယ်။ တကယ်ဆို သူတကယ်ချစ်ခဲ့တာပါ။ ချစ်တယ်ဆိုတဲ့ စကားလုံးထက်ကိုပိုတဲ့ မေတ္တာမျိုးနဲ့ချစ်ခဲ့တာပါ။ ဒါပေမယ့် ဒီဇာတ်လမ်းမှာဖြစ်တည်ခဲ့တဲ့အချစ်က သူ့တစ်ယောက်တည်းရဲ့ ရင်ဘတ်အပေါ်မှာသာ အခြေတည်ခဲ့လေတော့လည်း. . .။

ဇာတ်လမ်းရဲ့ အဆုံးသတ်က ဒီလိုနဲ့ ဝေးသွားကြလေသည်ပဲပေါ့. . .။





www.burmeseclassic.com

www.burmeseclassic.com





## ဖောပို့ဒဒခုံး — ၇

အခုတော့လည်း သူမဘဝက ကြက်ချေးပုံပေါ်ကနေ ရွှေပုံပေါ်ကို ပြန်ပြီးရောက်လာခဲ့ပါပြီ။ အသင့်ပြင်ပေးထားတဲ့ ထမင်းဝိုင်းမှာဝင်စားပြီး စားပြီးသားပန်းကန်ကို ဒီအတိုင်းထားခဲ့ရုံ။ အသင့်လျှော်ပြီးသား အဝတ်ကိုဝတ်ပြီး ပြန်လဲချိန်ကျတော့ ခန္ဓာကိုယ်ကချွတ်ကာ နေရာမှာတင် အပုံလိုက်ထားခဲ့ရုံ။ အပြင်သွားမယ်ဆိုရင်လည်း သွားစေ့ကြည့်လို့ရအောင် ကစ်တိုက်ထားတဲ့ တန်ဖိုးကြီးကားကြီးပေါ်ကို တံခါးတောင်လှပ်စရာမလိုဘဲ တက်လိုက်ရုံ။ အပျင်းပြေ Shopping ထွက်ချင်ရင်လည်း ပြည်တွင်းသွားမလား၊ ပြည်ပသွားမလား၊ ပြောနေတာကတောင်ကြာသေးတယ်။ စိတ်ကလှုပ်ခနဲဆိုတာနဲ့ လူကရောက်သွားပြီး လိုချင်ရာကို လက်ညှိုးထိုးလိုက်ရုံသာ။

အရာအားလုံးဟာ သူမအတွက် လိုတိုင်းတ တတိုင်းရနိုင်တဲ့အခြေအနေမျိုး။ လေတောင်မတိုး။







www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

ဒီလိုဘဝမျိုးကို ပြန်လည်ပိုင်ဆိုင်ထားရပါလျက်နဲ့ အရင်လိုမျိုး သူမဘာလို့ မပျော်နိုင်ရတာတဲ့လဲ။ သူမက သူမကိုယ်သူမ အားမလိုအားမရဖြစ်ကာ တစ်တောင်လောက်ရှိတဲ့ ရေမြှုပ်မွေ့ယာကြီး ခင်းထားတဲ့ ခုတင်ပေါ်မှာ လူးလှိမ့်နေမိတယ်။

ဒီလိုလူးလှိမ့်နေရင်းကနေ သူမအကြည့်က အခန်းထောင့်မှာ ချထားတဲ့ အဝတ်အစားအိတ်တွေကို တွေ့လိုက်ရတယ်။ အဲဒီအထုပ်တွေက သူမပြင်ဦးလွင်ကို ထွက်သွားတုန်းက ထုပ်ပိုးယူသွားခဲ့တဲ့ အထုပ်အပိုးတွေ။ သူမက အလုပ်သမားတွေကို ဒီအတိုင်းပဲထားလိုက်ဖို့ မှာထားလို့ ဘယ်သူမှ ဘာမှမလုပ်ကြသေး။ အခုဆို သူမ ရန်ကုန်ပြန်ရောက်လာတာ တစ်ပတ်တောင်ကျော်လာခဲ့ပြီလေ။

သူမက ပျင်းပျင်းရှိတာနဲ့ အဲဒီအထုပ်တွေထဲက အဝတ်အစားအိတ်အသေးလေးတစ်လုံးကို သွားယူလိုက်ကာ အထဲကပစ္စည်းတွေအကုန်လုံးကို ခုတင်ပေါ်မှာသွန်ချလိုက်တယ်။ ဒီအခိုက်မှာပဲအထဲကနေကျလာတဲ့ ပစ္စည်းတွေထဲမှာ အပြာရောင်စာအိတ်လေးတစ်လုံး ပါလာတယ်။

သူမရင်ထဲ ထိတ်ခနဲ။ ဒါ. . . သူမပစ္စည်းမဟုတ်ပါ။

သူမက ရင်ခုန်စိတ်လှုပ်ရှားစွာနဲ့ စာအိတ်လေးကို ကောက်ယူကြည့်လိုက်မိတယ်။ စာအိတ်လေးမှာ ရေးထားတာက " ပန်းတစ်ပွင့်သို့. . . "တဲ့။ ဒါ. . . သူ ထည့်ပေးလိုက်တာများလား။ ဘယ်လိုလုပ်ပြီးတော့များ သူက ဒီစာကို သူမအိတ်ထဲ ထည့်ပေးလိုက်ပါလိမ့်။

သူမက ဇဝေဇဝါနဲ့ စာအိတ်လေးကိုဖောက်ကာ အထဲကစာကို ဖတ်ကြည့်လိုက်တဲ့အခါမှာတော့. . .



## သနစ်းငွေတွပူဆာဗလို

ရှိစီ

ဘယ်လိုတုန့်ပြန်မှုမျိုးကိုမှ မမျှော်လင့်ရဲတော့ပေမယ့် ရင်ထဲမှာ ပြောချင်တာတွေ အများကြီးရှိနေတဲ့အတွက် ဒီစာလေးကိုရေးပြီး ရှိစီ့အဝတ်အစားအိတ်ထဲမှာ တိတ်တဆိတ်ထည့်ပေးလိုက်တာပါ၊ ဒီစာကို ရှိစီတွေ့ချင်မှလည်း တွေ့ပါလိမ့်မယ်၊ တကယ်လို့. . . ကံကြမ္မာကများ ကိုယ့်ကိုတစ်ခါလောက်မျက်နှာသာပေးပြီး ဒီစာကို ရှိစီတွေ့ခဲ့မယ်ဆိုရင်တော့ ကျေးဇူးပြုပြီး ဆုံးအောင်ဖတ်ပေးဖို့ တောင်းပန်ပါရစေ. . .

ပထမဆုံး ကိုယ်ပြောပြချင်တာက ကိုယ်နဲ့အဖြူတို့နှစ်ယောက်ရဲ့ ပတ်သက်မှုအကြောင်းကိုပါ၊ အဲဒါကို မပြောခင် ကိုယ့်အကြောင်းကိုကိုယ် အရင်ဆုံးပြောရဦးမယ်၊ ကိုယ့်အမေက ကိုယ်ငါးတန်းနှစ်လောက်မှာ ဆုံးသွားတော့ ကိုယ့်အဖေက နောက်အိမ်ထောင်ထပ်ပြုတယ်၊ ဒါပေမယ့် ကိုယ့်မိထွေးက ကလေးတစ်ယောက်အမေ မုဆိုးမဖြစ်နေတော့ သူ့မှာကိုယ့်အရွယ်သားတစ်ယောက် ပါလာတယ်လေ၊ သူ့နာမည်က ညိုခန့်တဲ့၊ မိထွေးဆိုတာကတော့ ရှိစီသိတဲ့အတိုင်း ကိုယ့်သားသမီးလောက်တော့ အခြားကလေးကို ဘယ်လိုလုပ်ချစ်နိုင်မှာတဲ့လဲ၊ ဒီတော့ မိုးလင်းကမိုးချုပ်အလုပ်ထဲမှာပဲ နစ်မြုပ်နေတဲ့ အဖေ့ကွယ်ရာမှာ ကိုယ်ကအမြဲတမ်း အနှိမ်ခံဘဝနဲ့ပဲနေခဲ့ရတာပေါ့၊ ဒီလိုနဲ့ အရွယ်ရောက်လာတော့ ကိုယ်နဲ့ညိုခန့်က အဖြူကိုမှ နှစ်ယောက်စလုံး ချစ်မိသွားကြတယ်လေ၊ အဲဒီမှာ ကိုယ်တို့နှစ်ယောက်က အဖြူကို အပြိုင်လိုက်ကြတာပေါ့၊ ညိုခန့်က ရည်မှန်းချက်ကြီးပြီး ချမ်းသာချင်တဲ့လောဘရှိတယ်၊ အဲဒီတော့ သူကကျောင်းပြီးတာနဲ့ အဖေ့ရဲ့ ကုမ္ပဏီမှာ အလုပ်ဝင်လုပ်တယ်၊ သူ့ရဲ့ရည်မှန်းချက်က တစ်နေ့မှာ အဖေ့ရဲ့နေရာကို ဆက်ခံဖို့ပဲ၊ ကိုယ်ကတော့ အဲဒီလိုမဟုတ်ဘူး၊ ချမ်းလည်းမချမ်းသာချင်သလို ကုမ္ပဏီအလုပ်တွေကိုလည်း စိတ်မဝင်စားဘူး



www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာတော့ကောင်းနေမလားမသိဘူး၊ ကိုယ့်ဝါသနာက မွေးမြူရေး လုပ်ရတာပဲ၊ တစ်နေ့မှာမွေးမြူရေးခြံကြီး အကြီးကြီးထောင်ထားပြီး အဲဒီခြံကြီးထဲမှာပဲ ဘဝကို အေးအေးဆေးဆေး ဖြတ်သန်းချင်တာ၊ ဒီလိုလူနှစ်ယောက်ယှဉ်လာတော့ အမြဲတမ်းအထက်မှာပဲ နေချင်တဲ့အဖြူကလည်း ညိုခန့်ကိုပဲ ရွေးချယ်သွားတယ်လေ၊ အဲဒါက တစ်ချက်ပေါ့၊ နောက်တစ်ချက်ကတော့ ကိုယ့်အဖေပဲ ရှိစီ၊ ကိုယ့်အဖေကကိုယ့်အပေါ်မှာ အရမ်းကိုမျှော်လင့်ထားခဲ့တာလေ၊ ဒါပေမယ့် ကိုယ်က မွေးမြူရေးမှ မွေးမြူရေးဖြစ်နေပြီး သူ့အလုပ်တွေကိုလည်း ဘာတစ်ခုမှ စိတ်မဝင်စားတော့ ကိုယ့်အပေါ်မှာ အားမလို အားမရတွေဖြစ်၊ ညိုခန့်ကလည်း အဖေ့ရဲ့ကုမ္ပဏီမှာ အချိန်တိုတိုနဲ့ တော်တော်လေးအားကိုးလာရတော့ အဖေက ကိုယ့်ကို ညိုခန့်လို မဖြစ်ရကောင်းလားဆိုပြီး နေ့တိုင်းကြိမ်းမောင်းဆူပူ၊ ဒီကြားထဲ မိတ္တေးလုပ်တဲ့သူကလည်းသူ့သားမျက်နှာရအောင် ကိုယ်နဲ့အဖေ့ကြားမှာ အမြဲတမ်းမသိမသာနဲ့တို့မီးရှို့မီးလုပ်ဆိုတော့ တစ်နေ့မှာ ကိုယ်နဲ့ ကိုယ့်အဖေ အကြီးအကျယ်စကားများကြတယ်၊ ဒီလိုနဲ့ကိုယ်လည်း အိမ်ပေါ်ကဆင်းလာပြီး အမေ့ဘက်က အဘိုးရဲ့ အဆက်အသွယ်နဲ့ အဘိုးကွတို့ခြံကို ရောက်လာတယ်ဆိုပါတော့ . . .။ အဲဒီနောက်ပိုင်းကိစ္စတွေကတော့ ရှိစီသိပြီးသားပါ. . .။

ဒီလိုနဲ့ တစ်နေ့ကျတော့ မမျှော်လင့်ပဲ အဖြူရောက်လာတယ်လေ၊ အဖြူကပြောတယ်၊ သူ လူရွေးမှားသွားတယ်တဲ့၊ ညိုခန့်က မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက်တွဲလို့ သူနဲ့ပြတ်သွားပြီပြောတယ်၊ ပြီးတော့ သူက ကိုယ့်ကိုမေးတယ်၊ သူ့ကို အရင်လိုချစ်နေသေးလားတဲ့၊ ကိုယ်. . . သူ့ကိုအခုအချိန်မှာ မချစ်တော့ဘူးရှိစီ၊ အရင်တုန်းကတော့ သူ့ကိုချစ်မိခဲ့တာ အမှန်ပါ၊ ဒါပေမယ့် အဲဒီအချစ်က သေသွားခဲ့ပြီလေ၊ အဲဒီလိုဖြစ်အောင်လည်း သူကိုယ်တိုင်ပဲလုပ်ခဲ့တာ မဟုတ်လား. . .။





ရှိစီ့ကိုတော့ နောက်တစ်ဖန်မွေးဖွားလာတဲ့ အချစ်နဲ့ချစ်တာပါ၊ ဒီအချစ်ကတော့ အသက်ပြင်းပါတယ် ရှိစီ၊ ကိုယ့်ကို နာကျင်အောင် ရှိစီ့ဘက်က ဘယ်လောက်လုပ်လုပ် ကိုယ်ကတော့ ရှိစီ့ကို ချစ်နေဦးမှာပဲ၊ ဒါကိုတော့ ယုံကြည်ပေးပါရှိစီ. . .။

ချစ်ခြင်းတရားမှာ အသွားအပြန်ရှိတယ်တဲ့၊ ဒီစကားဟာ မှန်မမှန် ကိုယ်မသိပါဘူး၊ ရှိစီ့ဘက်က အပြန်ချစ်ခြင်းတွေ ကိုယ့်ဆီရောက်မလာခဲ့ရင်တောင် ရှိစီ့ဆီကိုသွားတဲ့ ကိုယ့်ရဲ့ချစ်ခြင်းတွေဟာ အစစ်အမှန်ပါဆိုတာကို ရှိစီယုံကြည်ပေးရင်ပဲ ကိုယ်ကျေနပ်ပါပြီ ရှိစီရယ်. . .

ကိုယ်. . .

စာဆုံးသွားတော့ သူမမျက်လုံးထဲမှာ သူ့ပုံရိပ်တွေက ရုပ်ရှင်ပြကွက်တွေလို တစ်ကွက်ချင်း တစ်ကွက်ချင်း ပေါ်လာသလို၊ သူ့အသံတွေကလည်း သူမနားထဲမှာ ထပ်ကာထပ်ကာ ပဲ့တင်ထပ်ပြီး ရိုက်ခတ်လာတယ်။

အစတော့ သူမက အဲဒီပုံရိပ်တွေ အသံတွေကို အာရုံထဲကနေ မောင်းထုတ်ကြည့်ပါသေးတယ်။ ဒါပေမယ့် မရဘူး။ အချိန်ကြာလာလေလေ အဲဒီပုံရိပ်တွေ အသံတွေက ပိုပိုပြီးအားကောင်းလာလေလေ ဖြစ်လာတယ်။

နောက်တော့ အဲဒါတွေကို တွန်းလှန်နေတဲ့ ခွန်အားတွေ သူမဆီမှာ ကုန်ခမ်းသွားတော့တယ်။ ဒီမှာတင်ပဲ သူမက ထိုင်ရာကနေ ဝုန်းခနဲ ထရပ်ပစ်လိုက်ပြီးတဲ့နောက်. . .။



www.burmeseclassic.com

www.burmeseclassic.com







ဒီမှာစာဖတ်သူမိတ်ဆွေ. . .

ဟိုတစ်လောက ဂျာနယ်အတော်များများမှာ အရမ်းကိုဟော့သွားတဲ့ သတင်းတစ်ပုဒ်ကို သင်ဖတ်လိုက်ရပါသလား။ တကယ်လို့ သင်မဖတ်လိုက်ရဘူးဆိုရင်တော့ အများတကာရဲ့နောက်မှာ သင့်ကို ကျန်မနေစေချင်လို့ ကျွန်ုပ်ကပဲ လက်တို့ပေးပါရစေ။

"မြန်မာနိုင်ငံရဲ့ အချမ်းသာဆုံးစာရင်းဝင် သူဌေးကြီး တစ်ယောက်ရဲ့ သမီးက ပြင်ဦးလွင်မြို့က မွေးမြူရေးခြံတစ်ခြံမှာ အလုပ်လုပ်နေတဲ့ကောင်လေးတစ်ယောက်ဆီကိုသွားပြီး အနမ်းတွေ ပူဆာနေလို့တဲ့ . . ."

ဘဝအမောများပြေပျောက်နိုင်ကြပါစေ. . .
ကြိုးစားလျက်. . .

ရာဇဝင်ကို
2 : 40 (PM)
၁၉-၉-၂၀၀၂
Wednesday



www.burmeseclassic.com

www.burmeseclassic.com





## BONUS POEM

အချစ်က ဘဝရဲ့အစိတ်အပိုင်းဆိုပေမယ့်
နင်နဲ့တွေ့တော့
ဘဝကအချစ်ရဲ့အစိတ်အပိုင်းဖြစ်သွားတဲ့အခါ
အလွမ်းတွေယူလာရင် အဝေးကိုပို့
ငါကအနမ်းတွေ ပူဆာမလို့။

အချစ်ကဗျာတွေကို ငါရေးခဲ့ပေမယ့်
နင့်အကြင်နာနွေးနွေးကြောင့်
အချစ်ကဗျာတွေက ငါ့ကိုရေး ရေးသွားတဲ့အခါ
အလွမ်းတွေယူလာရင် အဝေးကိုပို့
ငါကအနမ်းတွေ ပူဆာမလို့။

အိပ်မက်ထဲမှာ အချစ်အကြောင်းတွေ ထည့်မက်ခဲ့ပေမယ့်
နင့်အကြည့်ကြောင့်
အချစ်ထဲမှာ အိပ်မက်တွေပျော်ဝင်သွားတဲ့အခါ
အလွမ်းတွေယူလာရင် အဝေးကိုပို့
ငါကအနမ်းတွေ ပူဆာမလို့။

နှလုံးသားကို အချစ်လမ်းပေါ်ပစ်ချခဲ့ပေမယ့်
နင့်အပြုံးကြောင့်
အချစ်က နှလုံးသားပေါ် လမ်းတက်လျှောက်တဲ့အခါ
အလွမ်းတွေယူလာရင် အဝေးကိုပို့
ငါကအနမ်းတွေ ပူဆာမလို့။







www.burmeseclassic.com

www.burmeseclassic.com

လူငယ်စာရေးသမား ရာဇဝင်ကို ၏
ရေးသားထုတ်ဝေပြီးစာအုပ်များ

၁။ ဒေင်ဥယျာဥ်ထဲက ပြဇာတ် (ဗီဒီယို)
၂။ ဇန်ဂိုးရဲ့နေကြာခင်းထဲမှာ ပျောက်ဆုံးသွားသော ခန္ဓာကိုယ်တစ်ခြမ်း (ဗီဒီယို)
၃။ ရည်းစားတစ်ခုလပ်များ
၄။ ငါ့အသည်းပေါ်မှာ ခြေစုံရပ်ပြီးရည်းစားလာဂါထာ ရွတ်နေတဲ့ကောင်မလေး (ဗီဒီယို)
၅။ အရှေ့တောင်အာရှရဲ့ အချစ်တတ်ဆုံးယောကျ်ား (ဗီဒီယို)

ယခုလ
၆။ အနမ်းတွေ ပူဆာမလို့ . . .

ဆက်လက်၍
၇။ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သောကြောင့် အချစ်များထွက်နူန်းတိုး၏



www.burmeseclassic.com

www.burmeseclassic.com

လူငယ်စာရေးသမား

# ရာဇဝင်ကို

(မိတ်ဆက်)

တံခွန်တိုင်စာပေ



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သောကြောင့် အချစ်များထွက်နှုန်းတိုး၏

တံခွန်တိုင်စာပေ

၁၈၃

www.burmeseclassic.com

www.burmeseclassic.com

စစ်ပွဲတကာ့ စစ်ပွဲတွေအားလုံးထဲမှာ
အပြင်းထန်ဆုံးစစ်ပွဲက
အချစ်ကြောင့်ဖြစ်တဲ့
စစ်ပွဲပါ



www.burmeseclassic.com

www.burmeseclassic.com

မုဆိုးကိုဒူးနဲ့တာပြေးညီတို့တိုဝတ်ထားကာ အပေါ်ကစွပ်ကျယ်အင်္ကျီအစုတ်တစ်ထည်ကိုဝတ်ထားပြီး ခါးမှာကလည်းလေးခွတစ်လက်တို့ ထိုးထားသေးတဲ့ ကိုကြွက်ဖြူက သူ့ဆီကိုလှမ်းလာနေတဲ့ ကိုကြွက်ညိုကို စိတ်မရှည်တဲ့ အမူအရာနဲ့ ခါးထောက်ကာကြည့်နေတယ်။

ကိုကြွက်ညိုကတော့ အပေါက်တွေအပြဲတွေ အများကြီးပါတဲ့ အရောင်ဖျော့ဂျင်းဘောင်းဘီကို အပေါ်က ဘော်ဒီဖစ်ရှပ်အင်္ကျီ တစ်ထည်နဲ့ တွဲဝတ်လာတာ။ ပြီးတော့ လှမ်းလာနေပုံက ဘောင်းဘီအိတ်ကပ် နှစ်ဖက်ထဲကို လက်နှစ်ဖက်ထိုးသွင်းကာ စတိုင်ပါပါနဲ့ လျှောက်လာနေတာ။ နေကာမျက်မှန်ကလည်း တပ်ထားသေးတယ်။

ကြာတော့ ကိုကြွက်ဖြူ စိတ်မရှည်တော့ဘူး။ ကိုကြွက်ညို သူ့အနားရောက်လာတဲ့အထိ စောင့်မနေတော့ဘဲ သူကပဲ ကိုကြွက်ညိုဆီကို ခြေလှမ်းကျဲကြီးတွေနဲ့ လွှားခနဲလွှားခနဲ သွားလိုက်ကာ. . .

"မင်းနဲ့ငါ ချိန်းထားတာက မနက်ခုနစ်နာရီလေကွာ၊ အခု ရှစ်နာရီတောင် ထိုးတော့မယ်၊ ငါတော်တော် ဒေါသထွက်နေပြီနော်၊ ငါကအချိန်ကိုလေးစားမှုကြိုက်တာကွ"

လို့ဆိုတော့ ကိုကြွက်ညိုက နှုတ်ခမ်းထောင့်စွန်းတစ်ဖက်တည်းကို ကော့တက်သွားအောင် ပြုံးလိုက်ရင်း. . .

"ရယ်ချင်လွန်းလို့ ကိုယ့်ကိုကိုယ် ကလိထိုးပြီးတော့တောင် ရယ်လိုက်ချင်သေးတယ်၊ ငါကပဲ မင်းကြိုက်အောင် အချိန်ကို လေးစားမှုရဦးမှာလား၊ ပြောစမ်းပါဦး၊ ဘယ်သူမှကြိုက်စရာမလိုဘူး၊ ဘယ်သူမကြိုက်ကြိုက် ဂရုလည်းမစိုက်ဘူး၊ ချယ်ရီဘိုလေး ကြိုက်ရင်တော်ပြီ"

ကိုကြွက်ညို့စကားကြောင့် ကိုကြွက်ဖြူ့မျက်နှာက တင်းမာသွားကာ. . .

"အေး. . . ငါမင်းကို ချိန်းလိုက်တာလည်း အဲဒီချယ်ရီလေးရဲ့ကိစ္စကို ပြောမလို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com

ကိုကြွက်ဖြူက စကားကိုဖြတ်ထားလိုက်ပြီးနောက် ကိုကြွက်ညို ရဲ့မျက်နှာနဲ့ သူ့မျက်နှာကို မနမ်းမိရုံတမယ် နီးကပ်သွားတဲ့အထိတိုးကပ် သွားလိုက်ရင်း . . .

"မင်း . . . ချယ်ရီဘိုလေးနဲ့ ဝေးဝေးနေရင်ကောင်းမယ်"

ကိုကြွက်ဖြူရဲ့ သွားကြားထဲက ထွက်တဲ့လေသံမျိုးနဲ့ ပြော စကားအဆုံး ကိုကြွက်ညိုက ဗိုက်နှိပ်ပြီး အူလှိုက်သည်းလှိုက်ရယ်တယ်။

"ခွစ် . . . ခွစ် . . . ခွစ်(လုပ်ရယ်ခြင်း) အဟက် ဟက် ဟက် . . . တော်တော်ရယ်ရတဲ့ကောင်ကွာ၊ မင်းက ငါ့ကို ချယ်ရီဘိုလေးနဲ့ ဝေးဝေးနေလို့ ပြောရအောင် မင်းက သူ့အဖေမို့လို့လား"

"သူ့အဖေတော့ မဟုတ်ဘူး၊ သူ့ရဲ့ယောကျ်ားလောင်းကွ၊ သူ့ ယောကျ်ားလောင်း"

"ဖြော် ဖြော် . . . မင်းက ယောကျ်ားအလောင်းလား၊ တော် တော် ပုပ်စော်နံမှာပဲကွာ"

"ဟေ့ကောင် . . . ယောကျ်ားအလောင်း မဟုတ်ဘူးကွ၊ ယောကျ်ားလောင်း၊ ခင်ပွန်းလောင်းကိုပြောတာ၊ ချယ်ရီဘိုလေးက တို့ရွာမှာ တန်ဖိုးအရှိဆုံးနဲ့ အချောဆုံးမိန်းကလေးကွ၊ ဒီတော့ ဒီလို မိန်းကလေးနဲ့ တန်တာက ဒီတစ်ရွာလုံးမှာ ငါတစ်ယောက်ပဲရှိတယ်၊ ဒီ တော့ မင်းအေးအေးဆေးဆေး ဘေးထွက်ထိုင်နေလိုက်၊ ငါ စကားတွေ ရှည်ရှည်ဝေးဝေးသိပ်မပြောချင်ဘူး"

ကိုကြွက်ဖြူစကားအဆုံး ကိုကြွက်ညိုက စောစောကလို ရယ်ပုံမျိုးနဲ့ ရယ်ပြန်တယ်။

"ငါတော့ ဒီနေ့ မင်းစကားတွေကြားရတာနဲ့ အူတက်ပြီးတော့ ချယ်ရီဘိုလေးကိုတောင် ပိုချစ်သွားသလိုပဲ"

"ဟေ့ကောင် . . . ဘာမှမဆိုင်ဘူး"

"ဆိုင်ဆိုင် မဆိုင်ဆိုင်ကွာ၊ ငါ့စိတ်နဲ့ငါဖြစ်တာ မင်းအပူပါသို့



www.burmeseclassic.com

www.burmeseclassic.com

လား ရာရာစစကွာ. . . မင်းလို ရွှံ့တောထဲမှာ ဖင်ထဲကျွတ်ဝင်တဲ့အထိ နွားနဲ့ဖက်ရှုန်းနေရတဲ့ကောင်က တို့ရွာက နှစ်ယောက်မရှိနိုင်တဲ့ ချယ်ရီဘိုလေးကိုမှန်းရဲတာ အံ့ဩပါ၊ ချယ်ရီဘိုလေးက ငါလိုနိုင်ငံခြားပြန်ကြီးနဲ့မှ လိုက်ဖက်တင့်တယ်တော့မှာပေါ့ကွ၊ စဉ်းစဉ်းစားစားလည်း ပြောပါဦး"

"ဘာနိုင်ငံခြားပြန်လဲ. ဘာနိုင်ငံခြားပြန်လဲ၊ ဒီလောက်အလုပ်ပေါနေတဲ့ ကိုယ့်မြန်မာနိုင်ငံမှာတောင် မင်းလိုလက်ကြောမတင်းတဲ့ကောင်ကို ဘယ်သူကမှ အလုပ်မပေးလို့ သူများနိုင်ငံသွားပြီး အိမ်သာဆေးခဲ့ရတာကိုများ နိုင်ငံခြားပြန် နိုင်ငံခြားပြန်လို့ ခဏခဏ မပြောစမ်းပါနဲ့ကွာ၊ ငါရယ်ချင်လွန်းလို့ပါ. . . ဟင်း ဟင်း ဟင်း"

"ဟေ့ကောင် ကြွက်စုတ်. . . မင်းမစော်ကားနဲ့. . ."

"မင်းသာ ကြွက်ပဲ၊ ငါက မှန်တာပြောတာကွ"

တစ်ယောက်နဲ့တစ်ယောက်က စကားနိုင်လုကြရင်း တဖြည်းဖြည်းရှေ့တိုးလာကြတာဆိုတော့ နောက်ဆုံးမှာ နှစ်ယောက်သားက နဖူးချင်းထိတဲ့အထိ ပူးကပ်သွားကြတယ်။

"ကြွက်ဖြူ. . . ငါဒေါသမထွက်ချင်ဘူးနော်၊ ကောင်းကောင်းမွန်မွန်နဲ့ ပြောနေတုန်းမှာ နောက်ဆုတ်နေလိုက်ရင်ကောင်းမယ်၊ ငါ့ဒေါသကို မင်းသိတယ်နော်"

"အောင်မာ . . လာလာချည်သေး ငျှိလက်သီး ဘယ်လောက်ပြင်းတယ်ဆိုတာလည်း မင်းသိပါတယ်"

"မင်းက ဘယ်လောက်မိုက်လို့လဲ"

"မိုက်သလားမမေးနဲ့၊ သူကြီးအဖေတော်ကိုတောင် မကြောက်လို့ သူကြီးကိုနေ့တိုင်း အရက်ဝယ်တိုက်နေတဲ့ကောင်ကွ၊ ရှင်းလား"

ကြွက်ဖြူစကားအဆုံး ကြွက်ညိုက ကိုင်းကျိုးနေလို့ ကြေးနန်းကြိုးနဲ့လိမ်ပြီး ပြန်ဆက်ထားရတဲ့ နေကာမျက်မှန်ကို နဖူးပေါ် မ

www.burmeseclassic.com

တစ်လိုက်ရင်း. . .

"ဒါဆို မင်းငါနဲ့ ယှဉ်ရဲလား"

"ဟား. . .မင်းလိုကောင်ကို ဆယ်ယောက်ပေးအယ် ဆယ်ယောက်"

"သေချာတယ်နော်"

"ဟား. . . အိမ်ကွင်းအဝေးကွင်း မရွေးဘူး၊ ကြိုက်တဲ့နေရာမှာ ကြိုက်သလိုယှဉ်လို့ရတယ်၊ သဘောပေါက်"

"ဒါဆို. . ."

ကိုကြွက်ညိုက စကားကိုတန်းမပြောဘဲ ဖြတ်ထားလိုက်ပြီးတော့ ဘောင်းဘီအရှည်ကို ဒူးလောက်အထိလိပ်တင်လိုက်တော့ ကိုကြွက်ဖြူကလည်း ပုဆိုးကို တိုသထက်တိုအောင် ပြင်ဝတ်လိုက်တယ်။ ပြီးမှ ကိုကြွက်ညိုဆီက ဆက်ထွက်လာ တဲ့စကားက. . .

"မင်းနဲ့ငါ. . . ရွာကို ဘယ်သူအရင်ရောက်မလဲ၊ အပြေးပြိုင်ရအောင်"

တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com

# လူငယ်စာရေးသမားများသို့

ရည်မှန်းချက်ကြီးမားစွာထားရှိပြီး စာပေရေးသားခြင်းဖြင့်
အသက်မွေးမှုပြုလိုသော သွက်သွက်လက်လက်၊
ထက်ထက်မြက်မြက် အရည်အသွေးပြည့်မီသော ကိုယ်တိုင်ရေး
လူငယ်လက်သစ်စာရေးသမားများကို ရှာဖွေဖော်ထုတ်၍
နာမည်ရစာရေးဆရာများအဖြစ်သို့ ကြိုးပမ်းပို့ဆောင်ပေးသွားမည်
ဖြစ်ပါသောကြောင့် စာပေသိက္ခာရှိရှိဖြင့် စာပေရေးသားခြင်းကို
ချစ်မြတ်နိုး တန်ဖိုးထားသော ခေတ်ပညာတတ်
လူငယ်လက်စွမ်းထက်
စာရေးသမားများကို ဖိတ်ခေါ်ကြိုဆိုပါသည်။

တံခွန်တိုင်စာပေတိုက်



www.burmeseclassic.com

www.burmeseclassic.com

စာဖတ်ပရိတ်သတ်ကြီးသို့

လူငယ်စာရေးဆရာ **'လင်းညို့သွေး'**
ရေးသားသောလုံးချင်းဝတ္ထုသစ်များကို
**တံခွန်တိုင်စာပေတိုက်** မှ
မကြာမီ စီစဉ်ထုတ်ဝေသွားမည်ဖြစ်ကြောင်း
အသိပေးအကြောင်းကြားအပ်ပါသည်။

**တံခွန်တိုင်စာပေတိုက်**



www.burmeseclassic.com